ပြည်သူ့တရားရှင် ပေါင်ချောင်းချိန်း ၏ ဂန္တဝင်ဝတ္ထု

# ဂနှိုးကြွယ်

ပေါင်ချောင်းချိန်း

အိမ်ရှေ့စံနှင့်ကြောင်ပေါက်စလေး



ပ.ဒုဇာတ်သိမ်း

တော်ဝင် စာပေ

# ဘုန်းကြွယ်

## အိမ်ရှေ့စံနှင့် ကြောင်ပေါက်လေး

ပြည်သူ့တရားရှင် ပေါင်ချင်းထန်း

( ပထမပိုင်း )

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေဝတီ
တောင် ၃ ခြံ
မှတ်၊ ၂၀၄၄၄

# နိဒါန်း

ဆရာသူကြီး ပေါင်ချင်းထန်း....

ဆရာသူကြီး ပေါင်ချင်းထန်းသည် ဇုံမင်းဆက် ခေတ်တွင် အထူးချွန်ဆုံးတရားအမျှတဆုံးနှင့် အမှန် တရားကို မည်သူ့မျက်နှာကိုမှမထောက်ပဲ ပြတ်ပြတ် သားသား စီရင်ချက်ချသည့် ရှိသော ဥဇဒေသက်တော် သားတစ်ယောက်ဖြစ်သည်။

သူ၏အမည်ရင်းမှာ ပေါင်တွန်ဇိန် ဖြစ်၏။

ဆရာသူကြီးရာထူး ထမ်းဆောင်လာသောအခါ သူ့အား ပေါင်ကုန်းဟု တင်စားခေါ်ဝေါ်ခဲ့ကြလေ သည်။

သူသည် မြေနိမ့်ရာ လှံစိုက်ခံရပြီး အားကိုးရာမဲ့သော လုပ်သားပြည်သူများ ဘက်မှ မားမားမတ်မတ် ရပ်တည်ခဲ့သောကြောင့် ပြည်သူများ၏ အားကိုးရာ လေးစားရာ ပြည်သူ့တရားသူကြီးဖြစ်၍ ပြည်သူများက သူ့အား ပေါင်ချင်းထန်းဟု ရိုသေစွာ တင်စား ခေါ်ဝေါ်ခဲ့ကြလေသည်။

'ချင်းထန်း'

ချင်းထန်းဟူသော အဓိပ္ပာယ်မှာ ပြာလဲ့လဲ့ကောင်းကင်ဖြစ်လေသည်။

ပြည်သူများအပေါ် မတရားဖိနှိပ် ဖုံးလွှမ်းထားသော တိမ်တိုက်တိမ်မည်းကြီးများအား တရားသူကြီး ပေါင်ချင်းထန်းက ဖယ်ရှားပေးနိုင် ခဲ့သောကြောင့် ပြည်သူများအဖို့ မူလပကတိအတိုင်း ပြာလဲ့လဲ့ ကောင်းကင်အား တွေ့မြင်ခွင့်ရခဲ့ပါပြီဟူသော အဓိပ္ပာယ်မျိုးဖြင့် တင်စား၍ ခေါ်ဝေါ်ခဲ့ခြင်းပင် ဖြစ်လေတော့သည်။

ပေါင်ချင်းထန်းငယ်စဉ်က ခမြရှင်ကြေးရှင် အရာရှိဆိုးများက မရှိဆင်းရဲသား နွမ်းပါးသောလူများအား ဥပဒေကိုလက်တစ်လုံးခြား လှည့်ကွက်ပြုကာ မတရားနှိပ်စက်ညှင်းပန်းနေခြင်းကို တွေ့မြင်ခဲ့ရဖူးလေသည်။



ထို့ကြောင့် သူက မိမိကြီးပြင်းလာသောတစ်နေ့တွင် မရှိဆင်းရဲနွမ်းပါးသော ပြည်သူများ အတွက် အမှန်တရားဘက်မှ မားမားမတ်မတ် ရပ်တည်ပေးနိုင်ရန် ဥပဒေအထူး လေးစား ကြိုးစား အားထုတ်၍ သမာဓိ အပြည့်ရှိသော တရားသူကြီး တစ်ယောက်ဖြစ်လိုသောဆန္ဒ ပြင်းထန်ခဲ့ လေသည်။

သူ၏ဆန္ဒအတိုင်း ကြီးပြင်းလာသောအခါ တရားသူကြီး ရာထူးကို ရရှိခဲ့လေသည်။

သူသည် မိခင်ဝမ်းမှ မွေးဖွားသန္ဓေစင်ချိန်ကပင် ထူးခြားသော ဝိသေသပါရှိခဲ့သူ တစ်ယောက် ဖြစ်သည်။

ထိုဝိသေသထူးမှာ သူ၏မျက်နှာ ညာဖက်ခြမ်းသည် ပကတိအသားရောင်ဖြစ်ပြီး ဘယ်ဖက်ခြမ်းမှာမူ မည်းနက်နေခဲ့လေသည်။

ဤဝိသေသထူးကြောင့်ပင် သူသည် နေ့အခါတွင် လူ့ပြည်၌ တရားစီရင်မှုများ ပြုလုပ်ပေးနိုင် သကဲ့သို့ ညအခါတွင်မူ ယမမင်းပြည်တွင်းရှိ မတရားမှုများကြောင့် အသက်ဆုံးရှုံးသွားရသော သရဲတစ္ဆေများ၏ အမှုများကိုပင် အမှန်တရားဖြစ်အောင် စီရင်ပေးနိုင်စွမ်းရှိသော တရားသူကြီးတစ်ယောက်ဟု ပြည်သူအများက ယုံကြည်ကြသည်။

# နိဒါန်း

ရင်းပြင် သူ၏ အထူးခြားဆုံး အချက်တစ်ခုမှာ သူသည် တခြားတရားသူကြီးများကဲ့သို့ မြို့ကြီးပြကြီးများတွင် နေထိုင်ကာ ရုံးတော်သို့ ရောက်လာသော အမှုများကိုသာ လက်ခံစစ်ဆေးခြင်းမျိုး မဟုတ်ပဲ မိမိကိုယ်တိုင်ကျပင် ကျေးလက် တောရွာ ဇနပုဒ် ကလေးများအထိဆင်းကာ မတရားမှုများကို အလူးအလိမ့် ခံစားနေကြရသော ပြည်သူ ပြည်သားများ အတွက် အမှန်တရားကိုဖော်ထုတ်ပြီး လူသားတိုင်းအာ တရားဥပဒေအပေါ် အနှံ့ဘာသာ ယုံကြည်အားကိုး သောစိတ်များ ပေါ်ပေါက်လာစေရန် ဆောင်ရွက် ပေးနိုင်ခဲ့လေသည်။

ဤသို့ဖြင့်...တစ်နေ့တွင်သူသည် သူ၏ထုံးစံအတိုင်း ကျေးလက် တောရွာလေးတစ်ခုသို့ ကွင်းဆင်းကာ တရားစစ်ဆေးရာ၌ နှစ်ပေါင်း တစ်ဆယ့်ရှစ်နှစ်တိုင် အောင် တိမ်မြုပ်နေခဲ့သည့် နန်းတွင်းမဟာလုပ်ကြံမှု ကြီး တစ်ခုကို ခက်ခဲ နက်နဲစွာဖြင့် ဖော်ထုတ်နိုင်ခဲ့ လေသည်။

ထိုအခါ သူ၏ဥပဒေကို သစ္စာစောင့်သိခြင်း၊ အမှန် တရားကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်နိုင်ခြင်းတို့အား ဘုရင် ကောရာဇ် ကိုယ်တော်တိုင်ပင် ယုံကြည်အားကိုးလာ ရလေသည်။



သို့သော်...မင်းမျိုးမင်းနွယ်များ၊ ငွေရှင်ကြေးရှင် များနှင့် ရာထူးရာခံကြီးမား၍ ဩဇာညောင်းသော လူများတို့က ပေါင်ချင်းထန်း၏ တရားစီရင်မှုကို နှောင့်ယှက်လာတော့ခြင်းကို တွေ့မြင်ရသဖြင့် တရား သူကြီး ပေါင်ချင်းထန်းကို ရဲရဲဝံ့ဝံ့ အခက်အခဲမရှိပဲ အမှန်တရားကို ပြတ်သားစွာ စီရင်နိုင်ရန် အတွက် ကောရာဇ်ဘုရင်၏ လက်သုံးတော်ဓားကို အပ်နှင်းချီး မြှင့်လိုက်လေသည်။

ကောရာဇ်ဘုရင်သည် ယင်းလက်သုံးတော် ဓားကို တရားသူကြီး အား ယခုကဲ့သို့ ချီးမြှင့်စဉ် နန်းတွင်း ဝန်မင်း မှူးမတ်စုံသင်စွာတို့၏ ရှေ့မှာပင် ဤသို့ မိန့်တော်မူလေသည်။

“ကျုပ် ကိုယ်တော်မြတ်၏ လက်သုံးတော် ဓားကို တရားသူကြီးမင်းအား ယခုကဲ့သို့ ချီးမြှင့်လိုက်ခြင်းမှာ တရားသူကြီး မင်းက တရားစီရင်ရာ၌ မည်သည့်မင်းမျိုးမင်းနွယ် နှင့် ရာထူးရာခံရှိသူများက ဝင်ရောက်စွက် ဖက်ခြင်း မပြုနိုင်ရန်ဖြစ်သည်။ ကျုပ်ကိုယ် တော်မြတ်၏ လက်သုံးတော်ဓားကို ဦးထိပ် ထား၍ အမှုကိုတရားစီရင်ရာ၌ ကျုပ်ကိုယ် တော်မြတ် ကိုယ်တိုင် စီရင်ချက်ချသည်မှာ ဟု မှတ်ယူကြရမည် ဖြစ်သည်”

## နိဒါန်း

ပေါင်ချင်းထန်းသည် ဘုရင့်လက်သုံးတော်ခေးကို လက်ခံရယူခဲ့သောကြောင့် သူ၏ တရားစီရင်ရေးတာဝန်သည် အများပြည်သူတို့အတွက် ပို၍ တွင်တွင်ကျယ်ကျယ် ပါဝင် ထမ်းဆောင်နိုင်ခဲ့လေတော့သည်။

❋ ❋ ❋

လှိုင်စာပေ
ရွှေ ၁၅/၁၃၈၊ ဦ
တောင် ၄
ရုံ၊ ၂၀၄၄၄

## ဦးထုပ်ခိုးတဲ့ လေသူခိုး

နွေဦးရာသီသည် မြောက်ပိုင်းဒေသ၌ နှင်းခဲများ စတင် အရည်ပျော်သည့် ကာလဖြစ်ပေသည်။

ဆောင်းရာသီတွင် လမ်းမပေါ်၌ ဖုံးလွှမ်းနေသော နှင်းဖွဲ့များသည် ယခုအခါတွင် အရည်ပျော်၍ လမ်းမတစ်ခုလုံး ရေဖြင့်သန့်စင်လိုက်သည့်အလား သန့်ရှင်းလျက် ရှိလေသည်။

နံနက်ခင်းအချိန် ဖြစ်သည်။

ဖြောင့်မတ်သော လမ်းမကြီးပေါ်၌ ခရီးသွားခရီးလာ လူများမှာ ကျိုးတိုးကျဲတဲမျှသာ ရှိသေးသည်။

ထိုအချိန်...

ဝေါစင်တစ်စင်းသည် လမ်းမပေါ်မှ အရှေ့ဘက်တည့် တည့်သို့ ရွေ့လျားသွားနေလေသည်။

ဝေါစင်ထမ်းလာသူနှစ်ယောက်မှာ ခန္ဓာကိုယ်ထွားကျိုင်း ပြီး အလွန်သန်စွမ်းသူများ ဖြစ်ပေသည်။

သူတို့သည် ဝေါစင်ကို ထမ်းနေရသော်လည်း ခြေလှမ်း သွက်လက်လှသည့် ဝေါစင်မှာ ယိမ်းယိုင်ခြင်းမရှိပဲ တည်ငြိမ် စွာ ရှိနေလေသည်။

ဝေါစင်၏ ရှေ့ဆုံးတွင် ဆောင်ဓားကိုင်စီ ပါရှိသော မင်းမှုထမ်းနှစ်ယောက်က လမ်းပြခေါင်ဆောင်သွားလေသည်။

ဝေါစ[illegible]င် တိုင်းပြည်နှင့်အဝှမ်း မသိသူ မရှိလောက် အောင်ပင် လျှမ်းလျှမ်းတောက်ကျော်ကြားသော တရားသူ ကြီး ပေါင်ချင်းထန်းက ပါရှိလာလေသည်။

ရှေ့ဆုံးမှ လမ်းပြခေါင်ဆောင်သွားသော မင်းမှုထမ်းနှစ် ယောက်မှာ ကျန်ကျောင်းနှင့် ချိုဟူတို့ဖြစ်သည်။

သူတို့သည် တရားသူကြီးပေါင်ချင်းထန်း၏ အားအကိုး ရဆုံးသော လူရွယ်များ ဖြစ်ကြသည်။



သူတို့နှစ်ယောက်သည် လျင်မြန်သွက်လက်စွာဖြင့် ရှေ့မှလူ များကို ရှေ့မှဖယ်ရှားပြီး ဆက်လက် လျှောက်လှမ်း သွား နေကြလေတော့သည်။

* * *

နေလုံးကြီးသည် အရှေ့ဘက် မိုးကုတ်စက်ဝိုင်းမှ ဖြည်း ဖြည်း စတင်ရွေ့လျားနေလေသည်။

နေလုံးကြီးက တန်းတာဖျားသို့ ရောက်ရှိလာသောအချိန် တွင် တရားသူကြီး ပေါင်ချင်းထန်းတို့သည် လမ်းဆုံလမ်းခွ တစ်ခုသို့ ရောက်ရှိလာလေသည်။

ရှေ့ဆုံးမှ လမ်းပြနေကြသော ကျန်ကျောင်းနှင့် ချိုဟူတို့ က ခြေလှမ်း ရပ်တန့်လိုက်သည်။

ထို့နောက်....

ဝေါစင် ရှေ့သို့ ပြန်လည်လျှောက်လာလေသည်။

ခါကဝါးယင်းကာထားသော ဝေါစင်အားဦးညွှတ်လိုက် လေသည်။

'တရားသူကြီးခင်ဗျား၊ ရွှေမှာ လမ်းဆုံလမ်းခွတစ်ခုကို ရောက်နေပါပြီ၊ ဘယ်ဘက်ကို ဆက်သွားရမယ်ဆိုတာကို အမိန့်ရှိပါခင်ဗျာ'

ဝေါစင်ထဲမှ ပေါင်ချမ်းထန်း၏အသံ ထွက်ပေါ်လာလေသည်။

'ရှေ့တည့်တည့်ကိုသွားရင် ဘယ်ကိုရောက်မလဲ'

သူ၏အသံမှာ ပကတိတည်ငြိမ်၍ ဩဇာညောင်းလှပေသည်။

'လမ်းမကြီးအတိုင်းသွားမယ်ဆိုရင် မြို့ကြီးပြကြီးကိုရောက်ပါလိမ့်မယ် တရားသူကြီးမင်း'

ပေါင်ချင်းထန်း အသံက....

'ဒါဖြင့် ဘယ်ဘက်နဲ့ ညာဘက်လမ်းက ဘယ်ကိုရောက်မလဲ'

ချိဟူက ကြားဖြတ်ရှင်းပြလိုက်လေသည်။

'ညာဘက်ကို ချိုးကွေ့လိုက်မယ်ဆိုရင် တောင်တန်းတစ်ခုကိုရောက်သွားပါလိမ့်မယ်၊ ဘယ်ဘက်မှာတော့ မြို့ကလေးတွေ ရွာကလေးတွေ ထူထပ်စွာရှိနေပါတယ်၊ အဲဒီရွာများကို ကျော်သွားရင်တော့ ထင်းကျန်းမြို့ကလေးကိုရောက်ပါလိမ့်မယ် တရားသူကြီးမင်း ခင်ဗျာ'



ပေါင်ချင်းထန်းက....

'ဒါဆိုရင် ဘယ်ဘက်ကိုပဲသွား၊ အမှုအခင်းဆိုတာဟာ လူအချင်းချင်း ဖြစ်လေ့ဖြစ်ထရှိတာမို့ လူနေထူထပ်တဲ့နေရာကိုသွားမှသာ အမှုအခင်းများကို တရားသဖြင့် ဖြေရှင်းပေးလို့ရမယ် မဟုတ်လား'

ချိဟူက ဦးညွှတ်လိုက်လေသည်။

'တရားသူကြီး၏အမိန့်အတိုင်းပါပဲ ဘုရား'

ထို့နောက် သူတို့နှစ်ဦးသည် ဘယ်ဘက်လမ်းသို့ချိုးကွေ့ကာ ဆက်လက်ထွက်ခွာခဲ့ကြ၏။

ဝေါစင်ထမ်းထားသော လူနှစ်ယောက်ကလည်း သူတို့၏နောက်မှ ထပ်ကြပ်မကွာလိုက်ပါသွားကြလေတော့သည်။

* * *

ဘယ်ဘက်သို့ချိုးကွေ့လိုက်သောလမ်းသည် လမ်းမကြီးမဟုတ်တော့ပါ။ မြင်းလှည်းတစ်စီးသာ မောင်းနှင်နိုင်သော အကျယ်အဝန်းရှိသည့် လမ်းကလေးတစ်လမ်း ဖြစ်ပေသည်။

လမ်း၏ တစ်ဖက်တစ်ချက်တွင် အိမ်ခြေမရှိဘဲ လယ်ယာများသာ ရှိနေသည်။

လမ်းကလေးမှာလည်း ဖြောင့်ဖြူးခြင်း မရှိဘဲအကွေ့အကောက် အနိမ့်အမြင့် အနေအထားမျိုး ဖြစ်နေ၏။

ပေါင်ချင်းထန်းတို့သည် အတန်ကြာ ခရီးဆက်ခဲ့ကြသောအခါ တောင်ကုန်းကလေးတစ်ခုဆီသို့ ရောက်ရှိခဲ့ကြလေသည်။

ထိုတောင်ကုန်းကလေးနှင့် ခင်လှမ်းလှမ်းတွင်ရွာကလေးများ အစီအရီရှိနေခြင်းကို တွေ့မြင်လိုက်ကြ၏။

ယင်းအချိန်....

ပေါင်ချင်းထန်းက ခေါင်းစင်တွင် ကာရံထားသော ဝါးယင်းကိုဖယ်ရှားလိုက်လေသည်။

သူ၏ မျက်နှာသွင်ပြင်သည် အဖြူတစ်ခြမ်း အမည်းတစ်ခြမ်း ဖြစ်နေသော်လည်း စိုးစိမ်မှုရှုပ်ထွေးသွားခြင်းမရှိဘဲပကတိကြည်လင်သန့်ပြန့်နေလေသည်။

စူးရှသော မျက်လုံးအစုံနှင့် တင်းတင်း စေ့ထားသော မျက်လုံးအစုံတို့က မည်သည့်ကိစ္စမျိုးကိုမဆို တိကျပြတ်သားစွာ ဆောင်ရွက်သော ရှိကြောင်း ဖော်ပြနေ၏။

သူ၏အသက်မှာ ငါးဆယ်ဝန်းကျင်ခန့် ရှိနေလေပြီ၊



သူ၏စူးရှသောမျက်လုံးအစုံဖြင့် အကြည့်ခံရသူသည်မည်သူမဆို သူ့အား လိမ်ညာ ပြောဆိုဝံ့ခြင်း ရှိမည် မဟုတ်ပါချေ။

သူက စူးရှသော မျက်လုံးအစုံဖြင့် ဝန်းကျင်ကိုတစ်ချက်ဝေ့ကြည့်လိုက်လေသည်။

သူတို့ရောက်ရှိနေသော လမ်းကလေးသည် လူသွားလူလာ အလွန်ပင်နည်းပါးလှပေသည်။

ပေါင်ချင်းထန်းဟာ ခေါင်းစင်ထဲမှခေါင်းပြူ၍ ကြည့်နေစဉ် ရုတ်တရက် လေပွေတစ်ချက်ဝှေ့ယမ်းတိုက်ခိုက် လာလေသည်။

လေပွေဝှေ့ယမ်းမှုကြောင့် သူ၏ဦးခေါင်းပေါ်တွင်ဆောင်းထားသော တရားသူကြီး အဆောင်အယောင်ဦးထုပ်သည် လေထဲ၌လွင့်၍ ပါသွားလေသည်။

'ဟော့....ကျန်ကျောင်းနှင့်ချိုဟူ ငါ့ဦးထုပ်ကို လေတိုက်သွားတာ မမြင်ကြဘူးလား'

ကျန်ကျောင်းနှင့်ချိုဟူတို့က လေထဲ၌ လွင့်ပါနေသော ဦးထုပ်ကို တစ်ချက်ဝေ့ကြည့်ကာ ပြိုင်တူ ဦးညွှတ်လိုက်ကြ၏။

'တွေ့ပါတယ်....တရားသူကြီးမင်း'

ပေါင်ချင်းဘန်းက သူတို့အား အော်ဟောက်လိုက်သည်။

'နင်တို့ကဲ ဦးထုပ်လွင့်သွားတာ ခွေးရဲ့သားနဲ့ ဘာကြောင့် နေတာလဲ၊ ငါ့ဦးထုပ်ကို လုယူသွားတဲ့လေပွေကို လိုက်ဖမ်းကြစမ်း'

ကျန်ကျောင်းနှင့်ချီဟူတို့က ရုတ်တရက်ကြောင်အမ်းအမ်း နားမလည်နိုင်စွာဖြင့် မျက်လုံးပြူး၍ကြည့်နေ၏။

ပေါင်ချင်းထန်းက ထပ်မံ၍ အော်ဟောက် လိုက်လေသည်။

'ဟေ...ဘာကြည့်နေတာလဲ၊ ငါ ပြောနေတာ မကြားကြဘူးလား'

ကျန်ကျောင်းနှင့် ဟူတို့က ပြိုင်တူ ခေါင်းညိတ်လိုက်သည်။

'ကြားပါတယ် တရားသူကြီးမင်း'

ပေါင်ချင်းထန်းက သူတို့နှစ်ယောက်အား စူးရှစွာ တစ်လှည့်စီ ကြည့်လိုက်သည်။

'မင်းတို့က ကြားရဲ့သားနဲ့ ဘာဖြစ်လို့ သည်အတိုင်း ရပ်နေကြရတာလဲ၊ သွား...သွား မြန်မြန်ပြေးပြီး ဖမ်းခဲ့ကြစမ်း'



ကျန်ကျောင်းက အံ့ဩလွန်း၍ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရလေသည်။

ချီဟူက ပေါင်ချင်းဘန်းအား မော့ကြည့်ကာ....

'တရားသူကြီးမင်း....ကျွန်ုပ်တို့က လေပွေကို ဖမ်းရမယ်၊ ဟုတ်လား'

ပေါင်ချင်းဘန်းက ဒေါသကြီးစွာဖြင့်...

'ဟုတ်တယ်....ငါ့ဦးထုပ်ကို လုယူသွားတဲ့လေပွေကို ဖမ်းကြပါ'

ဟု အော်ဟောက်လိုက်၏။

ဝေါစင်က ထိုနေရာ၌ ရပ်တန့်လိုက်ရလေသည်။

ကျန်ကျောင်းနှင့် ချီဟူတို့က တစ်ယောက်မျက်နှာတစ် ယောက်ကြည့်ကာ စောဒကမတက်စံ့တော့ဘဲ လေထဲ၌ လွင့် မျောနေသော ဦးထုပ်နောက်သို့ လိုက်ပါသွားကြလေသည်။

* * *

ဤနေရာသည် ရွာလေးတစ်ရွာ ဖြစ်၏။

အိမ်ခြေတစ်ရာမပြည့်သော ရွာကလေးတစ်ရွာ ဖြစ်သည်။

ထိုရွာကလေးတွင် အခြေချနေထိုင်ကြသော လူများတို့သည် အလွန်ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြ၏။

သူတို့သည် မိမိဝမ်းဆာအတွက် ပင်ပန်းကြီးစွာ ရုန်းကန်ရှာဖွေ စားသောက်ကြရလေသည်။

လုလင်ပျိုတစ်ယောက်သည် မိမိ၏ ခြံမြေ၌ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များကို မြို့ထဲသို့သွားရောက် ရောင်းချရန် ဟင်းသီး ဟင်းရွက်များအား တောင်းနှစ်လုံးတွင် ထည့်နေလေသည်။

ခြင်းတောင်းနှစ်လုံးတွင် ဟင်းသီးဟင်းရွက်များ ထည့်ပြီးသောအခါ ထမ်းပိုးဖြင့် တောင်းနှစ်လုံးကို လျှိုထမ်းကာ ရွာထဲမှ ထွက်လာခဲ့လေသည်။

သူသည် မိမိခြံမှ ထွက်လာခဲ့သည်မှာ အချိန်အနည်းငယ် နောက်ကျနေပြီဖြစ်သောကြောင့် ဈေးမကွဲမီ မြို့ထဲသို့ရောက်စေရန် ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာခဲ့သည်။

သူက လမ်းကလေးအတိုင်း ခြေလှမ်း သုတ်သုတ်ဖြင့် လျှောက် [illegible] တရက်ဦးထုပ်တစ်လုံး လေထဲ၌ လွင့်ပါ [illegible] မြင်လိုက်ရလေသည်။



သူသည် ယင်းဦးထုပ်ကလေးအား အံ့သြစွာ ကြည့်နေလေသည်။

'ဟောဗျာ....ဦးထုပ်တစ်လုံး လေထဲက လွင့်လာပါလား'

သူက ယင်းသို့ ရေရွတ်ရင်း ဦးထုပ်ကလေးအား ငေးမောစွာကြည့်နေစဉ် မမျှော်လင့်သော အဖြစ်အပျက်ကလေး တစ်ခုကို ကြုံတွေ့လိုက်ရသည်။

အကြောင်းမှာ....

လေထဲတွင် လွင့်ပါလာသော ဦးထုပ်ကလေးသည် တိုက်တိုက်ဆိုင်ဆိုင်ပင် သူ၏ ဟင်းသီးဟင်းရွက် ထည့်ထားသော ခြင်းတောင်းတစ်လုံးထဲသို့ ကျရောက်လာလေသည်။

သူက ယင်းဦးထုပ်ကလေးအား ငေးငိုင်၍ ကြည့်နေမိသည်။

ယင်းတဒင်္ဂ အချိန်ကလေးမှာပင် မင်းမှုထမ်းနှစ်ယောက်က သူ့ထံ ပြေးလွှားလာနေခြင်းကို တွေ့မြင်လိုက်ရလေသည်။

သူတို့က ဟင်းရွက် ခြင်းတောင်းထဲတွင် ဦးထုပ်ကလေး ရောက်ရှိနေခြင်းကို တွေ့မြင်လိုက်ရသောအခါ ထိုလုလင်အား ဖမ်းဆီးလိုက်လေသည်။

'ဟိတ်....ဦးထုပ်ခိုးတဲ့ သူခိုးမိပြီ....မပြေးနဲ့'

မင်းမှုထမ်းနှစ်ယောက်က ပြိုင်တူအော်ဟစ်ရင်း လုလင်ပျို အား ညှပ်ပူးညှပ်ပိတ် ဖမ်းဆီးထားလိုက် ကြလေသည်။

လုလင်ပျိုမှာ အလွန့်ပင် ထိတ်လန့်တုန်လှုပ် သွားမိသည်။

'ကျွန်…ကျွန်တော် ခိုးတာမဟုတ်ပါဘူး ခင်ဗျာ၊ ဦးထုပ် ကလေးက လေထဲမှာပါလာပြီး ကျွန်တော်ရဲ့ တောင်းထဲကျ သွားခဲ့တာပါ'

ဟု ရှင်းပြလိုက်သည်။

သို့သော်…

ကျွန်ကျောင်းက ခေါင်းခါရမ်းလိုက်သည်။

'စကားမများနဲ့ အသာတကြည် လိုက်ခဲ့စမ်း'

လုလင်ပျိုက အကြိမ်ကြိမ် ရှင်းပြတောင်းပန် နေသည်၊ သို့သော်…

ကျွန်ကျောင်းနှင့် ချိုဟူတို့က အတင်းပင် ဖမ်းဆီးကာ ခေါ်ဆောင် သွားကြလေတော့သည်၊

* * *



ကျွန်ကျောင်းနှင့် ချိုဟူတို့သည် လုလင်ပျိုအား ပေါင်ချင်း ထန်း ရှေ့မှောက်သို့ ခေါ်ဆောင်သွားကြသည်။

ချိုဟူက ဝေါ်စင်ရှေ့သို့ လုလင်ပျိုအား တွန်းပို့ကာ…

'တရားသူကြီးမင်း ခင်ဗျား၊ ဦးထုပ်ခိုးတဲ့ သူခိုးကို ဖမ်း မိလာပါပြီ'

သူက ယင်းသို့ပြောရင်း ဟင်းရွက်တောင်းထဲရှိ ဦးထုပ် ကိုယူကာ ပေါင်ချင်းထန်း၏လက်ထဲသို့ အပ်နှံလိုက်လေသည်၊

ပေါင်ချင်းထန်းက ဦးထုပ်ကိုယူ၍ ခေါင်းပေါ်တွင် ပြန် လည်ဆောင်းထားလိုက်၏၊

သူက မိမိ၏ ဝေါ်စင်ရှေ့တွင် ဒူးထောက်၍ ထိုင်နေသော လုလင်ပျိုအား မျက်လုံးအစုံဖြင့် အကဲခတ် ကြည့်လိုက်လေ သည်၊

လုလင်ပျို၏ ရုပ်သွင်မှာ တောင်သူလယ်သမား သားသမီး တစ်ယောက် ပုံသဏ္ဌာန်ရှိပြီး ပကတိရိုးသားဟန်များ ပေါ်လွှင် နေလေသည်။

အသက်မှာ နှစ်ဆယ်ဝန်းကျင်မျှသာ ရှိဦးမည်ဖြစ်သော် လည်း အလုပ်ကြမ်း လုပ်ကိုင်ရသဖြင့် ခန္ဓာကိုယ်ပေါ်တွင် ကြွက်သားများ အဖုအထစ်ထနေ၏၊

သူက စိတ်ထဲ၌ကြိတ်၍ ပြုံးလိုက်လေသည်။

'ဟော ....သူငယ်....မင်းက ကျုပ်ဦးထုပ်ကို ဘာဖြစ်လို့ ခိုးရတာလဲ'

ဟု တင်းမာသော လေသံဖြင့် မေးလိုက်သည်။

လုလင်ပျိုက ဦးညွှတ်လိုက်လေသည်။

'ကျွန်တော်မျိုး ခိုးယူခြင်းမဟုတ်ပါဘူး ခင်ဗျာ၊ ဦးထုပ်က ကျွန်တော်မျိုးရဲ့ ဟင်းရွက်ခြင်းတောင်းထဲကို ကျလာခြင်း ဖြစ်ပါတယ်'

ပေါင်ချင်းထန်းက သူ့အား စိုက်ကြည့်လိုက်သည်။

'မင်းနာမည် ဘယ်သူလဲ'

လုလင်ပျိုက အလွန်ကြောက်ရွံ့နေသည်။

'ကျွန်တော်မျိုးရဲ့ နာမည်က ချမ်းလျှံပါ'

သူက ငိုကြွေး၍ စကားဆက်ပြောလိုက်သည်။

'ကျွန်တော်မျိုးဟာ နေ့စဉ်နေ့တိုင်း ခြံထဲမှာ စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက်တွေကို ခူးပြီး ဈေးထဲသွားရောင်းရပါတယ်၊ ရလာတဲ့ငွေနဲ့ ဆန်ဆီတွေဝယ်ပြီး မျက်မမြင်မိခင်အိုကြီးကို အလုပ်အကျွေး ပြုနေရတဲ့လူပါ၊ ကျွန်တော်မျိုးကို ဖမ်းထားမယ်ဆိုရင် မျက်မမြင်မိခင်အိုကြီးဟာ လုပ်ကျွေးပြုစုမဲ့လူ မရှိလို့ အစာရေစာ ငတ်ပြီး သေရပါလိမ့်မယ်၊ ဒါ



ကြောင့် ကျွန်တော်မျိုးကို ပြန်လွှတ်ပေးဖို့ တောင်းပန်ပါတယ် တရားသူကြီးမင်းရယ်'

ပေါင်ချင်းထန်းက သူ၏စကားကို နားထောင်ကာ အတော်ပင် ကရုဏာသက်သွားမိလေသည်။

'ကျန်ကျောင်းနဲ့ ချီဟူ ငါက်မင်းတို့ကို ဦးထုပ်ယူသွားတဲ့လေပွေကို ဖမ်းခိုင်းလိုက်တာ မင်းတို့က လေပွေကိုမဖမ်းဘဲ ဘာဖြစ်လို့သည်သူငယ်ကို ဖမ်းခဲ့ကြတာလဲ'

ကျန်ကျောင်းနှင့် ချီဟူတို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်၊

ပေါင်ချင်းထန်းက အော်ငေါက်လိုက်၏။

'မင်းတို့ ဘာကြောင့်ကြည့်နေကြတာလဲကွ ငါကိုယ်တော်မြတ်မေးတာကို ဖြေလေ'

ချီဟူက အရဲစွန့်ကာ ဤသို့လျှောက်ထားလိုက်လေသည်။

'မှန်လှပါ တရားသူကြီးမင်း၊ လေပွေဆိုသည့် အရာမှာ ဆုပ်ကိုင်ဖမ်းဆီးလို့ မရတဲ့အရာမို့ အကျွန်ုပ်တို့ နှစ်ယောက်က တရားသူကြီးရှေ့သို့ ဖမ်းဆီးခေါ်ဆောင်လာ၍ မရပါ၊ သို့အတွက်ကြောင့် ဦးထုပ်ကျသွားသော တောင်း၏ပိုင်ရှင်ဖြစ်သော လုလင်ပျိုအား ဖမ်းဆီးခေါ်ဆောင် လာခဲ့ရခြင်း ဖြစ်ပါတယ်'

ပေါင်ချင်းထန်းက တည်ကြည်သော မျက်နှာထားဖြင့်....

'အိမ်း....အသင်တို့ဟာ ကျုပ်ကဲ့သို့ တရားမျှတတဲ့ ပြည်သူ့တရားသူကြီး တစ်ယောက်ရဲ့ အနီးမှာရှိနေတာတောင်မှ သင်တို့ဟာ တရားမျှတမှု မရှိသေးပဲကိုး....'

သူက ဆက်လက်ရှင်းပြလိုက်သည်။

'သည်မှာ ကျုပ်က အသင်တို့ကို လေပွေအား ဖမ်းခိုင်းတဲ့အခါမှာ သင်တို့က ကျုပ်ကို လေပွေဟာဖမ်းဆီးလို့ မရကြောင်း အမှန်အတိုင်း ထုတ်ဖော်လျှောက်ထား သင့်ပါလျက်က အပြစ်မဲ့တဲ့ ဤသူငယ်ကို ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းဟာ တရားဥပဒေကို လေးစားရာမရောက်ဘူး၊ အမှန်တော့ ကျုပ်က ကျုပ်ရဲ့ လက်အောက် ငယ်သားတွေဟာ ကျုပ်လိုပဲ တရားမျှတမှု ရှိမရှိကိုသိချင်လို့ ယခုကဲ့သို့စမ်းသပ်လိုက်ခြင်းပဲကွ'

ကျန်ကျောင်းနှင့် ချိုဟူတို့က ငေးငိုင် နေကြလေသည်။

ပေါင်ချင်းထန်းက သူတို့နှစ်ယောက်အား ကြည့်လိုက်သည်၊

'ကဲ....အသင်တို့မှာ အပြစ်ရှိလား မရှိဘူးလား'

ကျန်ကျောင်းနှင့် ချိုဟူတို့က ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။



'ဟုတ်ကဲ့....အပြစ်ရှိပါတယ်'

ပေါင်ချင်းထန်းက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'ကောင်းပြီ.... အမိန့်တော်မှတ်မယ် နားခံပါ'

ကျန်ကျောင်းနှင့် ချိုဟူတို့က ပြိုင်တူ ဒူးထောက်လိုက်ကြရလေသည်။

'အမိန့်ရှိပါ တရားသူကြီးမင်း'

ပေါင်ချင်းထန်းက တည်ကြည်သော မျက်နှာဖြင့်....

'အသင်တို့သည် အပြစ်မဲ့သော ဤသူငယ်ကို ဖမ်းဆီးခဲ့သဖြင့် ဤသူငယ်၏လုပ်အားခကို မထိခိုက်ရလေအောင် အသင်တို့၏ ကိုယ်ပိုင်ငွေထဲမှ ငွေတုံးတစ်တုံးဆီကို ထုတ်၍ပေးလျော်စေရမည်'

ကျန်ကျောင်းနှင့် ချိုဟူတို့က ဦးညွှတ်လိုက်လေသည်။

'အမိန့်တော်အတိုင်းပါ တရားသူကြီးမင်း'

သူတို့နှစ်ယောက်က ယင်းသို့ပြောပြီး ငွေတုံးတစ်တုံးဆီကို ထုတ်ယူကာ လုလင်အားပေးလိုက်ကြလေသည်။

ပေါင်ချင်းထန်းက ခေါင်းညိတ်ပြလိုက်သည်။

'သူငယ်....အသင်နိုင်သွားပါပြီ'

လုလင်ငယ်သည် ပေါင်ချင်းထန်းအား အကြိမ်ကြိမ် ဦးညွှတ်လိုက်လေသည်။

'တရားမျှတစွာ ဆုံးဖြတ်ပေးတဲ့ တရားသူကြီး မင်းကို ကျေးဇူးအထူးတင်ပါတယ် ခင်ဗျာ၊ တရားသူကြီးမင်း သက်ကျော်ရာကျော် ရှည်ပါစေ'

သူကယင်းသို့ပြောဆိုပြီး ထိုင်ရာမှ ပေါ့ပါးသောခြေလှမ်းအစုံဖြင့် ဟင်းရွက်တောင်းများကိုသမ်းကာ ပြေးလွှားထွက်ခွာသွားလေသည်။

ပေါင်ချင်းထန်းတို့ကလည်း မြို့ကလေးရှိရာသို့ ခရီးဆက်ခဲ့လေတော့သည်။

* * *

[illegible]စာပေ
အမှတ် ၁၅/၁၃၀၊ [illegible]
[illegible]
ရန်၊ ၂၀၄၄၁

## ရှန်းရှန်းရွာ

ရှန်းရှန်းရွာကလေးသည် အိမ်ခြေ လေးငါးဆယ်ခန့်သာ ရှိသော ရွာကဲလေးဖြစ်သည်။

ထိုရွာကလေးတွင် နေထိုင်ကြသော လူများမှာ လက်လုပ်လက်စားများသာ ဖြစ်ကြလေသည်။

ရွာကလေးတွင်ရှိသော အိမ်ကလေးများမှာ ရွှံ့တုံးများဖြင့် တည်ဆောက်ထားသော မြေကြီးအိမ်များသာဖြစ်ကြလေသည်။

ယင်းအိမ်များတည်ဆောက်ပံမှာ ပန်းကန်တစ်လုံး မှောက်ထားသကဲ့သို့ ပုံသဏ္ဌာန်ဖြစ်သ[illegible]

အိမ်တိုင်းအိမ်တိုင်းတွင် ပြတင်းပေါက်မရှိဘဲ တံခါးပေါက် တစ်ခုသာ ရှိသည်။

ထိုတံခါးပေါက်မှာလည်း အရပ်ရှည်သောလူသည် ခေါင်း ငုံ့၍ဝင်ရလေသည်။

မြောက်ပိုင်းဒေသတွင် နေထိုင်ကြသော သူဆင်းရဲသား များတို့သည် အအေးဒဏ်နှင့် ဆာဘီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေ ရန် ယင်းသို့တည်ဆောက်ထားခြင်း ဖြစ်လေသည်။

အိမ်ပုံစံများမှာ တစ်ပုံစံတည်းဖြစ်နေသော်လည်း အနည်း ငယ်တတ်နိုင်သောလူက အိမ်ကြီးကြီးဆောက်ကာ ဆင်းရဲ သောလူများမှာမူ အိမ်သေးသေးဖြင့် နေထိုင်ကြရ၏။

ချမ်းလျှံသည် ပေါ့ပါးသော ခြေလှမ်းများဖြင့် ရွာ အဝင်လမ်းကလေးအတိုင်း လျှောက်လာ လေသည်။

သူ၏ မျက်နှာတစ်ခုလုံးမှာ ပြုံးရွှင် နေလေသည်။

အကြောင်းမှာ....

သူသည် တစ်ကြိမ်တစ်ခါမျှ ကိုင်သုံးခဲ့ရခြင်းမပြုသော ငွေ တုံးကလေးနှစ်တုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ လမ်း ဘေးဘယ်ညာ၌ အိမ်ကလေးတစ်အိမ်ဆီသို့ လျှောက်သွား လေသည်။



ထိုအိမ်ကလေးထဲတွင် မည်သည့်အိမ်ထောင် ပရိဘောဂမျှ မရှိဘဲ အိုးခွက်ပန်းကန်အနည်းငယ်နှင့် အိုမင်းနေပြီဖြစ်သော သေတ္တာတစ်လုံး၊ ကောက်ရိုးဖြင့် ကျစ်လုပ်ထားသည့် အိပ်ရာ တစ်လုံးသာရှိသည်။

သေတ္တာပေါ်၌ ဆီမီးခွက်တစ်ခွက် ရှိနေလေသည်။

သေတ္တာ၏ နံဘေးတွင် အမျိုးသမီးကြီး တစ်ယောက်ထ ထိုင်နေလေသည်။

သူမ၏အသက်မှာ လေးဆယ်ကျော်မျှသာ ရှိနေသေးသော် လည်း ဆင်းရဲသောဒဏ်ကို အလူးအလိမ့် ခံစားခဲ့ရသဖြ ရုတ်တရက်ကြည့်လိုက်ပါလျှင် အသက် ခြောက်ဆယ်ကျော်ခန့် ပင် ရှိနေမည်ဟု ထင်မှတ်မှားရလေသည်။

သူမ၏မျက်နှာမှာ အိုမင်းနေပြီဖြစ်သော်လည်း တစ်ချိန် တုန်းဆီက အလွန်ချောမော၍ ကျက်သရေရှိမည့် ပုံသဏ္ဌာန် ကို ဝပ်ရေးရေးမျှ မြင်တွေ့နေရသေး၏။

ဆံကေသာများမှာ ဆီမလိမ်းနိုင်သဖြင့် ခြောက်ကပ်ကပ် ဖြစ်နေသော်လည်း ငယ်ထိပ်ပေါ်တွင် ကျကျနန စုစည်းထား ခြင်းကို တွေ့မြင်ရမည်ဖြစ်သည်။

သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အင်္ကျီမှာ ဖာထပ်ထပ် ဖာထေးထားခြင်းကို တွေ့ရသော်လည်း ညစ်ပေ ခြင်းမရှိဘဲ သန့်ပြန့်နေသည်။

မည်သို့ဆိုစေ....

အခြေအနေ မလှပသော ဘဝတွင် ရောက်ရှိနေသည့်တိုင်အောင် ဤအမျိုးသမီးကြီး၏ မျက်နှာမှာ ကျက်သရေရှိနေသေး၏၊

ဝမ်းနည်းစရာကောင်းသည်မှာ သူမ၏စကျွဲ့အစုံမှာအလင်းရောင်မရရှိနိုင်တော့ဘဲ မှေးမှိန်နေပေသည်။

ထိုအမျိုးသမီးသည် မျက်မမြင်တစ်ယောက်ပင် ဖြစ်နေလေတော့သည်။

* * *

မျက်မမြင်သောသူသည် အလွန်ပါးနပ်လေ့ရှိ၏။

အမျိုးသမီးကြီးက ပုတီးထိုင်စိပ်နေသော်လည်း အိမ်ထဲသို့ လှမ်းဝင်လာသော ခြေသံကို ကြားလိုက်ရသည်။

သူမက ခြေသံကိုကြားလိုက်ရုံသာမကခြေသံပိုင်ရှင်မှာမည်သူ မည်ဝါ [illegible] အတတ်သိနေသေး၏။



'ချမ်းလှိုင်...မင်း ဒီနေ့ပြန်လာတာ စောလှချည့်လား'

သူမက ဤသို့ဆီးကြို၍ပြောလိုက်သည်။

ချမ်းလှိုင်က ဝမ်းသာအားရဖြင့်....

'ဟုတ်ပါတယ်....မေမေ၊ ဒီကနေ့ ကျွန်တော် ဈေးမရောင်းဘူး'

အမျိုးသမီးက မျက်မှောင်ကုတ်လိုက်သည်။

'ဘယ်လို—မင်း ဒီကနေ့ ဈေးသွားမရောင်းဘူး ဟုတ်လား'

ချမ်းလှိုင်က ဟင်းရွက်တောင်းကိုချကာ အမျိုးသမီးထံသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွား၏။

'ဟုတ်ပါတယ်...ဈေးရောင်းသွားဖို့လဲ မမီတော့ဘူးလေ'

အမျိုးသမီးကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'မိုက်လှချည့်လား လူကလေးရယ်၊ ကနေ့ မေမေတို့မှာ ချက်ရေးဆန် မရှိတော့ဘူးလို့ပြောလိုက်တာ မင်း မသိဘူးလား'

ချမ်းလှိုင်က ခေါင်းညိတ်လိုက်လေသည်။

'သိပါတယ် မေမေရယ်'

အမျိုးသမီးကြီးက....

'သိလျက်နဲ့ဘယ်ကိုသွားပြီးဘာတွေလုပ်နေလို့ ဈေးရောင်း မမီရတာလဲ'

သူမက သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်၏။

'ကဲ....မေမေတို့ သားအမိ ရေသောက် နေရတော့မှာ လား'

ချမ်းလျှံက ရယ်မောလိုက်လေသည်။

'ရေ မသောက်ရပါဘူးဗျာ၊ သား ဒီနေ့ ငွေတုံးတွေရ ခဲ့တယ် သိလား'

သူက ငွေတုံးကလေး နှစ်တုံးအား အမျိုးသမီးကြီး၏ လက်ကိုဆွဲကာ ထည့်ပေးလိုက်၏။

အမျိုးသမီးကြီးက ကျန်လက်တစ်ဖက်ဖြင့် ငွေတုံးကလေး များကိုစမ်းသပ်ကာ အလွန်အံ့သြသွားဟန်ဖြင့်....

'ဟယ်....ဒီငွေတုံးတစ်တုံးဟာ အနည်းဆုံးတစ်ကျပ်သား လောက်ရှိတယ်၊ မင်း ဘယ်ကရလာတာလဲ'

ချမ်းလျှံက ရှင်းပြလိုက်လေသည်။

'မေမေရယ်....ကျွန်တော့်ကို အထင်မလွဲပါနဲ့၊ ဒီငွေတွေ ကို သန့်သန့်ရှင်းရှင်းနဲ့ ရခဲ့တာပါ'



အမျိုးသမီးကြီးက မယုံတစ်ဝက် သံသယတစ်ဝက်ဖြင့်....

'သား....မေမေ့ကိုပြောစမ်း၊ သည်လောက်ငွေများများ ကို မင်း ဘယ်နည်းနဲ့ရခဲ့တာလဲ'

သူမက စကားဆက်လိုက်၏။

'မေမေတို့ဟာ ဆင်းရဲပေမယ့် သန့်သန့်ရှင်းရှင်းနဲ့ သမာ အာဇီဝရတဲ့ ငွေကြေးကိုပဲ လိုချင်တယ်၊ မသန့်ရှင်းတဲ့ ငွေ ကြေးဆိုရင် ဘယ်တော့မှမယူဖို့ မေမေ အမြဲဆုံးမခဲ့ဘူးတယ် မဟုတ်လား'

ချမ်းလျှံက ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ....မေမေ့ရဲ့စကားကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး၊ ဒီငွေတုံးဟာ ပေါင်ချင်းထန်းဆိုတဲ့ တရား သူကြီးတစ်ယောက်က ပျော်ကြေးပေးလိုက်တဲ့ ငွေပါ'

အမျိုးသမီးကြီး၏မျက်နှာပေါ်တွင် ထူးဆန်းသောဟန် မူရာများ ဖြစ်ပေါ်လာလေသည်။

'ဘာ....မေမေ့ကိုပြောပြစမ်း၊ သားက တရားသူကြီးပေါင် ချင်းထန်းကို တွေ့ခဲ့တယ် ဟုတ်လား'

သူမ၏အသံက တုန်တုန်ယင်ယင်နှင့် ဖြစ်လာလေသည်။

ချမ်းလျှံက သူမအား အံ့သြစွာကြည့်ရင်း ခေါင်းညိတ် ပြလိုက်၏။

'ဟုတ်ပါတယ်၊ ကျွန်တော်ဈေးရောင်းနေရင်းတရားသူကြီး ပေါင်ချင်းတန်းအကြောင်းကို မကြာခဏကြားဘူးခဲ့ပါတယ်၊ မေမေ့ကိုတော့ မပြောပြခဲ့ဘူးသေးတယ်လေ'

အမျိုးသမီးကြီးက ခေါင်းကိုဖြည်းညင်းစွာ ညိတ်လိုက်သည်။

'ဟုတ်ပါတယ်....ဒါနဲ့ သူက သားကို ဘာဖြစ်လို့လျော်ကြေးပေးရတာလဲ'

ချမ်းလျှံက ရှင်းပြလိုက်သည်။

'ဒီလိုပါ....ကျွန်တော်ဟာ ဟင်းရွက်ခြင်းကို ထမ်းပြီး ဈေးရောင်းထွက်ခဲ့တာမှာ ဦးထုပ်တစ်လုံးက ဟင်းရွက်ခြင်းထဲကို လေတိုက်ပြီး ကျခဲ့ပါတယ်၊ ဒါကို ရဲမက်နှစ်ယောက်က သူခိုးလို့စွပ်စွဲပြီး တရားသူကြီးဆီကို ဖမ်းခေါ်သွားပါတယ်'

သူက ယင်းသို့ ပြောပြနေသည့်တိုင်အောင် မိခင်ဖြစ်သူက နားစိုက်ထောင်ခြင်းမရှိဘဲ တွေဝေငေးငိုင်နေခြင်းကို တွေ့မြင်လိုက်ရသည်။

သူ၏ ရင်ထဲ၌ သံသယဖြစ်မိလေသည်။

'မေမေ ဘာဖြစ်သွားတာလဲ၊ နေမကောင်းဘူးလား'

အမျိုးသမီးက တွေဝေနေရာမှ သတိဝင်လာ၏။



'နေကောင်းပါတယ်၊ ဒါနဲ့ သားရဲ့စကားကို ဆက်ပါဦး'

ချမ်းလျှံက စကားဆက်လိုက် ရလေသည်။

'တရားသူကြီးက ကျွန်တော့်ကို မေးပါတယ်၊ ကျွန်တော်က အမှန်အတိုင်း ပြောပြတော့ တရားမျှတမှု မရှိတဲ့ သူ့ရဲ့ရဲမက်နှစ်ယောက်ကို လျော်ကြေးပေးခိုင်း လိုက်တယ်လေ'

အမျိုးသမီးကြီး၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင်ဖြစ်လာလေသည်။

သူမ၏ ရင်ထဲ၌ လှုပ်ရှားလာပါသေသည်။

ချမ်းလျှံက သူမအား အကဲခတ်ကြည့်လိုက်သည်။

'မေမေ....ဘာဖြစ်နေတာလဲဟင်၊ မေမေ့ကို ကြည့်ရတာ တစ်မျိုးကြီး ဖြစ်နေပါလား'

အမျိုးသမီးက သူ့စကားကို မကြားလိုက်ဘဲ သက်ပြင်းသို့ မိမိမေးလိုသော စကားကို အလျင်စလို ပြန်မေးလိုက်သည်။

'ချမ်းလျှံ....တရားသူကြီး ဘယ်ကို သွားတယ်ဆိုတာ သိသလားဟင်'

ချမ်းလျှံက ခေါင်းခါရမ်း လိုက်သည်။

'သေသေချာချာတော့ မသိဘူး၊ သူတို့က ထင်းကျွန်းမြို့ဘက်ကို ဦးတည်သွားတာ တွေ့လိုက်ပါတယ်'

သူက စကားဆက်လိုက်သည်။

'ကြည့်ရတာ အဲဒီမြို့ကလေးမှာ သူရှုံးထိုင်လိမ့်မယ် ထင်တယ်'

အမျိုးသမီးကြီးက စကားမပြောတော့ဘဲ အတန်ကြာအောင် စဉ်းစားနေလေသည်၊

ချမ်းလျှံက....

'မေမေ....ကျွန်တော်အိမ်အတွက် လိုအပ်တဲ့ဆန်ငွေဆီတွေ သွားဝယ်လိုက်ဦးမယ်နော်'

အမျိုးသမီးကြီးက ကမန်းကတန်း ဟန့်တားလိုက်သည်။

'ခဏနေဦး ချမ်းလျှံ'

ချမ်းလျှံက မိခင်ဖြစ်သူအား ကြည့်လိုက်သည်။

'မေမေ....ဘာမှာချင်သေးလို့လဲဟင်'

အမျိုးသမီးကြီးက တည်ကြည်သော မျက်နှာထားဖြင့်....

'ချမ်းလျှံ....အခု မေမေမှာတဲ့ စကားကို သေသေချာချာ နားထောင်စမ်း'

ချမ်းလျှံက အတွေးရကြပ်သွားသည်၊

သူ့ရဲ့ မိခင်သည် ယခုကဲ့သို့ စိတ်လှုပ်ရှားခြင်းမျိုးကို တစ်ကြိမ်တစ်ခါ[illegible]ူးပါချေ။



သူကဲ အမျိုးသမီးကြီးကို အကဲခတ်ကြည့်ရင်း....

'ဟုတ်ကဲ့....ပြောပါ မေမေ'

အမျိုးသမီးကြီးက စကားကိုတစ်ခွန်းချင်း လေးလေးနက်နက် ပြောလိုက်သည်။

'မင်းအခု ထင်းကျန်းမြို့ကို အမြန်ဆုံးလိုက်သွား တရားသူကြီးမင်း ဘယ်မှာ ရှုံးထိုင်သလဲဆိုတာ စုံစမ်းပြီး တရားသူကြီးမင်းနဲ့ သွားတွေ့လိုက်ပါ'

ချမ်းလျှံ၏ မျက်လုံးအစုံက ဝိုင်းစက်ပြူးကျယ် သွားသည်။

'ဟင်... ကျွန်တော်က ဘာကိစ္စနဲ့ တရားသူကြီးမင်းဆီကို သွားရမှာလဲ....ဟင်'

အမျိုးသမီးကြီးက....

'မင်းကဲ ပေါင်ချင်းထန်းကို ဝင်တွေ့ပါ'

ချမ်းလျှံ၏ မျက်လုံးအစုံက ပို၍ပြူးကျယ် သွားလေသည်။

'ကျွန်တော်က သူ့ကိုသွားတွေ့ပြီး ဘာလုပ်ရမှာလဲ'

အမျိုးသမီးကြီးက ဤသို့ [illegible]၏။

'သူ့ကို မေမေဟာ မိုးလောက်ကြီးတဲ့ မတရားမှုတစ်ခုကို တိုင်ကြားချင်လို့ မေမေနဲ့လာတွေ့ဖို့ ပြောလိုက်ပါ'

ချမ်းလျှံက အံ့သြလွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

* * *

အိမ်ကလေး တစ်ခုလုံး တိတ်ဆိတ်ခြင်းမှာ တိတ်ဆိတ်သွားခဲ့လေသည်။

အတန်ကြာတော့မှ အမျိုးသမီးကြီး အသံက ထွက်ပေါ်လာလေသည်။

'ချမ်းလျှံ...ငါပြောနေတာ မင်းကြားသလား'

ချမ်းလျှံက ပင့်သက်တစ်ချက် ချလိုက်သည်။

'ကြားပါတယ် မေမေ'

အမျိုးသမီ[illegible]င်းညိတ်လိုက်သည်။



'ဒါဆိုရင် မေမေပြောတာကို ပြန်ပြောစမ်း'

ချမ်းလျှံက အလွန်အံ့သြ သွားမိလေသည်။

'မိုးလောက်ကြီးတဲ့ မတရားမှုတစ်ခုကို တိုင်ကြားချင်လို့ တရားသူကြီးမင်းကို မေမေနဲ့လာတွေ့ပါလို့ ပြောရမယ်မဟုတ်လား'

အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ချမ်းလျှံက အနည်းငယ်ငြိမ်သက် နေပြီးမှ သက်ပြင်းတစ်ချက်ချလိုက်သည်။

'မေမေ့ကို သားတစ်ခု မေးပါရစေ'

အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်သည်။

'မေးလေ...ဘာမေးမလို့လဲ'

ချမ်းလျှံက သူမအား အကဲခတ်ကြည့်လိုက်၏။

'မေမေ နေကောင်းပါတယ်နော်'

အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်သည်။

'နေကောင်းပါတယ်...ဘာဖြစ်လို့လဲ'

ချမ်းလျှံက မယုံကြည်ဟန်ဖြင့်

'မေမေ့မှာ မိုးလောက်ကြီးတဲ့ အမှုတစ်ခုကို တိုင်ကြားချင်တယ်လို့ ပြောလောက်အောင် ဘာအမှုမှ မေမေ့မှာ မရှိဘူးလေ'

အမျိုးသမီးကြီးက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'မင်းဘာမှ မသိပါဘူး၊ ငါပြောတဲ့အတိုင်း ပေါင်ချင်းကန်းကို သွားခေါ်ခဲ့ပါ'

ချမ်းလျှံက ခေါင်းသွင်သွင် ခါယမ်းလိုက်သည်။

'ကျွန်တော် သွားမခေါ်ဝံ့ဘူး မေမေရယ်'

အမျိုးသမီးကြီးက စိတ်တိုလာလေသည်။

'တယ်ခက်ပါလား ချမ်းလျှံရယ်၊ မေမေ့ဘဝမှာ မိုးလောက်ကြီးတဲ့ မတရားမှု တစ်ခုကို ခံစားခဲ့ရတယ်၊ ဒီအမှုကို ပေါင်ချင်းထန်းက လွဲပြီး ဘယ်သူကမှ တတ်နိုင်မှာ မဟုတ်ဘူးကွယ်၊ ဒါ့ကြောင့် ပေါင်ချင်းထန်းရဲ့ သတင်းကို ကြားတဲ့အခါတိုင်း မေမေဟာ မေမေ့ရဲ့အမှုကို သွားတိုင်ပင်ချင်တာပါ၊ ခက်တာက သူဟာ တစ်နေရာတည်းမှာ မရှိဘဲ တစ်မြို့ဝင် တစ်မြို့ထွက် သွားနေတာမို့ မေမေက သွားပြီး မတိုင်ကြားခဲ့ရဘူးလေ'

သူမက [illegible]ဲ့ကိုက်သည်။



'အခု မေမေ့ရဲ့ ဘဝကို နတ်သိကြားက သနားလို့ ပေါင်ချင်းထန်းကို....

'မေမေ့ဆီကိုရောက်အောင် ပို့ပေးခဲ့တာပါ။ ဒီအခွင့်အရေးကို မေမေက အဆုံးရှုံး မခံနိုင်ပါဘူး'

ချမ်းလျှံက သက်ပြင်းတစ်ချက် ချလိုက်သည်။

'မေမေက အမှုကိုတိုင်ချင်တယ်ဆိုရင် ကျွန်တော်ကိုယ်တိုင် တရားသူကြီးမင်းဆီကို လိုက်ပို့ပေးမယ်လေ၊ မကောင်းဘူးလား'

အမျိုးသမီးကြီးက ခေါင်းခါယမ်း လိုက်သည်။

'မေမေသွားစရာမလိုဘူး၊ သူ့ကိုသာလာခိုင်းပါ'

ချမ်းလျှံက စိတ်ပျက်သွားလေသည်။

'မေမေရယ် ဒီလောက်နာမည်ကြီးပြီး ရာထူးကြီးတဲ့ တရားသူကြီးတစ်ယောက်က ကျွန်တော်တို့ဆီကို လိုက်လာပါ့မလား'

အမျိုးသမီးက လျှို့ဝှက်စွာ ပြုံးလိုက်သည်။ –

'သူဟာ ပေါင်ချင်းထန်းမှန်ရင် မေမေ့ဆီကို လာကိုလာရမယ်'

ချမ်းလျှံက မသွားဝံ့ပါချေ။

'မေမေရယ်….ကျွန်တော် မသွားပါရစေနဲ့၊ တော်တော်ကြာ ရုံးတော်ကို နောင့်ယှက်တယ်ဆိုပြီး ကျွန်တော့ကိုဖမ်းထားမှဖြင့်….'

အမျိုးသမီးကြီးက စကား မပြောဘဲ ငြိမ်နေပါ၏။

သူမက သေတ္တာပေါ်မှ မီးခွက်ကိုဖယ်ရှားကာ သေတ္တာကလေးအားဖွင့်လိုက်သည်။

ချမ်းလျှံက သေတ္တာကလေးအား မြင်တွေ့ခဲ့ သည်မှာ နှစ်ပေါင်းကြာရှည်ခဲ့လေပြီ၊

ဤသေတ္တာအား မိခင်ဖြစ်သူက တစ်ကြိမ်တစ်ခါမျှ မဖွင့်ခဲ့ဘူးပါချေ။

သူသာနေနိုင်၍ မေးခဲ့သော်လည်း မိခင် ဖြစ်သူက —

'ဒါ မင်းနဲ့မဆိုင်ဘူး မမေးနဲ့'

ဟု ဒေါသကြီးစွာ ပြောဆိုခဲ့ဖူး လေသည်။

ယခုမှာမူ မိခင်ဖြစ်သူက သေတ္တာ ကလေးအား ဖွင့်နေချေပြီ။

သူက အလွန်အံ့ဩနေမိသည်။

သူ၏မိခင်သည် ယနေ့ အစစအရာရာ ပြောင်းလဲနေခြင်းကို တွေ့မြင်ခဲ့[illegible]ပါလော။



မိခင်ဖြစ်သူပြောသည့်အတိုင်း မိုးလောက် ကြီးမားသော အမှုတစ်ခု တကယ်ပင်ရှိနေခဲ့ပြီလော၊

သူက တွေဝေနေစဉ် အမျိုးသမီးက သေတ္တာထဲမှ ရွှေဆံထိုးတစ်ချောင်းကိုထုတ်ယူကာ လှမ်းပေး လာသည်။

သူမက ချမ်းလျှံထံသို့ ရွှေဆံထိုးကို လှမ်းပေးရင်း….

'ချမ်းလျှံ ပေါင်ချင်းထန်းကို မေမေပြောသလို ပြောပြီး သည်ဆံထိုးကိုပြလိုက်'

ချမ်းလျှံက ရွှေဆံထိုးကိုလှမ်းယူပြီး ကြည့်လေသည်။

ရွှေဆံထိုးမှာ အလွန်တန်ဖိုးကြီးသော ဆံထိုးတစ်ချောင်းဖြစ်သောကြောင့် သူက ခန့်မှန်းနိုင်ခဲ့သည်။

မိခင်ဖြစ်သူက အဆင်းရဲအငတ်ခံကာ ဤရွှေဆံထိုးအား အဘယ်ကြောင့် ရောင်းချခြင်း မပြုခဲ့ကြပါသနည်း။

သူက ရွှေဆံထိုးအား ငေးမောရင်းကြည့်နေမိသည်။

ယင်းရွှေဆံထိုး၏ထိပ်တွင် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ဟင်္သာတစ်ကောင်၏ ရုပ်လုံးကြွနေပုံကို တွေ့မြင်ရလေသည်။

ဟာသီလေးမှာ သေးငယ်သော်လည်း လက်ရာမြောက်လှသဖြင့် အသက်ဝင်လှပေသည်။

ဟာသီ၏နှုတ်သီးထိပ်တွင် ရွှေကြိုးလေး တစ်ချောင်းကို ကိုက်ထားလေသည်။

ရွှေကြိုးလေးအဆုံးတွင် ပုလဲလုံးလေးတစ်လုံးအား ရွှေဖြင့်ကွပ်ထားလေသည်။

သူသည် တောင်သူလယ်သမား ဆင်းရဲသားတစ်ယောက်ဖြစ်သော်လည်း ပုလဲအား ရောင်းချလိုက်ပါက မြို့ထဲတွင် အိမ်ကြီးအိမ်ကောင်းတစ်လုံးကို ကောင်းကောင်းကြီး ဝယ်နိုင်ကြောင်း နားလည်လိုက်သည်။

သူက မိခင်ဖြစ်သူမှာ ဤမျှတန်ဖိုးကြီးသော ပစ္စည်းများရှိနေသော်လည်း ရောင်းချခြင်း မပြုဘဲ ဆင်းရဲဝတ်ပြတ်နေခြင်းအတွက် စဉ်းစား၍ပင်မရနိုင်အောင် ဖြစ်နေရလေသည်။

'ချမ်းလျှ အချိန်ရှိတုန်း အမြန်ဆုံး တရားသူကြီးဆီသွားပါ'

မိခင်ဖြစ်သူ၏ အသံမှာ ဒေါသအသံများ ပါရှိလာလေသည်။



ထို့ကြောင့်....ချမ်းလျှက တွေးတောနေရာမှ သတိဝင်လာပြီး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....အခုသွားပါ့မယ် မေမေ'

သူသည် ရွှေဆံသိုးကို အင်္ကျီအိတ်ထဲသို့ သေချာစွာသိမ်းဆည်းကာ အိမ်ထဲမှ ပြေးထွက်ခဲ့ရလေတော့သည်။

* * *

## ထင်းကျုန်းမြို့

ထင်းကျုန်းမြို့ကလေးသည် သေးငယ်သော မြို့ကလေး တစ်မြို့တော့ မဟုတ်ပါချေ။

မြို့တစ်မြို့၏ အင်္ဂါရပ်များဖြင့် ပြည့်စုံသော မြို့လေးတစ်မြို့ ဖြစ်လေသည်။

မြို့ထဲတွင် ဖြောင့်မတ်သော လမ်းမကြီးတစ်ခု ဖြစ်သည်။

လမ်းမကြီး၏ တစ်ဖက်တစ်ချက်တွင် စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ ကုန်မျိုးစုံဆိုင်များဖြင့် အစီအရီရှိနေလေသည်။



ထိုမြို့ကလေး၏ဝန်းကျင်တွင် ရွာကလေးပေါင်း ခြောက်ဆယ်ခန့် ရှိပေသည်။

ယင်းကြောင့် မြို့သို့တက်၍ ဈေးဝယ်ကြသော လူများသည်လည်း လမ်းမကြီးပေါ်တွင် ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသည်၊

လမ်းမကြီးအဆုံးတွင် အဆောက်အဦးများသည် ခန့်ညားထည်ဝါစွာ ရှိနေကြခြင်းကို တွေ့ရမည်ဖြစ်သည်၊

ထိုနေရာသည် လူချမ်းသာများနှင့် ရာထူးရှိသောလူများသာ နေထိုင်သော ရပ်ကွက်တစ်ခုဖြစ်သည်။

လမ်းမကြီးအားတည့်တည့်မျက်နှာမူထားသောအဆောက်အဦးမှာ အသွင်တစ်မျိုးဖြင့် ခန့်ညားထည်ဝါ လှပေသည်။

အဆောက်အဦး၏ တံခါးရှေ့တွင် ကြီးမားသော ကျောက်ခြင်္သေ့ရုပ်ထုကြီး နှစ်ခုရှိလေသည်။

ကျောက်ခြင်္သေ့ရုပ်ကြီး၏ နံဘေးတွင် လူတစ်ရပ်ခန့်မြင့်သော သစ်သားစင်ကလေး တစ်ခုစီရှိကြသည်။

စင်ကလေးများပေါ်တွင် ဗုံတစ်လုံးစီ ရှိနေလေသည်၊

ဗုံ၏နံဘေးတွင် ဘုကလေးတစ်လက်စီ ရှိနေလေသည်။

ထိုစင်ကလေး၏ အနီးတွင် ခါးတွင်ဆောင်ဓားကိုယ်စီ ချိတ်ထားသော ရဲမက်နှစ်ယောက်က ဝဲယာညှပ်၍ ရပ်နေကြလေသည်။

အဆောက်အဦး၏ တံခါးဝင်ပေါက်တွင် ကြီးမားသော ဆိုင်းဘုတ်ကြီးတစ်ခုရှိသည်။

ထိုဆိုင်းဘုတ်ပေါ်တွင် ရွှေစာလုံးကြီးဖြင့်....

'တရားရုံးတော်'

ဟုရေးသားဖော်ပြထားခြင်းကို တွေ့ရလေသည်။

ချမ်းလျှံသည် ထိုအဆောက်အဦးနှင့် ပေတစ်ရာခန့်အကွာ၌ ယောင်လည်လည်ဖြင့် ရပ်နေခဲ့ခြင်းမှာ အချိန်အတန်ကြာခဲ့ပြီဖြစ်လေသည်။

သူကဤမျှ အရှိန်အဝါကြီးလှသော တရားရုံးတော်မျိုးကို တစ်ကြိမ်တစ်ခါမှ မမြင်တွေ့ခဲ့ဘူးပါချေ။

ဗုံကြီး၏ဘေးတစ်ဖက်တစ်ချက်တွင် မလှုပ်မယှက် ရပ်နေသော ရဲမက်များကြောင့် အနီးသို့မချဉ်းကပ်ရဲကြဘဲ အကြံအိုက်နေလေသည်။

သူက အချိန်အတန်ကြာအောင် ယောင်လည်လည်ဖြင့် ရပ်နေခြင်းကို ရဲမက်များက သတိပြုမိသိုက်ကြသည်။

သူတို့၏စိတ်ထဲတွင်လည်း သံသယများ ဝင်လာကြလေသည်။

ရဲမက်တစ်ယောက်က သူ့ထံသို့ လျှောက်လာ၏။

ချမ်းလျှံက ထိတ်လန့်တုန်လှုပ်သွားလေသည်။



သူက အိမ်သို့ပြန်ပြေးရန် ဆုံးဖြတ်ကာ နောက်သို့လှည့်လိုက်လေသည်။

ထိုအချိန်....

ရဲမက်က သူ၏လည်ကုပ်ကို ဖမ်းဆွဲထားလိုက်သည်။

'ဟေ့....မင်းဒီမှာ ဘာလာချောင်းနေတာလဲ'

ချမ်းလျှံက ကြောက်ရွံ့တုန်လှုပ်သွားသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားလေသည်။

'ကျွန်....ကျွန်တော်....'

သူက မည်ကဲ့သို့ပြောရမှန်း မသိအောင်ပင် ဖြစ်နေမိလေသည်။

ရဲမက်ကပို၍ သံသယဝင်လာလေသည်။

'မှန်မှန်ပြောစမ်း မင်း သည်ကို ဘာလာလုပ်တာလဲ'

ချမ်းလျှံ ကြောက်ကြောက်ရွံ့ရွံ့ဖြင့်....

'ကျွန်တော်က အမှုလာတိုင်မလို့ပါ'

ရဲမက်က ချက်မှောင်ကုတ်လိုက်၏။

'မင်းမှာ ဘာအမှုရှိလို့ တိုင်ကြားချင်တာလဲ'

ချမ်းလျှံက အရဲစွန့်၍ ပြောလိုက်လေသည်။

'ကျွန်တော့်အမေရဲ့ အမှုတစ်ခုပါ၊ တရားသူကြီး ပေါင် ချင်းထန်းကို လာတိုင်ခိုင်းတာပါ'

ရဲမက်၏ မျက်နှာတစ်ခုလုံး ခက်ထန်သွား လေသည်။

'မင်းက အမှုတိုင်မယ်ဆိုပြီး ဘာ့ကြောင့် ဗုံတီးပြီးမတိုင် ကြားဘဲ ဒီမှာရပ်နေရတာလဲ'

ချမ်းလျှံ၏ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားလေသည်။

'ကျွန်တော်....ကျွန်တော် မဝင်ဝံ့လို့ပါ'

ရဲမှက်က မဲ့ပြုံးပြုံးလိုက်သည်။

'အေး....မင်းက အမှုတိုင်မယ်ဆိုရင် ငါနောက်လိုက်ခဲ့ပြီး ဗုံတီးပါ၊ ဘာအမှုကိုတိုင်မယ်ဆိုတာ ကြည့်ကြသေးတာပေါ့'

ဟု ပြောကာ ချမ်းလျှံအား ဆွဲခေါ်သွား လေသည်။

သူတို့သည် ရုံးတော်ရှေ့သို့ ရောက်ရှိလာသော အခါ ရဲမက်က တူတစ်ချောင်းကိုယူကာ လှမ်းပေးလိုက်၏။

'မင်းက အမှန်တကယ် အမှုတိုင်မယ်ဆိုရင် ဒီဗုံကိုတီးပါ ဒါပေမယ့်....'

သူက ချမ်းလျှံအားစိုက်ကြည့်ကာ စကားဆက်လိုက်၏



'ဒါပေမယ့် မင်းတစ်ခုသိထားဖို့က တရားသူကြီးမင်းဟာ ဗုံသံကြားတာနဲ့တစ်ပြိုင်နက် ချက်ချင်း ရုံးထိုင်ပြီး ခေါ်စစ် မှာပဲ....

'မင်းကအမှုမရှိဘဲ လိမ်လည်မယ်ဆိုရင်တော့ ကြိမ်ဒဏ်သင့် သွားမှာပဲ'

ချမ်းလျှံကတူတစ်ချောင်းကိုင်လိုက်သော်လည်း မထုဝံ့ရှာ သေးပါချေ။

သူက မိခင်အပေါ်၌ ချ...ာယ ဖြစ်နေသေးသည်။

မိခင်၏စကားမှာ ဟုတ်မဟုတ် သူကမသိပါ။

မိခင်မှာကြားသည့်အတိုင်း ပြောပါက တရားသူကြီးမှ အမျက်ထွက်ကာ မိမိအား ရိုက်လွှတ်မည်ကိုလည်း စိုးရိမ်နေ မိလေသည်။

ရဲမက်တစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

'ဘာလဲ မင်းက ဗုံတီးဖို့မဝံ့လို့လား၊ ငါကိုယ်တိုင်တီးပေး လိုက်မယ်'

သူက ပြောပြောဆိုဆိုဖြင့် ချမ်းလျှံလက်ထဲမှ တူကြီးကို လုယူကာ ဗုံတီးလိုက်လေသည်။

'ထုံ....ထုံ....ထုံ....'

ဗုံတီးသံ သုံးချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ချမ်းလျှံ၏နားထဲတွင် ဗုံသံများမှာ မိုးကြိုးပစ်ချလိုက်သကဲ့သို့ ခံစားနေရ လေသည်။

သူ၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင် ဖြစ်သွား၏။

ဗုံသံထွက်ပေါ်လာပြီးသည်နှင့် တရားရုံး၏ တံခါးမကြီးမှာ ရုတ်ခြည်းပင် ပွင့်သွားခဲ့လေပြီ။

ရဲမက်တစ်ယောက်က တံခါးပေါက်တွင် ပေါ်လာပြီး အသံပြုလိုက်သည်။

'ဘယ်သူက အမှု တိုင်ကြား မလို့လဲ'

ထိုရဲမက်မှာ မိမိအား လျှော်ကြေးပေးခဲ့သော ပေါင်ချင်းထန်း၏ ရဲမက်ဖြစ်ကြောင်းကို ချမ်းလျှံက မှတ်မိလိုက်လေသည်။

သူ၏ ကြောက်ရွံ့စိတ်များ အနည်းငယ် လျော့ပါးသွားခဲ့လေသည်။

'ကျွန်တော်ပါ'

ဟု ကမန်းကတန်း ဖြေလိုက်သည်။

ထိုရဲမက်မှာ ပေါင်ချင်းထန်း၏ ကိုယ်ရံတော် နှစ်ယောက်အနက်မှ ကျန်ကျောင်းဖြစ်သည်။

ကျန်ကျောင်းကလည်း ချမ်းလျှံအား မှတ်မိလိုက်သည်။



'ဪ....မင်းကို....'

ချမ်းလျှံက ခေါင်းညိတ် လိုက်သည်။

'ဟုတ်ပါတယ်....ကျွန်တော် ချမ်းလျှံပါ'

ကျန်ကျောင်းက သူ့အား စိုက်ကြည့်လိုက်သည်၊

'မင်းက ဘာအမှု တိုင်မှာလဲ'

ချမ်းလျှံက ခေါင်းခါရမ်း လိုက်သည်၊

'ကျွန်တော် တိုင်မယ့် အမှုဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့ မိခင်က တိုင်ကြားခိုင်းလိုက်တာပါ'

ကျန်ကျောင်းက သူ့အား ကြည့်လိုက်သည်။

'မင်းရဲ့ မိခင်က ဘယ်မှာလဲ'

ချမ်းလျှံက ခေါင်းခါယမ်းပြလိုက်ပြန်လေသည်။

'ကျွန်တော့် မိခင်က မျက်မမြင်တစ်ယောက်မို့ ပါမလာပါဘူး'

ကျန်ကျောင်းက အနည်းငယ် စဉ်းစားပြီးမှ....

'လိုက်ခဲ့ပါ'

ဟု ပြောကာ အခန်းတွင်းသို့ ဝင်သွားလေတော့သည်၊

ချမ်းလျှံက မငိုမရဲဖြင့် နောက်မှ လိုက်ပါသွားရလေတော့သည်။

*   *   *

ခန်းမထဲတွင် စားပွဲကြီးတစ်လုံးရှိသည်။

ထိုစားပွဲကြီး၏ နောက်တွင် ပေါင်ချင်းထန်းက ခန့်ညားစွာ ထိုင်နေလေသည်။

စားပွဲ၏ တစ်ဖက်တစ်ချက်တွင် သစ်သားတုတ်ကိုယ်စီ ကိုင်ဆောင်ထားသော လူလေးယောက်က စီတန်း၍ ထိုင်နေလေသည်။

ကျန်ကျောင်းက ချမ်းလျှံအား စားပွဲရှေ့သို့ ခေါ်ဆောင်သွားပြီး ဒူးထောက်စေ၏။

သူက ပေါင်ချင်းထန်းအား ဦးညွှတ်ကာ....

'ဟောဒီ သူငယ်က သူ့မိခင်ရဲ့ အမှုတစ်ခုကို တိုင်ကြားပါရစေလို့ ပြောပါတယ်'



ပေါင်ချင်းထန်းက ခေါင်းငုံ့နေသော ချမ်းလျှံအား တစ်ချက်ကြည့်လိုက်သည်။

'ခေါင်းမော့လိုက်စမ်း'

ချမ်းလျှံက ခေါင်းမော့လိုက်ရ၏။

ပေါင်ချင်းထန်းက ချမ်းလျှံအား ကောင်းစွာ မှတ်မိလိုက်လေသည်။

'မင်းက ဘာအမှုကို တိုင်မလို့လဲ'

ချမ်းလျှံက ခေါင်းခါယမ်းလိုက်၏။

'ကျွန်တော် တိုင်မှာမဟုတ်ပါဘူး၊ ကျွန်တော်ရဲ့ မိခင်က တိုင်ခိုင်းလိုက်တာပါ'

ပေါင်ချင်းထန်းအား မျက်လုံးစေ့ကြည့်လိုက်လေတော့သည်။

'မင်းရဲ့မိခင် ဘယ်မှာလဲ သူက ဘာအမှုကို တိုင်မှာလဲ ဘာဖြစ်လို့ ကိုယ်တိုင် မလာရတာလဲ'

ဟု ဆက်တိုက်မေးလိုက်၏။

ချမ်းလျှံက မိမိ၏ မိခင် မှာလိုက်သည့် စကားများကို ပြန်လည်ပြောပြလိုက်လေသည်။

'ကျွန်တော့်မိခင်ဟာ မျက်မမြင်တစ်ယောက်ပါ သူက မိုးလောက်ကြီးတဲ့ အမှုတစ်ခုကို တိုင်ချင်တယ်လို့ ပြောပါတယ် သူ....သူက'

သူက စကားဆက်မပြောဝံ့ဘဲ ဖြစ်နေလေသည်။

ပေါင်ချင်းထန်းက ခေါင်းတစ်ချက် ညိတ်ပြကာ....

'ပြောမှာသာ ပြောပါ'

ချမ်းလျှံက အရဲစွန့်၍ ပြောလိုက်လေသည်။

'ကျွန်တော့်ရဲ့မိခင်က ပေါင်ချင်းထန်းကို သူ့ဆီကို လာခဲ့ဖို့ ဖိတ်ခေါ်ခိုင်းလိုက်ပါတယ် မိုးလောက်ကြီးတဲ့အမှု'

သူ၏ စကားမဆုံးမီ စီတန်း၍ ရပ်နေကြသော လူများက အော်ငေါက်လိုက်လေသည်။

'ဟေ့....တရားသူကြီးကို ဒီလိုမရိုမသေ ပြောတာ သေချင်လို့လား'

သူတို့၏ ပြိုင်တူအော်ငေါက်လိုက်သော အသံမှာ ခန်းမကြီးတစ်ခုလုံး ဟိန်းထွက်သွားလေသည်။

ချမ်းလျှံ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ပေါင်ချင်းထန်းက မိမိ၏လူများကို လက်ကာ၍ ဟန့်တားလိုက်သည်။



ထို့နောက်....

ချမ်းလျှံအား ဤသို့ ပြောလိုက်၏။

'မင်းရဲ့မိခင်က သူ့ဆီကို လာခဲ့ဖို့ ငါ့ကို ခေါ်ခိုင်းလိုက်တယ် ဟုတ်လား'

ချမ်းလျှံက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် တရားသူကြီးမင်း ကျွန်တော်က တရားသူကြီးမင်းကို လာမခေါ်ဝံ့ပါဘူး၊ အမေက....အမေက'

ပေါင်ချင်းထန်းက အားပေးလိုက်၏။

'ရဲရဲစံ့စံ့ ပြောပါ'

ချမ်းလျှံက အိတ်ထဲမှ ရွှေဆံထိုးကို ထုတ်ယူကာ လက်နှစ်ဖက် ဖြင့် ရိုသေစွာ မြှောက်ပြလိုက်သည်။

'အမေက တရားသူကြီးမင်းကို ဟောဒီ ရွှေဆံထိုးပြလိုက်ပါတဲ့'

ပေါင်ချင်းထန်းက ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။

ကျန်ကျောင်းက ရွှေဆံထိုးကိုယူကာ ပေါင်ချင်းထန်းထံသို့ လာရောက်ပြသလိုက်သည်။

ပေါင်ချင်းထန်းက ရွှေဆံထိုးကို ကောက်ယူ၍ သေချာစွာ စစ်ဆေးကြည့်လိုက်သောအခါ ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားလေသည်။

ယင်း ရွှေဆံထိုးသည် သာမန်ရွှေဆံထိုးတစ်ခု မဟုတ်ပါ။

ဤရွှေဆံထိုးမျိုးကို နန်းတွင်းသူများမှသာ အသုံးပြုနိုင်ကြလေသည်၊

ထို့အပြင်....

ဤဆံထိုးမှာ နန်းတွင်းသူများထဲတွင် အဆင့်မြင့်သော ရာထူးရှိသည့် အချို့သမီးများထဲ၌ ရှိတတ်လေသည်။

သူ၏ မျက်နှာတစ်ခုလုံး လေးနက်တည်ကြည်နေလေတော့သည်၊

'အင်း....ဒီဆံထိုးဟာ မိဖုရားအဆောင်အယောင် ဆံထိုးမျိုးပဲ'

သူက ယင်းသို့ ကောက်ချက်ချကာ ချမ်းလျှံအား စိုက်ကြည့်လိုက်သည်။



'ချမ်းလျှံ မင်းရဲ့ နေအိမ်က ဘယ်မှာလဲ'

ချမ်းလျှံက အနည်းငယ် အားတက်လာ၏။

'ရှန်းရှန်းကျေးရွာမှာပါ'

ပေါင်ချင်းထန်းက ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။

'ဒီဆံထိုးကို ငါယူထားမယ်၊ မင်း အမေကို မနက်ဖြန် စောစောမှ တရားသူကြီးမင်းက လာခဲ့ပါမယ်လို့ ပြောလိုက်ပါ....'

ချမ်းလျှံက အလွန်အံ့ဩသွားလေသည်။

သူက မိမိ၏ နားပင် အကြားလွဲခဲ့လေသလောဟု ထင်မှတ်မိလေသည်၊

ကျန်ကျောင်း ချိုဟူနှင့် ခန်းမထဲ၌ စီတန်း၍ ရပ်နေကြသော လူများကလည်း အလွန်အံ့ဩသွားမိကုန်ကြလေတော့သည်။

ချမ်းလျှံက ပေါင်ချင်းထန်းအား ဦးညွှတ်ကာ တရားရုံးထဲမှ ဝမ်းသာအားရ ပြေးထွက်ခဲ့လေသည်။

သူသည် ဝမ်းသာလွန်း၍ လမ်းတစ်လျှောက် မရပ်မနား ပြေးလွှားခဲ့ရာ မိမိနေထိုင်သော ရှန့်ရှန်းကျေးရွာဆီသို့ မည်သို့မည်ပုံ ရောက်ရှိခဲ့မှန်းပင် မသိတော့ပါချေ။

* * *

'မေမေ....မေမေ'

ချမ်းလျှံသည် ဝမ်းသာအားရဖြင့် အော်ဟစ်ခေါ်ရင်းမှ အိမ်ထဲသို့ ပြေးဝင်လာလေသည်။

အမျိုးသမီးကြီးက အေးဆေးသော အသံဖြင့်....

'ချမ်းလျှံ မင်း ဘယ်လိုဖြစ်လာတာလဲ'

ချမ်းလျှံက သူမရှေ့တွင် ဒူးထောက်ကာ သူမ၏ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

'မေမေ့ကို ဝမ်းသာစရာ ပြောရဦးမယ်၊ တရားသူကြီးမင်းက မနက်ဖြန် သားတို့အိမ်ကို လာမယ်တဲ့'



အမျိုးသမီး၏ မျက်နှာအနည်းငယ် ကြည်လင်လာလေသည်။

'အင်း...သူလာမယ် ဆိုရင်တော့ မေမေနဲ့ သားတို့ဟာ ကံကောင်းစပြုလာပြီလို့ ပြောရတော့မှာပဲလေ'

ချမ်းလျှံက မိခင်ဖြစ်သူအား ကြည့်လိုက်သည်။

'ဒါနဲ့....မေမေ့ကိုသား စကားတစ်ခွန်း မေးပါရစေ'

အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်သည်။

'မေးလေ...ဘာမေးမလို့လဲ'

ချမ်းလျှံက ဤသို့ပြောလိုက်၏။

'တရားသူကြီးမင်းဟာ ရာထူးအတော်ကြီးတယ် မဟုတ်လား'

အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ'

ချမ်းလျှံက နားမလည်နိုင်စွာဖြင့်....

'သူက ဒီလောက် ရာထူးကြီးလျက်သားနဲ့ ဘာဖြစ်လို့ ကျွန်တော်တို့အိမ်ကို လာမယ်လို့ ကတိပေးတာလဲဟင်'

အမျိုးသမီးကြီးက ရှင်းပြလိုက်သည်။

'ဒီတရားသူကြီးဟာ တခြားတရားသူကြီးတွေလို မဟုတ်ဘူးသားရဲ့၊ သူကနယ်လှည့်ပြီး မရှိဆင်းရဲသားတွေ့ရဲ့ အမှုကို အစိုက်ထားပြီး အမှန်တရားတွေကို ဖော်ထုတ် ပေးနေတဲ့ လူလေ'

ချမ်းလျှံက ခေါင်းခါရမ်းလိုက်သည်။

'မဟုတ်သေးပါဘူး မေမေရယ်၊ သူ့ကိုကြည့်ရတာ မေမေ ပေးခိုင်းတဲ့ ရွှေဆံထိုးကို အတော်လေး အလေးအနက်ထားပုံပဲ ဒီရွှေဆံထိုးကြောင့်သာ သူကလာမယ်လို့ ပြောစာဖြစ်ရမယ်'

အမျိုးသမီးက စကားမပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

ချမ်းလျှံက မိခင်ဖြစ်သူအား ကြည့်လိုက်သည်။

'မေမေ....ဒီရွှေဆံထိုးဟာ မေမေ့ရဲ့ ပစ္စည်းလားဟင်'

အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်သား'

ချမ်းလျှံက အနည်းငယ် စဉ်းစားလိုက်လေသည်။

'ဒါဆိုရင် တရားသူကြီးမင်းဟာ မေမေ့ကို သိနေသလား မသိဘူးနော်'



သူ၏ စကားမဆုံးမီ အမျိုးသမီးက ဟန့်တားလိုက်လေသည်။

'တော်တော့...သားက စကားအတော်များတာပဲ၊ ကဲ... ကဲ... လုပ်စရာရှိတာတွေ လုပ်စမ်း'

'ဟုတ်ကဲ့ပါ မေမေ'

ချမ်းလျှံက ထိုင်ရာမှထကာ မီးဖိုချောင်ဆီသို့ လျှောက်သွားလေသည်။

အမျိုးသမီးကြီးမှာမူ ရှည်လျားသော လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်လေတော့သည်။

*

ကွင်းစာပေ

နောက်တစ်နေ့....

နံနက်ချိန်ဖြစ်သည်။

ချမ်းလျှံက ခါတိုင်းကဲ့သို့ စောစောစီးစီးပင် အိပ်ရာမှ ထလိုက်လေသည်။

ယနေ့....

ပေါင်ချင်းထန်း လာမည်ဆိုသွားသဖြင့် သူက ဟင်းသီးဟင်းရွက်များကို သွားရောင်းခြင်း မပြုတော့ပါချေ။

သူက အိပ်ရာမှထလိုက်သည်နှင့် ထမင်းဟင်းချက်ရန် ပြင်ဆင်နေလေသည်။

မိခင်ဖြစ်သူက ထိုအချိန် ငြိမ်သက်စွာ ထိုင်နေခြင်းကို တွေ့မြင်လိုက်ရသည်။

ယခင်နေ့များက မိုးစင်စင်လင်းမှ အိပ်ရာမှထတတ်သော မိခင်က ယနေ့ ပေါင်ချင်းထန်း လာမည်ဟု သိသွားသောကြောင့် နံနက်စောစော နိုးထနေခြင်းဟု နားသည်လိုက်လေသည်။

သူက ဆီမီးခွက်ကို မီးသွန်းညှိလိုက်သည်၊

ယခုမှ....

မိခင်ဖြစ်သူမှာ တစ်မျိုးတစ်ဖုံ အသွင်ပြောင်းလွဲ နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ယနေ့....

သူ၏မိခင်သည် သေတ္တာထဲ၌ နှစ်ပေါင်းအဘန်ကြာကြာ ဝတ်ဆင်ခြင်းမပြုသော အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။



သူမက အဝတ်အစားများ လဲထားသည့်အပြင် ဆံထားသာများကိုလည်း ငယ်ထိပ်ပေါ်၌ စုစည်းထားသည်။

ယနေ့ သူမသည် မည်သည့်နေ့နှင့်မျှ မတူဘဲ အလွန်အထက်တန်းကျသော ဟန်မူရာမျိုး ဖြစ်နေခြင်းကို တွေ့မြင်နေရလေသည်။

ချမ်းလျှံက သူမအား ဂါရဝပြု၍ နှုတ်ဆက်လိုက်သည်။

'မေမေ....အစောကြီး နိုးနေပြီလား'

သူက ခါတိုင်းနေ့က အတိုင်းပင် ဂါရဝပြုရင်းမေးလိုက်သည်။

အမျိုးသမီးကြီးက ပြုံးလိုက်သည်။

အလွန်ကြည်လင်၍ ကျက်သရေရှိသော အပြုံးမျိုးဖြစ်သည်ဟု ချင်းလျှံက ခံစားမိလိုက်သည်။

သူမှတ်မိသမျှ မိခင်ဖြစ်သူက ဤတစ်ကြိမ်သာလျှင် ပြုံးခဲ့ဖူးကြောင်း မှတ်မိနေလေသည်။

သူက မျိုသိပ်မထားနိုင်တော့ဘဲ ဤသို့ မေးလိုက်သည်။

'မေမေ....ကနေ့ မေမေ အတော်လေး ပျော်ရွှင်နေပါလား၊ ကျွန်တော့် တရားသူကြီး ပေါင်ချင်းဘန်း လာမယ်ဆိုလို့ ထင်တယ်'

အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် — သားရဲ့'

ချမ်းလျှံက သူမအား နားမလည်နိုင်စွာဖြင့် မေးလိုက်
သည်။

'မေမေ....မေမေ့မှာ ဘယ်လိုအမှုမျိုးရှိလို့ တရားသူကြီးက
တိုင်ကြားမှုလို့လဲဟင်'

အမျိုးသမီးကြီး၏ မျက်နှာပေါ်တွင် ပြုံးယောင်မျာ
မရှိတော့ပါ။

သူမက စကားမပြောတော့ဘဲ တွေဝေငေးငိုင် နေဓ
သည်။

ချမ်းလျှံသည် အရွယ်ရောက်နေပြီဖြစ်သော လူရွယ်တ
ယောက်ဖြစ်သည်။

မြို့ထဲသို့သွားကာ ဟင်းရွက်များ ရောင်းချနေသူ ဖြစ်
ဖြင့် လူတန်းစားအလွှာမျိုးစုံကို တွေ့မြင်ခဲ့ဖူးလေသည်။

ထို့ကြောင့်....

ယခု မိခင်၏ ခန္ဓာကိုယ်ပေါ်တွင် ဝတ်ဆင်ထားေ
အဝတ်အစားမှာ မည်သည့်လူတန်းလွှာမှ အဝတ်အစား



ကြောင်းကို တိတိကျကျ မသိသော်လည်း အလွန် အထက်တန်း
ကျနေကြောင်း ခန့်မှန်းသိရှိနေလေသည်။

သူ၏ စိတ်ထဲ၌ သံသယများစွာ ဖြစ်ပေါ်လာမိသည်။

'မေမေ....အခုဝတ်ထားတဲ့ အဝတ်အစားတွေဟာ မေမေ့
ရဲ့ကိုယ်ပိုင် အဝတ်အစားလားဟင်'

ချမ်းလျှံက ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုမေးမိတာကို စိတ်မဆိုးပါနဲ့ဗျာ၊ သားရဲ့ စိတ်ထဲမှာ
မေမေဟာ သာမန်မိန်းမတစ်ယောက်ထဲမှ ဟုတ်ရဲ့လားလို့ သံသယ
ဖြစ်လာမိလို့ပါ'

အမျိုးသမီးကြီးက ဘုရားစင်ဘက်သို့ မျက်နှာမူလိုက်၏။

'သား...အခုအချိန်မှာ မေမေ့ရဲ့စိတ်တွေ သိပ်လှုပ်ရှားနေ
တယ်၊ ဘာကိုမှ မမေးစေချင်ပါဘူး၊ ဒါပေမယ့်'

'သားကို တစ်ခုကြိုတင် ပြောပြနိုင်တာကတော့'

သူမက စကားကို ခေတ္တရပ်နားပြီးမှ ဖြည်းလေးစွာ
ပြောချလိုက်လေသည်။

'ဒီကနေ့...ခမင်း နဲ့ လာတွေ့မယ့် တရားသူကြီးမင်းဟာ
ပေါင်ချင်းတန်းသာ အမှန်တကယ် ဖြစ်ခဲ့မယ်ဆိုရင် မေမေ
ဘဝမှာ တစ်ဆယ့်ရှစ်နှစ်လုံးလုံး ကြေကြေကွဲကွဲ ခံစားခဲ့ရတဲ့

မတရားမှုဟာ အမှန်တရား ပေါ်ပေါက် လာလိမ့်မယ်လို့ ယုံကြည်တယ်၊ အဲဒီအချိန်ရောက်ရင်တော့ မေမေလဲ သေပျော်ပါပြီ၊ ကဲ...ကဲ...မေမေ ဘုရားအာရုံ ပြုလိုက်ဦးမယ်၊ သားလုပ်စရာရှိတာ သွားလုပ်ပေတော့'

'ဟုတ်ကဲ့ပါ...မေမေ'

ချမ်းလျှံက နံနက်စာစားရန် မီးဖိုချောင်ဆီသို့ ဝင်ခဲ့လေတော့သည်၊

*     *     *

အချိန်သည် အလွန်စောနေသေး၏၊

သို့သော်....

ထမင်းဟင်းမျှား ကျက်နေပြီဖြစ်သည်။

ချမ်းလျှံတို့ သားအမိသည် နံနက်စာ စားနေကြလေသည်။

အမျိုးသမီးကြီးမှာ စိတ်လှုပ်ရှား၍ နေ၍လောမသိ။



ထမင်းပန်းကန် တစ်ဝက်သာစားပြီး ရပ်တန့်လိုက်၏၊

ချမ်းလျှံက မိခင်ဖြစ်သူအား ကြည့်လိုက်သည်။

'မေမေ....စားမကောင်းလို့လား ဟင်'

အမျိုးသမီးကြီးက သူ၏အမေးကို မဖြေဘဲ....

'သားလေး ပေါင်ချင်းထန်းက ဘယ်တော့လာမယ်လို့ ပြောလိုက်သလဲ'

ချမ်းလျှံက အနည်းငယ်စဉ်းစားကာ....

'စောစောလာမယ်လို့ ပြောလိုက်ပါတယ်'

အမျိုးသမီးကြီးက မျက်မှောင်ကုတ်လိုက်သည်။

'အခု ဘယ်အချိန်ရှိပြီလဲ'

ချမ်းလျှံက တံခါးပေါက်ဝဆီသို့ လှမ်းကြည့်လိုက်၏၊

'စောပါသေးတယ် မေမေရယ်'

အမျိုးသမီးကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်းလေ....တရားသူကြီးမင်း ဆိုတဲ့ရာထူးဟာ အတော်လေးမြင့်ပါတယ်၊ ငါတို့လို ဇနပုဒ်ကို လာမှလာပါ့မလားမသိဘူး'

ချမ်းလျှံက နဂိုကပင် ပေါင်ချင်းထန်း လာမှ လာပါ့မလားဟု စိုးရိမ်နေစဉ် မိခင်၏စကားကိုကြားရသောကြောင့် စိတ်မကောင်း ဖြစ်သွားလေသည်။

သို့သော်....

သူ၏မိခင်အား နှစ်သိမ့်လိုက်၏။

'မေမေရယ်၊ ပေါင်ချင်းထန်းဆိုတာ သူဆင်းရဲတွေရဲ့အားအကိုးရဆုံး တရားသူကြီးမင်းပါ၊ သူက လာမယ်ဆိုရင် လာမှာပါ'

အမျိုးသမီးကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'သားပြောသလို ဖြစ်ပါစေလို့ပဲ ဆုတောင်းပါတယ်'

ထိုအချိန်မှာပင်...

မောင်းထုသံတစ်ချက် ထွက်ပေါ်လာခြင်းကို သူမက ခပ်သဲ့သဲ့ ကြားလိုက်ရ၏။

'ဟော... မောင်းထုသံကြားတယ်၊ ပေါင်ချင်းထန်းလာနေပြီလား မသိဘူး'

ချမ်းလျှံက မောင်းထုသံကို မကြားမိပါချေ။



သူက မိခင်စိတ်စွဲလမ်း၍ ပြောဆိုနေခြင်းဟုပင် ထင်မှတ်မိလေသည်။

ထို့ကြောင့် သူက ဆိတ်ဆိတ်နေလိုက်မိ၏။

ယင်းအချိန်မှာပင်....

'တုံ'

မောင်းသံတစ်ချက်ထွက်ပေါ်လာခြင်းကို ပီပီပြင်ပြင်ကြားလိုက်ရလေသည်။

သူ အလွန်ဝမ်းသာသွား၏။

'ဟာ...ဟုတ်တယ်မေမေ၊ မောင်းသံ ကြားနေရတယ်၊ တရားသူကြီးမင်း လာနေပြီထင်တယ်'

အမျိုးသမီးကြီးက မျက်နှာတစ်ခုလုံး ကြည်လင်ရွှင်ပြလာလေသည်။

'သား....မြန်မြန်သွားကြိုလိုက်ဦးကွယ်'

ချမ်းလျှံက ထမင်းပန်းကန်များကို ကပန်းကသန်းသိမ်းဆည်းကာ အိမ်ထဲမှ ပြေးထွက်သွား၏။

အမျိုးသမီးကြီးက လက်အုပ်ချီ၍ ခေါင်းမော့ရိုက်သည်။

'နတ်သိကြားမလို ပေါင်ချင်းထန်းအစစ် ဖြစ်ပါစေ'

ဟု တီးတိုး ဆုတောင်းလိုက်လေတော့သည်၊

*  *  *

'တုံ....တုံ....တုံ'

မောင်းထုသံများ တစ်စထက်တစ်စ ကျယ်လောင်လာသည်။

ထိုမောင်းသံကိုကြားလိုက်ရသော ရွာသူရွာသားများတို့သည် ပြေးလွှားစုရုံးသွားကာ မောင်းသံ ထွက်ပေါ်လာရာဆီသို့ အံ့သြစွာကြည့်ကြလေသည်။

မောင်းသံထွက်ပေါ်လာသောနေရာမှာ ရှည်လျားလှသော ရွာအဝင် လမ်းကလေးဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ယင်းမောင်းသံသည် မင်းစိုးရာဇာတို့ ဖြတ်သန်းသွားမည့် လမ်းပေါ်ရှိလူများအား ဖယ်ရှားစေသည့် အသံဖြစ်ကြောင်း အားလုံးနားလည်နေကြသည်။



ထို မင်းစိုးရာဇာသည် မည်သူဖြစ်ပါသနည်း။

အဘယ်ကြောင့် လမ်းမဘက်သို့မသွားဘဲ ရွာကလေးဆီသို့ ဦးတည်၍လာ နပါသနည်း။

ရွာသူရွာသားများ၏ရင်ထဲ၌ ဖြစ်ပေါ်နေသော မေးခွန်းများပင်ဖြစ်သည်။

ချမ်းလျှံက ရွာထိပ်သို့ရောက်ရှိလာသောအခါ ရွာဝင်လမ်းကလေးအတိုင်း လူတစ်စုနှင့် ဝေါစင်တစ်စင်းကဲတရွေ့ရွေ့ ဝင်ရောက်လာခြင်းကို တွေ့မြင်လိုက်ရ၏။

မောင် သံမှာ ပို၍ပို၍ ကျယ်လောင်လာ၏။

ရှေ့ဆုံးမှ မောင်းထု၍လာနေသော လုလင်နှစ်ယောက်နောက်တွင် ကျန်ကျောင်းနှင့်ချီဟူတို့က ပါရှိလာသည်။

သူတို့၏နောက်တွင်မူ လူသန်ကြီးနှစ်ယောက် ထမ်းထားသော ဝေါစင်က ပါရှိလာ၏။

ဝိုင်းရံကြည့်နေသောရွာသူရွာသားများမှာ ကမန်းကတန်း ရွာထဲသို့ ပြန်ပြေးဝင်လာကာ မိမိအိမ်ပေါ်သို့ အသီးသီး ဝင်နေကြ လသည်။

သူတို့သည် အံ့သြစွာဖြင့် အိမ်ထဲမှ ချောင်းကြည့်နေကြသည်။

ချမ်းလျှံကမူ ဒူးထောက်၍ ကြို ဆိုလိုက်၏၊

မောင်းထုသံများ ရပ်စဲသွားမိပြီ ဖြစ်၏၊

ကျန်ကျောင်းက လျှောက်လာပြီး ဒူးထောက်နေသော ချမ်းလျှံအား မေးလိုက် သည်။

'တရားသူကြီးမင်း ကြွလာတယ်၊ မင်းအိမ်က ဘယ်မှာလဲ'

ချမ်းလျှံက ဦးညွှတ်၍ ကမန်းကတန်း ထရပ်လိုက်၏၊

'ဟုတ်ကဲ့...ကျွန်ုပ်နောက်ကို လိုက်ခဲ့ပါ'

ဟု ခေါ်ကာ လမ်းပြ၍ခေါ်ဆောင်သွားသည်။

သူက အိမ်နှင့် မလှမ်းမကမ်းတွင် ရပ်တန့်လိုက်၏။

ကျန်ကျောင်းက ချမ်းလျှံအား ကြည့်လိုက်သည်၊

'ချမ်းလျှံ...အသင့်ရဲ့မိခင်ကို တရားသူကြီးမင်းကြွရောက်လာပြီလို့ သတင်းပို့လိုက်ပါ'

ချမ်းလျှံက ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့ပါ ခင်ဗျာ'

သူက အိမ်ထဲသို့ အပြေးကလေးဝင်ရောက် သတင်းပို့လေသည်။



'မေမေ....တရားသူကြီးမင်း ကြွရောက်လာပြီ၊ သွားတွေ့ကြရအောင်'

ဟု ပြောကာ မိခင်၏လက်ကိုတွဲခေါ်ရန် ဟန်ပြင်လိုက်သည်။

အမျိုးသမီးကြီးက ခေါင်းခါရမ်းလိုက်၏။

'ငါ့ကိုမတွဲနဲ့၊ တရားသူကြီးမင်းကို အိမ်ထဲလာတွေ့ဖို့ပြောလိုက်ပါ'

ချမ်းလျှံ တုန်လှုပ်သွားမိလေသည်။

သူက စိုးရိမ်ကြီးစွာဖြင့်....

'မေမေပဲ ထွက်တွေ့လိုက်ပါလားဗျ'

အမျိုးသမီးကြီးက ခေါင်းခါယမ်းလိုက်သည်။

'သားလေး.. မေမေမှာတဲ့အတိုင်း သွားပြောလိုက်စမ်း'

သူမ၏အသံမှာ ဩဇာအာဏာတို့ ပါရှိနေလေသည်။

ချမ်းလျှံက အိမ်ထဲမှ မစံ့မရဲ ထွက်လာရလေသည်၊

ထို့နောက် ကျန်ကျောင်းအား ဤသို့ ပြောပူက်ရသည်။

'မေမေက မျက်မမြင်ဒုက္ခိတတစ်ယောက်ပါ၊ ဒါကြောင့် တရားသူကြီးမင်းကို အိမ်ထဲကြွဖို့ မေမေကဖိတ်ခေါ်လိုက်တာပါ တယ်'

ချိုဟူက သည်းမခံနိုင်တော့ပါ။

'အမှုတိုင်တယ်ဆိုတာ တရားလိုက ရုံးဘော်ကိုလာတိုင်ရ တယ်ကွ၊ အခုတော့ ငါတို့ တရားသူကြီးမင်းဟာ သဘော ကောင်းလွန်းပြီးလိုက်လာတာတောင်မှ မင်းတို့က အခွင့် အရေးယူလွန်းလှချည့်လား'

ဟု အော်ငေါက်လိုက်လေသည်။

ကျန်ကျောင်းကသည်း ဤသို့ဝင်ရောက်ပြောလိုက်၏။

'အေး....မင်းအမေက ယွက်မတွေ့နိုင်ဘူးဆိုရင်တော့ ငါတို့ လှည့်ပြန်တော့မယ်'

ထိုအချိန် ဝေါစင်ထဲမှ ပေါင်ချင်းထန်း၏အသံ ထွက် ပေါ် လာလေသည်။

'ဟေ့....ပြည်သူပြည်သားတွေအပေါ် ဒီလို မဆက်ဆံဖို့ မှာငါ့ထားတယ် မဟုတ်လား'



ချိုဟူ၏ချက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

'ဟုတ်ကဲ့....ကျွန်တော်တို့မှတ်မိပါတယ်၊ ဒါပေမယ့် သူတို့ လုပ်ပုံတွေက တရားသူကြီးမင်းရဲ့သိက္ခာကို ဆွဲချသလို ဖြစ် နေလို့ပါ'

ပေါင်ချင်းထန်း၏အသံက ထပ်မံ ထွက်ပေါ်လာ၏။

'သိက္ခာဆိုတဲ့အရာဟာ ကိုယ်ကိုယ်တိုင်ကလွှဲရင် ဘယ်သူမှ ဆွဲချလို့မရဘူး'

သူက ဝေါစင်ထမ်းထားသော လူနှစ်ယောက်အား ဤသို့ ပြောလိုက်လေသည်။

'ဝေါစင်ချလိုက်ပါ'

လူသန်ကြီးနှစ်ယောက်က ဝေါစင်အား ချလိုက်ရလေ သည်။

ပေါင်ချင်းထန်းက ဝေါစင်ထဲမှထွက်လိုက်ပြီး....

'ကိုင်း....အသင့်ရဲ့အမေကို ကျွန်ုပ်ကိုယ်တိုင် ဝင်တွေ့ပါ့ မယ်'

သူက စကားဆုံးသည်နှင့် အိမ်ကလေးထဲသို့ခေါင်းငုံ့ကာ ဝင်ရောက်သွားလေသည်။

*　　*　　*

ပေါင်ချင်းထန်းက တုတ်တုတ်မျှ မလှုပ်ဘဲ ထိုင်နေသော အမျိုးသမီးကြီး တစ်ယောက်အား တွေ့မြင်လိုက်ရသည်။

သူက အမျိုးသမီးကြီးအား အကဲခတ်ကြည့်လိုက်ရသည်၊ အမျိုးသမီးကြီးမှာ ဘဝ၏ ရိုက်ပုတ်မှုဒဏ်ကို လူးလိမ့်ခံစားထားရသည့် ကြားမှပင် မြင့်မြတ်၍ အထက်တန်းကျလှသော ရုပ်သွင်အားစိုးစဉ်းမျှ ထိခိုက်သွားခဲ့ခြင်း မရှိပါချေ။

သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဝတ်အစားသည် နန်းတွင်းသူတစ်ယောက် ဖြစ်ကြောင်းကို ဖော်ပြနေလေသည်။

နန်းတွင်းသူ....

နန်းတွင်းသူဆိုသည့် နေရာတွင် မိဖုရားများသာ ဝတ်ဆင်ရသည့် အဝတ်အစား အဆင့်မျိုးဖြစ်ကြောင်း ကောင်းစွာ အကဲခတ်နိုင်ခဲ့လေသည်။



သူမ၏ ရွှေဆံထိုးမှာ မိဖုရား၏ အဆောင်အယောင်ဖြစ်ကြောင်း သိရှိခဲ့ပြီးဖြစ်သည်။

ယခု....

သူမ၏ ဆင်ယင်ထုံးဖွဲ့ပုံကို မြင်တွေ့လိုက်သောအခါ မိဖုရားတစ်ပါး ဖြစ်နေမည်လောဟု သံသယဖြစ်မိလေသည်။

အကယ်၍ မိဖုရားဖြစ်ခဲ့ပါလျှင် မည်သူမည်ဝါ ဖြစ်ပါသနည်း။

သူမသည် မည်သည့် မတရားမှုမျိုးကို တိုင်ကြားလာမည်နည်း။

သူက အကဲခတ်ကြည့်နေစဉ်....

ချမ်းလျှံက ဤသို့ ပြောလိုက်သည်။

'မေမေ....တရားသူကြီးမင်း ကြွရောက်လာပါပြီ'

အမျိုးသမီးကြီးက ခေါင်းတစ်ချက် ညိတ်လိုက်သည်၊

'ပေါင်ချင်းထန်း....ကျွန်ုပ်၏ ရှေ့မှောက်ကို ရောက်ရှိလာပြီး၊ ဘာ့ကြောင့် ဂါရဝမပြုရတာလဲ'

ပေါင်ချင်းထန်းက သူမအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

'အသင်ကမည်သူလဲ....ဘာ့ကြောင့် ကျွန်ုပ်က ဂါရဝပြုရမှာလဲ'

အမျိုးသမီးကြီးက ခေါင်းကို ဖြေးညင်းစွာ ခါယမ်းလိုက်သည်။

'အသင်ဟာ....ပေါင်ချင်းထန်း အစစ် ဟုတ်မဟုတ်ဆိုတာကို စစ်ဆေးကြည့်ပြီးမှပဲ ကျွန်ုပ်ရဲ့ အမည်ကို ပြောနိုင်ပါလိမ့်မယ်'

ပေါင်ချင်းထန်းက သူမအား နားမလည် နိုင်စွာဖြင့် ကြည့်လိုက်သည်။

'အသင်ဟာ မျက်မမြင်တစ်ယောက်ပါ၊ သင်ဘယ်လို စစ်ဆေးလို့ သိမှာလဲ'

အမျိုးသမီးကြီးက လျှို့ဝှက်စွာ ပြုံးလိုက်သည်။

'ကျွန်ုပ်ရှေ့ကို တိုးလိုက်ပါ၊ ကျွန်ုပ်က စစ်ဆေးကြည့်နိုင်ပါတယ်'

ပေါင်ချင်းထန်းက သူမ၏ ရှေ့သို့ ချဉ်းကပ်သွားရလေသည်။

အမျိုးသမီးကြီးက ဤသို့ဆပ်မံ ပြောလိုက်သည်။



'အသင်ရဲ့ ခန္ဓာကိုယ်ကို နောက်လှည့်လိုက်ပါ၊ ကျွန်ုပ်က သင်ရဲ့ နောက်စေ့ကို စမ်းသပ်ချင်ပါတယ်'၊

ပေါင်ချင်းထန်းက နောက်လှည့်ပေးလိုက်၏။

အမျိုးသမီးကြီးက ထရပ်ကာ ပေါင်ချင်းထန်း၏ နောက်စေ့ကို သေချာစွာ စမ်းကြည့်လိုက်သည်။

ထို့နောက် သက်ပြင်းရှည်တစ်ချက် ချကာ....

'အင်း....အသင်ဟာ ပေါင်ချင်းထန်း အစစ်ဆိုတာ ကျွန်ုပ်ယုံကြည်ပါပြီ'

ပေါင်ချင်းထန်းက အလွန်ပင် စိတ်ဝင်စား သွားမိလေသည်။

'အသင်က ဘာ့ကြောင့် အခုလို သိနိုင်ပါသလဲ'

အမျိုးသမီးကြီးက ဤသို့ ရှင်းပြလိုက်လေသည်။

'ပေါင်ချင်းထန်းရဲ့ နောက်စေ့ဟာ သာမန်လူနဲ့ မတူတဲ့ အရိုးနှစ်ခု ရှိတယ်ဆိုတာကို ကျွန်ုပ်သိထားပါတယ်'

ပေါင်ချင်းထန်း၏ ရင်ထဲ၌ တစ်ချက် လှုပ်ရှားသွားလေသည်၊

ဤအချက်မှာ အလွန်လျှို့ဝှက်သော အချက် တစ်ချက်ဖြစ်လေသည်။

ထိုအမျိုးသမီးကြီးက မိမိ၏ လျှို့ဝှက်ချက်ကို အဘယ့်ကြောင့် သိရှိနေပါသနည်း။

သူက ထိုအမျိုးသမီးကြီးအပေါ် အလွန်စိတ်ဝင်စားလာမိလေသည်။

'ဒါနဲ့....အသင် ဘယ်သူဘယ်ဝါဆိုတာ ပြောပြပါဦး'

အမျိုးသမီးကြီးက ပြန်လည်ထိုင်ချလိုက်သည်။

ထို့နောက် သူ့ရှေ့ရှိ ကောက်ရိုးခင်းထားသော နေရာအား လက်ဝါးဖြင့် ပုတ်ပြလိုက်သည်၊

'ထိုင်ပါလေ....အခု ကျွန်ုပ်ဘဝမှာ တစ်ဆယ့်ရှစ်နှစ်လုံးလုံး တိမ်မြုပ်နေခဲ့ရတဲ့ အမှုတစ်ခုကိုစပြီး တိုင်ကြားပါရစေ'

ပေါင်ချင်းထန်းက အလွန်အံ့သြသွားမိလေသည်။

'အသင် တိုင်ကြားမယ့် အမှုက တစ်ဆယ့်ရှစ်နှစ်တောမှ ကြာခဲ့ပြီ ဟုတ်လား'

အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်....တစ်ဆယ့်ရှစ်နှစ်လုံးလုံး ကြာခဲ့ပါပြီလေ

သူမက ဇာတန်ကြာအောင် ငြိမ်သက်နေပြီးမှ....



'ပေါင်ချင်းထန်း....ဟိုလွန်ခဲ့တဲ့ တစ်ဆယ့်ရှစ်နှစ် တုန်းကပေါ့ကွယ်....'

* * *

ဇုံမင်းဆက် ခေတ်အချိန်ကာလဖြစ်သည်။

ဇုံမင်းဆက် ခေတ်အချိန်က တိုင်းပြည်တစ်ခုလုံးမှာ ရာသီဥတုကောင်းမွန်ပြီး မိုးရေအချိန်မှန်စွာ ရွာသွန်းခဲ့ သောကြောင့် တိုင်းပြည်နှင့်အဝှမ်း ဆန်ရေစပါး ပေါများကာ နိုင်ငံတစ်ခုလုံးမှာ ပူလောင်သောက မရှိကြဘဲ အေးချမ်းသာယာစွာ ရှိနေကြလေသည်။

ထို့ကြောင့် မြို့ပြနှင့်ကျေးရွာများတို့မှာ ပျော်ပွဲရွှင်ပွဲများ ခြိမ့်ခြိမ့်သဲမျှ စည်ကားနေလေသည်။

* * *

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းလာခဲ့လေပြီ။ ချန်းအန်းနေပြည်တော် တစ်ခုလုံးမှာ ပျော်ရွှင်သံများ ဆူညံနေလေသည်။

ကလေးငယ်များ တို့သည် ဗုံကလေးများကို တီးကာ နဂါးလေးများကို မြှောက်ကာမြှောက်ကာဖြင့် နေပြည်တော်၏ မင်းလမ်းမကြီးပေါ်၌ ဆူညံစွာ အော်ဟစ်နေသံ များသည် နန်းတော်ထဲတွင် ပျံ့လွင့်လာလေသည်။

နန်းမြို့တော်၏ မြို့ရိုးပေါ်တွင် ကေရာဇ်ဘုရင်ကြီးသည် ကိုယ်ရံတော်များခြံရံလျက် မြို့ရိုးရှေ့ရှိ ရင်ပြင်ပေါ်၌ ပြည်သူများပျော်ရွှင်နေပုံကို ရှုစားနေလေသည်။

ကလေးငယ်များ၏ ရယ်မောသံများသည် သူ၏အသည်းနှလုံးကို ရိုက်ခတ်သွားစေသည်။

နိုင်ငံတစ်ဝှမ်းလုံးမှာ နှစ်သစ်ကူးပွဲတော်ကို တပျော်တပါး ကျင်းပနေသော်လည်း ကေရာဇ်ဘုရင်ကြီးမှာ ပျော်ရွှင်ခြင်းကင်းမဲ့နေခဲ့သည်။

သူက ချစ်ဖွယ် ကလေးငယ်များကိုကြည့်ကာ မသိမသာ သက်ပြင်းချလိုက်လေသည်။

သူသည် သက်တော် လေးဆယ်နီးပါး ရှိခဲ့လေပြီ။



တောင်နန်းစံနှင့်မြောက်နန်းစံ မိဖုရားနှစ်ပါးသည်း ရှိကြလေသည်။

သူတို့၏ အိမ်ထောင်သက်မှာ မနည်းလှပါ။

သို့သော်သူတို့သည် ယခုတိုင်အောင် သားသမီးရတနာပါးမျှ ထွန်းကားမှု မရှိခဲ့ပါ။

နတ်အဆူဆူတွင် ဆုတောင်းခဲ့သည်၊

နန်းတွင်း သမားတော်များ၏ ဆေးဝါးများ ကိုလည်း မှီခိုခဲ့လေသည်။

သို့သော်....သူတို့မှာ ယခုအချိန်အထိ ကလေးမရကြသေးပါ။

ကေရာဇ်ဘုရင်ကြီးက မိမိ၏ထီးနန်းဆက်ခံရန် သားသမီးရတနာ မရှိသေးသောကြောင့် ရတက်မအေးနိုင်ခဲ့ပါချေ။

ယခု သူသည် စိတ်ပျော်ရွှင်မသွားဘဲ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲကိုလိုက်လံရှုစားသောအခါ မိမိ၌ သားသမီးရတနာမရှိသည့်သောကကိုပို၍ ခံစားရလေသည်။

သူက ဆက်လက် မရှုစားလိုတော့သဖြင့် နန်းတော်ထဲသို့ ပြန်လည်ကြွချီတော်မူလေသည်။

* * *

ဧကရာဇ်ဘုရင်ကြီးသည် တောင်နန်းစံမိဖုရား ရင်စုစုနှင့် မြောက်နန်းစံမိဖုရား ဝေ့ကျင်းကျင်းတို့ရှိ၏။

သူမတို့သည် ကျန်းမာသန်စွမ်းသော အမျိုးသမီးများ ဖြစ်ကြလေသည်။ သားသမီးရဘနာလိုလားသော စိတ်ဆန္ဒများကား ဇုဘုရင်ထက် မလျော့ပါချေ။

သူမတို့သည် သားဆုပန်နိုင်ရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျောင်းတကာလှည့်လှည်၍ ဆုတောင်းခဲ့ကြလေသည်။

နတ်ဆရာများနှင့်လည်း ယတြာချေခဲ့၏။

အကောင်းဆုံး ဆေးဝါးများကိုလည်း မှီဝဲကြ၏။

အထူးသဖြင့် မြောက်နန်းစံမိဖုရား ဝေ့ကျင်းကျင်းသည် မိမိကသာ သားယောကျ်ားလေး မွေးဖွားနိုင်မည်ဆိုလျှင်



မိမိသားတော်သည် တစ်နေ့တွင် ဖခမည်းတော်၏ အရိုက်အရာကိုဆက်ခံကာ တိုင်းပြည်အုပ်ချုပ်နိုင်မည့်သူဟု နားလည်ထားသည်။

ထို့ကြောင့်....

သူမက နည်းမျိုးစုံဖြင့် ကြိုးစားနေလေသည်။

ဤသို့ ငံ့ တစ်နေ့တွင် နန်းတော်တစ်ခုလုံး၌ ကောင်းသတင်းများပျံ့နှံ့ရိုက်ခတ်နေလေသည်။

ယင်းသတင်းကား တောင်နန်းစံမိဖုရားကြီး ရင်စုစုတွင် သားသမီးရဘနာကို ပတ္တမြားရွှေကြုပ်နှင့်ငုံထားရပြီဟူသော သတင်းပင် ဖြစ်သည်။

ဧကရာဇ်ဘုရင်ကြီးသည် အလွန်ပင် ပီတိအဟုန် ကြီးမားသဖြင့် တောင်နန်းစံ၏အဆောင်သို့ အကြိမ်ကြိမ်သွားရောက်၍ အားပေးစကားပြောခဲ့လေသည်။

နန်းတော်တစ်ခုလုံး ပျော်ရွှင်နေကြသော်လည်း ပျော်ရွှင်မှုအလျဉ်းမရှိဘဲ တိတ်တဆိတ်ကြေကွဲနေသည့် လူတစ်ယောက်ကား ရှိနေသေး၏။

ထိုလူကား မြောက်နန်းစံ ဝေ့ကျင်းကျင်းပင် ဖြစ်သည်။

သူမသည် အလွန်ပင်ဝမ်းနည်းကာ မိမိကိုယ်မိမိ အားမလို အားမရ ဖြစ်နေ၏။

ညှိရက်များအတွင်း ကေရာဇ်ဘုရင်ကြီးကလည်း သူမထံသို့ မရောက်လာတော့ပါ။

သူမကလည်း မည်သူ့ကိုမျှ မတွေ့လိုတော့ပါချေ၊

သူမသည် စိတ်ပြေလက်ပျောက် တစ်ယောက်တည်း လျှောက်သွားနေရင်းမှ ပန်းဥယျာဉ်တစ်ခုထဲသို့ရောက်ရှိလာခဲ့လေသည်။

သူမက ကောင်းကင်ပေါ်သို့မော့ကြည့်ကာမိမိ၏ ကံကြမ္မာကို မကျေမနပ် ဖြစ်နေလေသည်၊

ထိုအချိန်....

သူမ၏နောက်မှလူတစ်ယောက်၏အသံက ထွက်ပေါ်လာလေသည်။

'သခင်မလေး မွေးစက်လို့မပျော်ဘူးထင်ပါရဲ့'

မြောက်နန်းစံမိဖုရားက ညှိုကြည့်လိုက်၏။

အတွင်းဝန်'ကိုဟိုင်'ဖြစ်နေခြင်းကို တွေ့မြင်ရလေသည်။

ကိုဟိုင်က မြောက်နန်းစံမိဖုရား၏ အားအကိုးရဆုံး လူယုံတော်တစ်ယောက်ဖြစ်သည်။



အငင်းနှီးဆုံး လူတစ်ယောက်လည်း ဖြစ်သည်။

မြောက်နန်းစံမိဖုရားက မချိပြုံး ပြုံးလိုက်သည်။

သူမ၏အပြုံးမှာ နာကျင်မှုများ ပြည့်နှက်နေ၏။

'ဟုတ်တယ်ကိုဟိုင်....သခင်မကြီး အိပ်စက်လို့မပျော်နိုင်ပါဘူးကွယ်'

ကိုဟိုင်ကသက်ပြင်းတစ်ချက်ချလိုက်လေသည်။

'အင်း....သခင်မကြီးရဲ့ခံစားမှုကို ကျွန်တော်မျိုးနားလည်သိရှိနေပါတယ်ဘုရား'

မြောက်နန်းစံမိဖုရားက ခေါင်းတစ်ချက်ညိတ်လိုက်၏။

'ကျေးဇူးတင်လိုက်တာကွယ်၊ အခုအချိန်မှာ လောကကြီးတစ်ခုလုံးမှာ အထီးကျန်တဲ့သူဟာ သခင်မကြီးပါပဲကွယ်'

ကိုဟိုင်က သူမအား ကြည့်လိုက်သည်။

'သခင်မကြီးရယ်....လောကကို ဒီလိုပဲ အရှုံးပေးတော့မှာလား'

မြောက်နန်းစံမိဖုရားက ချိုပြုံး ပြုံးလိုက်လေသည်။

'ဘယ်သူက အရှုံးပေးမှာလဲကွယ်၊ ဒါပေမယ့် တခြားကိစ္စဆိုရင် ဉာဏ်ကူလို့ရဦးမယ်၊ အခုကိစ္စက သခင်မကြီး ဘာမှမတတ်နိုင်ပါဘူးကွယ်'

ကိုဟိုင်က ခေါင်းခါယမ်းလိုက်သည်။

‘အားမငယ်ပါနဲ့ သခင်မကြီးရယ်၊ လူကြံရင် ဘာမဆို ဖြစ်ပါတယ်လေ’

မြောက်နန်းစံမိဖုရားက သူ့အားစိုက်ကြည့်လိုက်၏။

‘အသင် ဘာပြောလိုက်သလဲ’

ကိုဟိုင်က ပြုံးပြလိုက်သည်။

‘လူကြံရင် ဘာမဆိုဖြစ်နိုင်တယ်လို့ ပြောတာပါ’

မြောက်နန်းစံ မိဖုရားက သက်ပြင်းချကာ ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်၏။

‘အသင်ဟာ ဉာဏ်ကောင်းတယ်ဆိုတာ သခင်မကြီးလက်ခံယုံကြည်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စမှာ အသင်လဲ ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး’

ကိုဟိုင်က ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်၊

‘ဦးခေါင်းရှိရင် အကြံရှိရမှာပေါ့ သခင်မကြီးရယ်’

မြောက်နန်းစံ မိဖုရားကြီးက သူ့အား အဘန်ကြာအောင် စိုက်ကြည့်နေပြီးမှ....

‘ဒီကိစ္စနဲ့ပတ်သက်ပြီး အသင့်မှာ အကြံကောင်းရှိလို့လား’



ကိုဟိုင်က ခေါင်းညိတ်လိုက်၏။

‘ရှိတာပေါ့ သခင်မကြီးရယ်၊ ကျွန်တော်မျိုး၏ သာ စိတ်ချယုံကြည်မယ်ဆိုရင် နန်းတော်တစ်ခုလုံးကို မြောက်နန်းစံ မိဖုရားမှာ ကိုယ်ဝန်ရှိနေပြီဆိုကဲ့ သတင်းဖြန့်ဝေလိုက်ပါ’

မြောက်နန်းစံ မိဖုရားက သူ့အား အံ့သြစွာကြည့်နေလေသည်။

‘ကိုဟိုင်...သင့်အကြံဟာ မဟုတ်မဟတ်တဲ့ အကြံပဲ’

သူမ၏ အသံမှာ အနည်းငယ် ဒေါသသံ ပါရှိလာလေသည်။

ကိုဟိုင်က ဦးညွှတ်လိုက်၏။

‘အထင်မှောင် မလွှဲလိုက်ပါနဲ့ မိဖုရားကြီး၊ သခင်မကြီးက သာ ကျွန်တော်မျိုးရဲ့ အကြံကို ခေါင်းအေးအေးနဲ့ နားထောင်တော်မူပါ၊ ပြီးမှ လက်ခံသင့်မသင့် ဆုံးဖြတ်တော်မူပါ’

မြောက်နန်းစံ မိဖုရားကြီးက သူ့အား စိုက်ကြည့်ကာ....

‘အသင့်ရဲ့အကြံကိုပြောပါ၊ သခင်မကြီး သင့်တော်မယ်ထင်ရင် လက်ခံပါမယ်’

ကိုဟိုင်က မိမိ၏အကြံကို မပြောသေးဘဲ ဤသို့ မေးလိုက်လေသည်။

'ကျွန်တော်မျိုးပေးတဲ့ အကြံဟာ ပေါက်ကြားသွားမယ်ဆိုရင် ကျွန်တော်မျိုးရဲ့ အသက်သာမက ဆွေတော်မျိုးတော် အားလုံး ကွပ်မျက်ခံရပါလိမ့်မယ်၊ သို့အတွက်ကြောင့် ကျွန်တော်မျိုးရဲ့ အကြံကို ဘယ်သူ့မှ မပေါက်ကြားဖို့ ကတိပေးတော်မူပါ'

မြောက်နန်းစံ မိဖုရားကြီးက ခေါင်းညိတ်လိုက်သည်။

'အသင့်ရဲ့ တောင်းဆိုမှုဟာ တရားမျှတမှု ရှိတာကြောင့် ကတိပေးပါတယ်'

ကို့ဟိုင်က ပြုံးလိုက်သည်။

'ကျွန်တော်မျိုးရဲ့ အကြံသာ အောင်မြင်သွားမယ်ဆိုရင် တစ်နေ့မှာ သခင်မကြီးဟာ ဘုရင့်ရဲ့မယ်တော်ဖြစ်လာရမယ်၊ အဲဒီ ဆွေတော်မျိုးတော် အားလုံးလဲ ကောင်းစားမှာပါ၊ အဲဒီ အခါကျရင်သာ ကျွန်တော်မျိုးတို့ကို ပစ်မထားပါနဲ့'

မြောက်နန်းစံ မိဖုရားကြီးက....

'အင်း အသင်ပြောသလိုသာ ဖြစ်လာမယ်ဆိုရင် အသင့်ကို ဆုတော်ငွေများ ပေးအပ်မယ့်အပြင် ရာသက်ပန်အဘွင်း ဝန်ရာထူးကို အပ်နှင်းပါ့မယ်'

ကို့ဟိုင်က အလွန်ဝမ်းသာ သွားလေသည်။

'ကျေးဇူးတင်လှပါတယ် သခင်မကြီး'



မြောက်နန်းစံ ဘုရင်မက...

'ကဲ... အသင်၏ အကြံကို ပြောပြပေတော့'

ကို့ဟိုင်က ဘေးဘီသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီးမှ မိမိ၏ အကြံအစည်များကို အသံတိုးတိုးဖြင့် လျှောက်တင်လိုက်လေသည်။

မြောက်နန်းစံ မိဖုရားသည် ကို့ဟိုင်၏ အကြံကို နားထောင်ရင်းမှ မျက်နှာတစ်ခုလုံး ပြုံးရွှင်လာလေတော့သည်။

* * *

## သတင်းထူး

ရက်အနည်းငယ် အတွင်းမှာပင် မြောက်နန်းစံ မိဖုရားတွင် ပတ္တမြားရွှေကြုပ်နှုတ် ငုံတော်မူပြီဟူသော သတင်းသည် နန်းတွင်းတစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

ကေရာဇ်ဘုရင်သည် ထိုသတင်းကို ကြားသောအခါ ပီတိဖြာ၍ မဆုံးနိုင်တော့ပါ။

သူသည် အလွန်ပင် ကျေနပ်ဝမ်းသာသွားခဲ့သည်။

နှစ်ပေါင်း ကြာရှည်စွာ သားသမီးရတနာ မျှော်လင့်တောင့်တနေခဲ့ရာမှ ယခုကဲ့သို့ လပင်မခြားဘဲ ရက်ပိုင်း



အတွင်းတွင် တောင်နန်းစံနှင့် မြောက်နန်းစံမိဖုရား နှစ်ပါးထံမှ မင်္ဂလာသတင်းကို မရှေးမနှောင်း ကြားရသောကြောင့် နတ်သိကြားက မစသည်ဟု ကောင်းစွာ ယုံကြည်လေသည်။

သူသည် ကောင်းစွာ ကုသိုလ်ပြုခဲ့သည်။

အကျဉ်းသားများကို လွှတ်ပေးခြင်း၊ ဘုရား ကျောင်းကန်များ ပြုပြင်ပေးခြင်း၊ ဘုန်းတော်ကြီးများကိုလည်း အလှူဒါန ပြုလုပ်လေသည်။

သူသည် တောင်နန်းစံ မိဖုရားထံတွင် သာမက မြောက်နန်းစံမိဖုရားထံတွင်လည်း သွားရောက်၍ အားပေးစကား ပြောလာလေသည်။

ထို့ပြင် မိဖုရားထံတွင် ပြုစုစောင့်ရှောက်ပေးသော နန်းတွင်းသူများကိုလည်း ဆုလာဘ်များပေးလေသည်။

ဤသို့ဖြင့် သုံးလကြာသောအခါ ကေရာဇ် ဘုရင်ကြီးသည် တောင်နန်းစံနှင့် မြောက်နန်းစံ မိဖုရားကြီးများ အနက် မည်သူဖြစ်စေ မွေးဖွားလာမည့် သားတော်အား ဘုရင်ရိုက်ရာ ထီးနန်းဆက်ခံစေရမည်ဟု ကြေညာခဲ့လေသည်။

နန်းတော်တစ်ခုလုံးမှာ ပျော်ရွှင်စွာ လှုပ်ရှားသွားလေသည်။

* * *

မြောက်နန်းစံ ပဒ္မာမြားရွှေကြုပ်နှုတ်ငုံ တော်မူသည့်ကိစ္စမှာ တောင်နန်းစံနှင့် မတူပါချေ။

တောင်နန်းစံ မိဖုရားက မနက်နှင့်ညနေခင်း ပန်းဥယျာဉ်ထဲသို့ လမ်းလျှောက်ထွက်လေသည်။

မြောက်နန်းစံ မိဖုရားမှာမူ ဟန်ဆောင်နေရသောကြောင့် အခန်းထဲမှ အပြင်သို့ပင် မထွက်ပါ။

ကေရာဇ်ဘုရင်က စိုးရိမ်သဖြင့် နန်းတွင်း သမားတော်ကြီးတစ်ယောက်အား စေလွှတ်၍ ကြည့်ရှုစေလေသည်၊

နန်းတွင်းသမားတော်ကြီး၏ အမည်မှာ 'ချန်းထိုက်အိ' ဖြစ်လေသည်။

သမားတော်ကြီး ချန်းထိုက်အိ၏ ကုသမှုပညာမှာ အလွန်ထူးချွန်သူဖြစ်သည်။



သို့သော် သူသည် ရိုးသားဖြောင့်မတ်ပြီး ကြောက်ရွံ့တတ်သော လူတစ်ယောက် ဖြစ်နေလေသည်။

သမားတော်ကြီး ချန်းထိုက်အိက မြောက်နန်းစံ မိဖုရား၏ အဆောင်သို့ ရောက်ရှိလာသောအခါ အသင့်ကြိုနေသော ကိုဟိုင်က ပျာပျာသလဲ ဆီးကြိုလေသည်။

ကိုဟိုင်သည် နန်းတွင်းတစ်ခုလုံးကို အုပ်ချုပ်ခွင့်ရသော အတွင်းဝန်တစ်ယောက် ဖြစ်သည်။

နန်းတွင်း တစ်ခုလုံးတွင် ဩဇာအာဏာ အရှိဆုံးသော ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်သည်။

သမားတော်ကြီး ချန်းထိုက်အိက အတွင်းဝန်ကိုဟိုင်က ကိုယ်တိုင်ကိုယ်ကျ ပျာပျာသလဲ ကြိုဆိုခြင်းကို ခံရသဖြင့် အားတုံ့အားနာ ဖြစ်ရလေသည်၊

'အို...အတွင်းဝန်မင်းကိုယ်တိုင် ဆီးခံနေတာကို၊ အားနာလိုက်တာဗျာ'

အတွင်းဝန်ကိုဟိုင်က ပြုံးပြလိုက်သည်၊

'နန်းတွင်းမှာရှိတဲ့ ကိစ္စအားလုံးဟာ ကျုပ်ရဲ့ တာဝန်မဟုတ်လား၊ ဒါကြောင့် သမားတော်ကြီးကို ကြိုဆိုရမှာပေါ့ဗျာ'

သမားတော်ကြီး ချန်းထိုက်အိက ခေါင်းညိတ်လိုက်၏။

'ကျေးဇူးတင်ပါတယ် အတွင်းဝန်မင်း'

ကို့ဟိုင်က ခြင်ထောင်ချထားသော သလွန်အား ညွှန်ပြလိုက်သည်။

'ကဲ....ကဲ....မိဖုရားကို ကြည့်ရှုပေးပါဦးလေ'

သမားတော်ကြီး ချန်းထိုက်အိက သလွန်အနီးသို့ ချဉ်းကပ်သွားလေသည်။

နန်းတွင်းသူ နှစ်ယောက်က ခြင်ထောင်ကို ပင့်တင်ပြလိုက်၏။

ချန်းထိုက်အိက မိဖုရားအား ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

'မိဖုရားကြီးကို ဂါရဝပြုပါတယ် အနေအထိုင် အစားအသောက် ကောင်းရဲ့လား'

မြောက်နန်းစံမိဖုရားက ခေါင်းအသာအယာ ယမ်းပြလိုက်သည်။

'စားလို့လဲ မကောင်းဘူး၊ အိပ်လို့လဲမပျော်ဘူး၊ သမားတော်ကြီးရယ်'

ချန်းထိုက်အိက နှစ်သိမ့်အားပေးလိုက်လေသည်။



'မိဖုရားကြီးကို ဂရုစိုက်ပါ၊ လူကြီးရဲ့ ကျန်းမာရေး မကောင်းဘူးဆိုရင် ကလေးကိုပါ ထိခိုက်နိုင်ပါတယ်၊ ကျွန်တော်မျိုး စမ်းသပ်ပါရစေ'

'လက်ဆန့်တန်းပေးတော်မူပါ'

မြောက်နန်းစံမိဖုရားကြီးက လက်ဆန့်တန်းပေးလိုက်လေသည်။

သမားတော်ကြီး ချန်းထိုက်အိက လက်သို့ုး လက်ခလယ်ဖြင့် မြောက်နန်းစံမိဖုရားကြီး၏ လက်ကောက်ဝတ် ပေါ်သို့ စမ်းသပ်ကြည့်လိုက်သည်၊

သူက တစ်ခဏကြာ စမ်းသပ်ပြီးနောက် မျက်နှာပေါ်တွင် အံ့ဩသော ဟန်မူရာများ ဖြစ်ပေါ်လာ၏။

သူသည် မျက်မှောင်ကုတ်ကာ ဆက်၍ စမ်းသပ်နေလေသည်။

အတွင်းဝန် ကို့ဟိုင်က နန်းတွင်းသူ နှစ်ယောက်အား အပြင်သို့ ခေတ္တထွက်စေပြီး အဆောင်၏တံခါးကို ဆွဲပိတ်ထားလိုက်၏။

သမားတော်ကြီး ချန်းထိုက်အိက ကို့ဟိုင်၏ လှုပ်ရှားမှုကို နားမလည်စွာဖြင့် ကြည့်နေမိလေသည်။

ကို ဟိုင်သည်ကုလားထိုင်တစ်လုံးကို ဆွဲ၍ သမားတော်ကြီး အနီးသို့ ဝင်ရောက်ထိုင်ချလိုက်၏။

ထို့နောက်....

သမားတော်ကြီးအား ပြုံးပြလိုက်သည်။

'သမားတော်ကြီး မိဖုရားကြီးကို စမ်းသပ်တွေ့ရှိချက်လေး ပြောပြပါဦး'

သမားတော်ကြီး ချွန်းထိုက်အိက ပြောရခက်နေသဖြင့် ခေါင်းအသွင်သွင် ကုတ်နေရလေသည်။

ကို့ဟိုင်က ပြုံးစေ့စေ့ဖြင့် ကြည့်လိုက်၏။

'ပြောပါ သမားတော်ကြီး ဘယ်လို စမ်းသပ်တွေ့ရှိတယ် ဆိုတာကို အမှန်အတိုင်းသာ ပြောပါ'

သမားတော်ကြီး ချွန်းထိုက်အိသည် အတန်ကြာအောင် ငြိမ်သက်နေပြီးမှ စားတုန့်အားနာဖြင့်....

'ကျုပ် သေွးကြောစမ်းသပ်တွေ့ရှိချက်အရဆိုရင် သခင်မ ကြီးမှာ'

သူက အတန်ကြာအောင် စကားကို ရပ်တန့်ထားပြီး....



'သခင်မကြီးမှာ ပတ္တမြား ရွှေကြုပ်နူတ်ငုံတော်နေမှု အတွက် လက္ခဏာ လုံးဝမရှိပါဘူး'

ကို့ဟိုင်က ကောက်ကျစ်စဉ်းလဲစွာ ပြုံးပြလိုက်လေတော့သည်။

'သမားတော်ကြီး မှားနေပြီထင်တယ်'

သမားတော်ကြီး ချွန်းထိုက်အိသည် ရိုးသား၍ ကြောက်ရွံ့တတ်သော်လည်း မိမိ၏ ကုသမှုပညာကို ထိခိုက်စော်ကားလာသဖြင့် မခံမရပ်နိုင် ဖြစ်လာ၏။

သူက ဤသို့ တုန့်ပြန်ပြောဆိုလိုက်သည်။

'ကျုပ်ရဲ့ ကုသမှုပညာဟာ ဘယ်သောအခါမှ အမှားအယွင်းမရှိနိုင်ပါဘူး'

ကို့ဟိုင်က သူ့အား စေ့စေ့ကြည့်လိုက်၏။

'ဒါဖြင့် သမားတော်ကြီးက သခင်မကြီးမှာ ပတ္တမြား ရွှေကြုပ်နူတ်ငုံတော်မူခြင်းမှာ မမှန်ကြောင်းကို ကောရှင်ဘုရင့်ထံကို သံတော်ဦးတင်မှာပေါ့ ဟုတ်လား'

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဘုရင်ကို လိမ်ညာလိုက်မယ်ဆိုရင် ကျုပ်ရဲ့ ဦးခေါင်းနဲ့ ခန္ဓာကိုယ်နဲ့ အိုးစားကွဲသွားမှာပါ'

ကို့ဟိုင်က မဲ့ပြုံး ပြုံးလိုက်သည်။

'သိပ်မှန်တာပေါ့ ဒါပေမယ့် သမားတော်ကြီးဟာ ဘုရင့်ဆီ သံတော်ဦးမတင်ခင်မှာ အသက်မရှိနိုင်တော့ဘူး ဆိုတာ နားလည်ရဲ့လား'

သမားတော်ကြီး၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

'ဘာဖြစ်လို့လဲ'

ကို့ဟိုင်က ကောက်ကျစ်စဉ်းလဲစွာ ပြုံးပြလိုက်လေ၏။

'ရုတ်တရက် ရောဂါရပြီး သေသွားမှာကို ကျုပ်က ကြိုတင်သိနေလို့ပါ'

သမားတော်ကြီး ချွန်းထိုက်အိမ်မှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရလေသည်။

ကို့ဟိုင်က အနီးသို့ ချဉ်းကပ်သွား၏။

'ဒီမှာ သမားတော်ကြီး၊ သမားတော်ကြီး အသက်ရှင်ချင်သလား ဒါမှမဟုတ် ရုတ်တရက် ရောဂါရပြီး သေသွားချင်သလား'

သမားတော်ကြီး ချွန်းထိုက်အိမ်၏ မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိဘဲ ဖြူဖွေးသွား၏။



'အတွင်းဝန်မင်းရဲ့ သဘောက ဘယ်လိုလဲ'

ကို့ဟိုင်က မဲ့ပြုံးပြုံးလိုက်သည်။

'သမားတော်ကြီး နားလည်အောင် ကျုပ်ရှင်းရှင်းပဲ ပြောပြလိုက်မယ်'

သူက လေသံ တင်းမာစွာဖြင့်....

'သမားတော်ကြီးက သခင်မရဲ့ အကြောင်းကို ဘုရင့်ရှေ့တော်မှောက်မှာ သံတော်ဦးတင်တဲ့အခါကျရင် သခင်မကြီးမှာ ပတ္တမြားရွှေကြုတ်နှုတ်ငုံတော်မူနေကြောင်းနဲ့ ကျန်းကျန်းမာမာရှိကြောင်း လျှောက်ထားပါ၊ ဒါဆိုရင် သမားတော်ကြီးဟာ ကျန်းကျန်းမာမာ နေနိုင်မှာပါ၊ နောက်ပြီး ရွှေ အချိန်တစ်ဆယ်လဲ ပေးပါ့မယ်'

သမားတော်ကြီး ချွန်းထိုက်အိမ်၏ မျက်နှာငိုမဲ့မဲ့ ဖြစ်သွားသည်။

'ကျေးဇူးတင်ပါတယ် အဲဒီလို မလျှောက်ထားရဲပါဘူး၊ တော်ကြာ အသတ်ခံရပါလိမ့်မယ်'

ကို့ဟိုင်က သူ၏ ပခုံးကို ပုတ်လိုက်သည်။

'ဒီအတွက် သမားတော်ကြီး ဘာမှ မစိုးရိမ်ပါနဲ့၊ တော်ကြာဆိုရင် မြောက်နန်းစံမိဖုရားကြီးက ဘုရင့်ရှေ့မှောက်မှာ ကလေးတစ်ယောက် ပြနိုင်မယ်ဆိုတာ ယုံကြည်ပါတယ်'

သမားတော်ကြီး ချွန်းထိုက်အိက တွေဝေသွားလေတော့သည်။

သူသည် မျက်နှာပေါ်တွင် စီးဆင်းကျနေသော ချွေးများကိုပင် မသုတ်နိုင်ဘဲ ရှိနေလေသည်၊

ကို့ဟိုင်က စိတ်မရှည်တော့ပါ။

'ကျုပ်အကြောင်းကို သမားတော်ကြီး သိပါတယ်၊ ကျုပ် ပေးထားတဲ့ လမ်းစဉ်အတိုင်းလုပ်မလား၊ ဒါမှမဟုတ်အသက် အသေခံမလား'

သမားတော်ကြီး ချွန်းထိုက်အိမှာ မည်သို့ ဆုံးဖြတ်ရမှန်း မသိဘဲ ကြောက်ဒူးတုန်နေ၏၊

အတန်ကြာတော့မှ....

'အတွင်းဝန်မင်း ကျွန်ုပ် နန်းတော်အတွင်းဝန်မင်းမှာကြား သလို လိမ်ညာပြီး သံတော်ဦးတင်တာကတော့ ဟုတ်ပါပြီ၊ အချိန်တန်လို့ ကလေးမဖြစ်နိုင်ရင် ကျွန်ုပ် ဒုက္ခရောက်ရမှာပါ'

ကို့ဟိုင်က မဲ့ပြုံးပြုံးလိုက်၏။

'တယ်ခက်ပါလား သမားတော်ကြီး၊ ကျွန်ုပ်အကြောင်း ကို သမားတော်ကြီးလဲသိပါတယ်၊ မပိုင်ရင် ဘယ်တော့မှ မလုပ်ပါဘူး'

သူ၏လေသံက ပျော့ပျောင်းသွားလေသည်။



'သမားတော်ကြီး ကျုပ်ပြောတဲ့အတိုင်း လုပ်မယ်ဆိုရင် သခင်မကြီးရဲ့သားဟာ တစ်နေ့ဘုရင့်အရိုက်အရာကို ဆက်ခံ လာတဲ့အခါ ဘုရင်မကြီးက သမားတော်ကြီးကို စောင့် ရှောက်ပေးမယ်ဆိုတာ ကျွန်ုပ်ယုံကြည်ပါတယ်'

ထိုအချိန် မြောက်နန်းစံမိဖုရားကလည်း ဤသို့ ပြောလေ သည်။

'ဟုတ်ပါတယ် သမားတော်ကြီး၊ သခင်မကြီးကိုကူညီမယ် ဆိုရင်' ဘယ်တော့မှ ကျေးဇူးမမေ့ပါဘူး'၊

ကို့ဟိုင်က ခြိမ်းခြောက်လိုက်။ ချော့မော့လိုက်ဖြင့် သမားတော်ကြီး ချွန်းထိုက်အိအား အတန်ကြာပြောလိုက် သောအခါ....

သမားတော်ကြီး ချွန်းထိုက်အိက စိတ်မချမ်းသာစွာဖြင့် လက်ခံလိုက်ရလေတော့သည်၊

လွင်စာပေ

*

မြောက်နန်းစံမိဖုရားတွင် လူယုံတော် နန်းတွင်းသူ နှစ်ယောက် ရှိလေသည်။

နန်းတွင်းသူတစ်ယောက်၏အမည်မှာ ချင်းဝိုဖြစ်ပြီး ကျန်တစ်ယောက် ဟုန်တိသည်မြောက်နန်းစံမိဖုရား၏သစ္စာတော်ခံ အမျိုးတော်တစ်ယောက်ဖြစ်သည်။

ချင်းဝိုမှာမူ တရားမျှတသောစိတ်ဓာတ်ရှိသည့်မိန်းကလေး တစ်ယောက်ဖြစ်ပြီး သနားကြင်နာတတ်သည်။

သူမသည် ကိုဟိုင်နှင့်မြောက်နန်းစံမိဖုရားတို့က ကျိတ်ကြံစည်နေခြင်းကို ကန့်ကွက်ခြင်းမရှိသော်လည်း စိတ်ထဲ၌ မကျေနပ်ပါချေ။

သို့သော် သူမသည် ငယ်ရွယ်သူဖြစ်သောကြောင့် ကိုဟိုင်နှင့်မိဖုရားကြီးတို့၏ ကြီးမားရက်စက်သည့် အကြံအစည်ကို သေသေချာချာ မသိခဲ့ပါ။

သူမသိထားသော အချက်မှာ မြောက်နန်းစံမိဖုရားက ဘုရင့်ထံတွင် လိမ်ညာလျှောက်တင်ထားသော ပတ္တမြားရွှေကြုတ်နှင့်ပတ်သက်သည်ဟူသောကိစ္စကို မည်သို့ပြုလုပ်မည်နည်းဟု ရင်တမမဖြင့် စောင့်ကြည့်နေရလေတော့သည်။

* * *



တောင်နန်းစံမိဖုရား၏လက်အောက်တွင် နန်းတွင်းသူများ ရှိနေကြသော်လည်း ယုံကြည်အားအကိုးရဆုံး နန်းတွင်းသူ နှစ်ယောက်သာ ရှိသည်။

သူမတို့၏အမည်မှာ လေချင်းနှင့်နန်အိ ဖြစ်ပေသည်။

လေချင်းသည် နန်းတွင်းကိုယ်ရံတော်မှူး တစ်ယောက်၏ သမီးဖြစ်ပေသည်။

ကိုယ်ရံတော်မှူးကွယ်လွန်သွားသောအခါ တောင်နန်းစံမိဖုရားကခေါ်ယူ၍ မိမိအနီးတွင် ထားရှိခြင်း ဖြစ်သည်။

လေချင်းသည် ငယ်စဉ်အချိန်ကပင် ဖခင်၏ဓားသိုင်းပညာကို သင်ယူခဲ့သောကြောင့် ဓားသိုင်းပညာတွင်တစ်ဖက်ကမ်းခတ်အောင်ကျွမ်းကျင်သူတစ်ယောက် ဖြစ်သည်။

နန်အိကမူ ဓားပညာမတတ်ကျွမ်းပါချေ။

ဉာဏ်ပညာအလွန်ကောင်းပြီး အစစအရာရာ ကြိုတင်မျှော်လင့်တတ်သော အရည်အချင်း အပြည့်ရှိ၏။

သူမသည် မြောက်နန်းစံမိဖုရား၏ နန်းတွင်းသူချင်းဝိုနှင့် အလွန်ရင်းနှီးလှပေသည်။

သူမတို့သည် အားလပ်ချိန်၌ဆုံတွေ့ကာ အတူစားသောက်၍ စကားစမြည် ပြောဆိုလေ့ရှိကြ၏။

တစ်နေ့ ချင်းဝိုက ပန်းဥယျာဉ်ဘွင် ပန်းများသွားရောက်ခူးစဉ် မမျှော်လင့်ဘဲ နန်းအိနှင့် ဆုံတွေ့ခဲ့ကြလေသည်။

ချင်းဝိုက နန်းအိအား တွေ့မြင်လိုက်သောအခါ ဝမ်းသာသွား၏။

'နန်းအိ…ညည်း ဘယ်သွားမလို့လဲ'

နန်းအိကပြုံးပြုံးရွှင်ရွှင် သူမထံသို့ လျှောက်လာလေသည်။

'ငါက ပျော်းရည် သွားယူမလို့ပါ၊ ညည်းကို တွေ့လိုက်လို့ ဒီဘက်ကို လျှောက်လာတာပါ'

ချင်းဝိုက ပြုံးပြလိုက်သည်။

'အခုဘလော ညည်းက အလုပ်များ ၍ ညည်းကိုမတွေ့ရတာ ကြာပြီနော်'

နန်းအိက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်….ငါလဲ သခင်မကြီးရဲ့ကိစ္စက ပိုများလာလို့ ညည်းနဲ့ကိုလာတွေ့ဖို့ မအားလပ်ဘူးလေ'

ချင်းဝိုက ပတ်ဝန်းကျင်သို့ တစ်ချက်ဝေ့ကြည့်လိုက်၏၊

'တို့နှစ်ယောက်ဆုံတုန်း ညည်းကို ပြောစရာရှိသေးတယ်'

သူမက နန်းအိ၏လက်ကိုဆွဲကာ ကျောက်ခုံဘန်းတွင် ထိုင်ချလိုက်သည်။



နန်းအိက သူမအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်၊

'ကဲ….ညည်းက ဘာပြောစရာရှိနေလို့လဲ'

ချင်းဝိုက သူမအား တည်ကြည်သောမျက်နှာဖြင့် ကြည့်လိုက်သည်။

'ဘယ့်နှယ်လဲ ညည်းရဲ့ သခင်မကြီး မွေးဖွားခါနီးပြီ မဟုတ်လား'

နန်းအိက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်….'

'ဒါကြောင့် ငါဘ မအားမလပ် ဖြစ်နေတာပေါ့'

ချင်းဝိုက ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ်လေ….ညည်းရဲ့ သခင်မကြီးသာ သားယောကျ်ားလေး မွေးဖွားရင် ညည်းတို့အားလုံး ကောင်းစားမှာပါ'

နန်းအိက သူမအား မျက်စောင်းတစ်ချက် ခဲလိုက်သည်၊

'ဘာထူးလို့လဲ….ညည်းတို့ရဲ့ သခင်မကြီးကလဲ သားယောကျ်ားလေး မွေးရင်ကော ညည်းတို့ကောင်းစားကြဦးမှာပဲ မဟုတ်လား'

ချင်းငိုက ခေါင်းခါယမ်း လိုက်သည်။

'ငါတို့ သခင်မကြီးက ဘယ်နည်းနဲ့မှ သားယောကျ်ား လေး မမွေးနိုင်ပါဘူး'

နန်းအိကဲ ရယ်မောလိုက်သည်။

'လုပ်တော့မယ်....သူ့ကို ယောကျ်ားလေးမမွေးနိုင်ဘူးလို့ ညည်းက ဘာ့ကြောင့် ပြောနိုင်တာလဲ'

ချင်းငိုက သက်ပြင်းတစ်ချက် ချလိုက်၏။

'အင်း... ငါက တကယ်ပြောနေတာပါ၊ ငါတို့ရဲ့ သခင်မ ဟာ ယောကျ်ားလေးမပြောနဲ့ မိန်းကလေးလဲ မမွေးနိုင်ပါဘူး'

နန်းအိက မျက်မှောင်ကုတ်လိုက်သည်။

'ဟင်....ညည်းစကားက အဆန်းပါလား၊ ဘာဖြစ်လို့ သူက မမွေးနိုင်ရမှာလဲ'

ချင်းငိုက—

'ညည်းကို ငါပြောပြမယ်ဆိုတာ အဲဒီအကြောင်းပေါ့'

နန်းအိက ချင်းငိုအား စိတ်ဝင်စားစွာ ကြည့်လိုက်၏၊ သူမက ချင်းငိုအား ကြည့်ကာ တွေဝေစဉ်းစားနေလေ သည်။



ချင်းငိုက သက်ပြင်းတစ်ချက် ချလိုက်၏၊

'အင်း ညည်းနဲ့ငါဟာ ညီအစ်မတွေလို ရင်းနှီးကြတာ ကြောင့် ငါ့ရင်ထဲက အဖြေရှာမရဘဲ ခံစားနေရတဲ့အကြောင်း ကို ပြောပြရဦးမယ် ဒါပေမယ့်'

နန်းအိက....

'ဒါပေမယ့် ဘာဖြစ်သလဲ'

ချင်းငိုက ပတ်ဝန်းကျင်သို့ တစ်ချက်ဝေ့ဝဲကာ အကဲခတ် ကြည့်ပြီးမှ အသံတိုးတိုးဖြင့်...

'ငါတို့ရဲ့ သခင်မကြီးမှာ ကိုယ်ဝန်ရှိတယ်ဆိုတာ လိမ်ပြော နေတာဟဲ့'

ဟု ပြောလိုက်သည်။

'ဟောတော့'

နန်းအိက လွတ်ခနဲ အော်ဟစ်လိုက်ပြီးမှ ကမန်းကတန်း လက်ဝါးဖြင့် ပါးစပ်ကို စုပ်လိုက်၏။

သူမက ချင်းငိုအား ယုံကြည်စွာဖြင့် ကြည့်လိုက်၏။

'ဟုတ်ရဲ့လားဟယ်....'

ချင်းငိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်....ငါက ဘာဖြစ်လို့ လိမ်ပြောရမှာလဲ'

နန်အိက ထိုစကားကို ကြားလိုက်ရသောအခါ ခေါင်းနပန်း ကြီးသွားလေသည်။

'အို...ညည်းရဲ့ သခင်မကြီးက ဘာဖြစ်လို့ ဒီသေတ္တာကမ်းတောင်မှ မိုက်ရတာလဲ၊ ဒါမျိုးဟာ လိမ်လို့ရတဲ့ကိစ္စမျိုးမှ မဟုတ်တဲ့ သူအသက်နဲ့ခန္ဓာ အိုးစားကွဲမယ်ဆိုတာ သူမသိဘူးလား'

ချင်းငိုက နှုတ်ခမ်းလေးကို မဲ့လိုက်သည်။

'မသိလို့တော့ ဘယ်ဟုတ်မလဲ၊ သူတို့မှာ အကြံအစည် တစ်ခုခုရှိနေတယ် ထင်တယ်'

နန်အိက မျက်မှောင် ကုတ်လိုက်သည်။

'သူတို့ဆိုတာက ဘယ်သူတွေလဲ'

ချင်းငိုက....

'သခင်မကြီးနဲ့ ကိုဟိုင်လေ'

နန်အိက မျက်မှောင် ကုတ်သွားရပြန်လေသည်။

'အတွင်းဝန် ကိုဟိုင်....ဟုတ်လား'

ချင်းငိုက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်....သူပါပဲ'



သူမက ကိုဟိုင်နှင့် မြောက်နန်းစံ မိဖုရားတို့ ကျိတ်၍ ကြံစည်နေကြောင်းကို ပြောပြလိုက်လေသည်။

'သူတို့ကတော့ တစ်ခုခု အကြံရှိနေပုံပဲ၊ ဘာအကြံအစည်လဲဆိုတာတော့ ငါသေသေချာချာ မသိဘူးဟ'

နန်အိ၏ မျက်နှာပေါ်တွင် စိုးရိမ်သော အရိပ်အယောင် ဖြစ်ပေါ်လာလေသည်။

'အင်း....ဒီသတင်းဟာ စိတ်မကောင်းစရာပဲ၊ ဒီကိစ္စကို ပေါ့ပေါ့ဆဆ နေလို့မဖြစ်ဘူး၊ ညည်းခါတိုင်းထက် ပိုပြီး သတိထားကြည့် နေစမ်းပါဟယ်'

ချင်းငိုက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်....ငါတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး အိပ်မပျော် စားမဝင် ဖြစ်နေတယ်ဟ'

နန်အိက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်းပေါ့လေ....ဒါဟာ သည်းထိတ်ရင်ဖိုစရာ ကိစ္စပဲ၊ ညည်းစိတ်လှုပ်ရှားတာ မလွန်ပါဘူး'

သူမက လေးနက်တည်ကြည်သော မျက်နှာထားဖြင့်....

'ညည်းကို ငါတစ်ခု အကြံပေးပါရစေဦး'

ချင်းငိုက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'ပြောပါ'

နန့်အိက လေးနက်တည်ကြည်သော မျက်နှာထားဖြင့်...

'အခုချိန်ကစပြီး သူတို့ရဲ့ လှုပ်ရှားမှုကို မျက်လုံးအစွမ်းကုန်ဖွင့်ပြီး နားကို အစွမ်းကုန် စွင့်ထားပါ၊ ဖြစ်ပျက်သမျှကို ငါ့ဆီသတင်းပို့ ပေးပါသိလား'

ချင်းငိုက ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ... ငါသတင်း လာပို့ပါ့မယ်'

နန့်အိက ခေါင်းညိတ်လိုက်သည်။

ထို့နောက်....

သူမက ပန်းဥယျာဉ်ထဲမှ ထွက်ခွာသွားလေ တော့သည်။

* * *

နန်းတော်မြို့ရိုးမှ အုန်းမောင်းခေါက်သံက တစ်ချက်တိုး ထွက်ပေါ်လာလေသည်။



ညဉ့်နက်လှပြီဖြစ်သော်လည်း တောင်နန်းစံ မိဖုရားက အိပ်စက်ခြင်း မပြုနိုင်သေးပါ။

သူမက လူ့ပြည်သို့ ရောက်ရှိလာတော့မည့် မိမိ၏ ရင်သွေးငယ်အတွက် အဝတ်အစားများ ကိုယ်တိုင်ကိုယ်ကျ ချုပ်ပေးနေလေသည်။

နန့်အိနှင့် လေချင်းတို့သည် သူမအနီးတွင် ငိုက်မျဉ်းနေကြသည်။

အုန်းမောင်းခေါက်သံ ထွက်ပေါ်လာပြီး တစ်ခဏအကြာတွင် တောင်နန်းစံ မိဖုရားကြီးက အင်္ကျီချုပ်ရာမှ ရပ်တန့်လိုက်သည်။

ထို့နောက် ငိုက်မျဉ်းနေသော နန့်အိနှင့် လေချင်းတို့အား ကြည့်လိုက်သည်။

'ကဲ... ညည်းတို့ ငိုက်မနေနဲ့ အိပ်ကြပေတော့'

လေချင်းက ထရပ်လိုက်သည်။

'မှနိလှပါ သခင်မကြီး၊ ကျွန်တော်မျိုးမ သွားအိပ်ပါတော့မယ်၊ နန့်အိကိုတော့ အရေးပေါ်ရင် ခိုင်းစရာရှိတာ ခိုင်းနိုင်အောင် ထားခဲ့ပါ့မယ်'

တောင်နန်းစံ မိဖုရားကြီးက ခေါင်းညိတ်လိုက်သည်။

'အေး….'

လေချင်းက ထွက်ခွာသွားလေပြီ။

နန်းအိကမူ အဆောင်ထဲတွင် ကျန်နေသေးသည်။

တောင်နန်းစံ မိဖုရားကြီးက နန်းအိအား ကရုဏာသက်စွာ ကြည့်လိုက်သည်။

'နန်းအိ– သွားအိပ်ပါတော့ကွယ်'

နန်းအိက မိဖုရားကြီးအား ကြည့်လိုက်သည်။

'ကျွန်တော်မျိုးမ မအိပ်နိုင်သေးပါဘူး သခင်မကြီး'

တောင်နန်းစံ မိဖုရားကြီးက သူမအား အံ့ဩစွာ ကြည့်လိုက်၏။

'အို….ညည်းမိုးချုပ်လှပြီကွယ် သွားအိပ်ပါတော့'

နန်းအိ၏ ခေါင်းခါယမ်းလိုက်လေသည်။

'ကျွန်တော်မျိုးမ မအိပ်နိုင်သေးပါဘူး သခင်မကြီးရယ်၊ ကြားထားတဲ့ သတင်းတစ်ခု သခင်မကြီးကို လျှောက်တင်သင့်တယ် မသင့်ဘူးဆိုတာ စဉ်းစားနေပါတယ်'

တောင်နန်းစံ မိဖုရားကြီးက….

'နေပါဦး– ဘယ်ကဲ့သို့သော သတင်းမို့ ညည်းက စိတ်လှုပ်ရှားနေရတာလဲ'



သူက နန်းအိ၏ ဦးခေါင်းကို ပွတ်သပ်လိုက်ပြီး….

'ညည်းကို ငါက ဘယ်လောက်ချစ်တယ်ဆိုတာ ညည်းသိမှာပါ၊ ငါ့ကို ဘာမှမပြောရင် ဘယ်သူ့ကိုပြောလို့ရမှာတဲ့လဲ'

နန်းအိက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'ကျွန်တော်မျိုးမ လျှောက်တင်ပါမယ်၊ အကယ်၍ အမှားအယွင်းရှိခဲ့ရင်လဲ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

တောင်နန်းစံ မိဖုရားက ခေါင်းညိတ်လိုက်၏။

'ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး ပြောစရာရှိရင် ရဲရဲပြောပါ'

နန်းအိက စိုးရိမ်သော မျက်နှာသားဖြင့်….

'ဒီကနေ့ ကျွန်တော်မျိုးမဟာ ထူးဆန်းတဲ့သတင်းတစ်ခု ကြားခဲ့ပါတယ်၊ အဲဒီ သတင်းကတော့ မြောက်နန်းစံ မိဖုရားမှာ ပဋိသန္ဓေ မြားရွေ့ကြွတ် နှတ်ငုံခြင်းမရှိဘူးတဲ'

ထိုစကားကို ကြားလိုက်ရသော်လည်း တောင်နန်းစံမိဖုရားမှာ အံ့ဩသည့်ပုံဟန် အလျဉ်းမရှိပါ။

သူမက ပြုံး၍ နန်းအိအား ဤသို့ မေးလိုက်လေတော့သည်။

'ညည်း အိပ်ချင်မူးတူးဖြစ်နေပြီ ထင်တယ်'

နန်းအိက ခေါင်းခါယမ်းလိုက်၏။

'မအိပ်ချင်ပါဘူး သခင်မကြီးရယ်'

တောင်နန်းစံမိဖုရားကြီးက....

'ညည်းက မြောက်နန်းစံဘုရင်မကြီးနှာ ပတ္တမြား ရွှေကြုတ်နှုတ်ငုံတော်မူတဲ့ ကိစ္စဟာ မဟုတ်ဘူးလို့ ပြောခဲ့တယ်နော်'

နန်းအိက ခေါင်းညိတ်လိုက်သည်။

'မှန်လှပါ'

တောင်နန်းစံမိဖုရားကြီးက မျက်မှောင် ကုတ်သွားမိလေသည်။

'သူဟာ မောင်နှတော် ဘုရင်မင်းမြတ်ကို လိမ်ညာပြောဆိုနေတယ်လို့ ဆိုလိုတာလား'

နန်းအိက ခေါင်းညိတ်လိုက်၏။

'မှန်လှပါ'

တောင်နန်းစံမိဖုရားကြီးက ခေါင်းခါယမ်းလိုက်လေတော့သည်။

'မဖြစ်နိုင်တာကွယ်'



သူမက အေးဆေးတည်ငြိမ်သော ဟန်ဖြင့်....

'ညည်း စာညာဏ်ပညာ အတော်ဆုံးဆိုတာ ငါနားသည်ထားတယ် ဒီတစ်ခါတော့ အတော်ညံ့နေပါလား'

နန်းအိက တွေဝေသွားလေသည်။

တောင်နန်းစံမိဖုရားက သူမအား ကြည့်လိုက်လေတော့သည်။

'ဒါနဲ့ ဒီသတင်းကို ညည်း ဘယ်က ကြားတာလဲ'

နန်းအိက အမှန်အတိုင်း လျှောက်တင် လိုက်လေတော့သည်။

'မြောက်နန်းစံမိဖုရားရဲ့ အပျိုတော် ချင်းငိုဆီက ရခဲ့တာပါ'

တောင်နန်းစံမိဖုရားက ခေါင်းခါယမ်း လိုက်လေတော့သည်။

'မဖြစ်နိုင်ဘူး'

သူမက နန်းအိအား စိုက်ကြည့်လိုက်ပြီး....

'တခြား တခြား ကိစ္စတွေဟာ လိမ်ညာလို့ရခဲ့ပမယ့် ဒီကိစ္စဟာ ဘယ်တော့မှ လိမ်ညာလို့ မရပါဘူးလေ'

သူမက စကားဆက်လိုက်ပြန်သည်။

'နောက်ပြီး မြောက်နန်းစံမိဖုရားမှာ ပတ္တမြားရွှေကြုတ်နှုတ်ငုံတော်မူတဲ့ကိစ္စကို သမားတော်ကြီး ချန်းထိုက်အီ ကိုယ်တိုင် မောင်တော်ဘုရင်မင်းမြတ်ဆီမှာ လျှောက်တင်ခဲ့ပြီးပါပြီ ဒါကို ညည်းက ယုံကြည်နေတာ အံ့ဩစရာပဲ'

နန်းအိက သက်ပြင်းတစ်ချက် ကြိတ်ချလိုက်လေတော့သည်။

'ကျွန်တော်မျိုးမ မှားသွားပါတယ်၊ ခွင့်လွှတ်ပါ သခင်မကြီးရယ်'

တောင်နန်းစံမိဖုရားကြီးက ကရုဏာသက်စွာဖြင့် နန်းအိ၏ ဆံကေသာကို ပွတ်သပ်လိုက်သည်။

'အခုလတွေမှာ ညဲညည်းလဲ အတော်ကို ပင်ပန်းနေတာပါပဲ....'

'ဒါကြောင့်....

'ညည်းရဲ့ အတွေးအခေါ်တွေ မှားယွင်းနေတာ ဖြစ်ပါလိမ့်မယ်'

သူမက စကားဆက်လိုက်သည်။



'ကဲ....ကဲ....ညဉ့်နက်လှပြီး ညဲညည်းအိပ်တော့ နောက်ပြီး နားနားနေနေလုပ်ဖို့ သတိထားပါ'

နန်းအိက ဂါရဝပြုလိုက်သည်။

'ဟုတ်ကဲ့ပါ သခင်မကြီး'

သူမသည် အိပ်စက်ရန် ကြိုးစားလိုက်ရလေတော့သည်။

* * *

လွင်စာပေ
၁၅/၁၃၈

## သမားတော်ကြီး ချန်းထိုက်အိ

နန်းအိသည် တောင်နန်းစံမိဖုရား၏ ဖျောင်းဖျပြောဆိုမှုကြောင့် မြောက်နန်းစံမိဖုရား၏ ကိုစ္စကို အလိုအလျောက် မေ့လျော့နေခဲ့၏။

သို့သော်....

သူမ၏ ပင်ကိုယ်ဗီဇသည် အရာရာကို ကိုယ်တိုင်ကိုယ်ကျလေ့လာဆုံးဖြတ်လိုသော ကိစ္စမျိုးရှိနေသောကြောင့် လေးငါးရက်ခန့်ကြာသောအခါ ဤကိစ္စသည် သူမ၏ ဦးနှောက်ထဲသို့ ပြန်လည်ရောက်ရှိလာပြန်လေသည်။



သူမက ချင်းငိုမှာ ဉာဏ်ပညာထက်မြက်မှု မရှိလှကြောင်း နားလည်ထားလေသည်။

ထို့ကြောင့်....

ချင်းငို စကားကို ယုံသင့်မှယုံသင့်ကို ပြန်လည်သုံးသပ်လာလေသည်။

သူမသည် ချင်းငိုအား တွေ့ဆုံရန် ကြိုးစားနေလေ၏။

သို့သော်....

သူမက ထိုငါးရက်အတွင်း ချင်းငိုကို လုံးဝမတွေ့ရဘဲဖြစ်နေလေသည်။

သူမက စိတ်ပျက်နေမိ၏။

ရုတ်တရက် သူမက တောင်နန်းစံပိဖုရား၏ စကားများကို ပြန်လည်ကြားယောင်လာလေသည်။

'မြောက်နန်းစံမိဖုရားမှာ ကြွက်မြားရှေ့ကြုတ်နှုတ်ငုံတော်မူနေပြီဆိုတဲ့ သတင်းကို သမားတော်ကြီး ချန်းထိုက်အိ ကိုယ်တိုင်က မောင်တော်ဘုရင်မင်းမြတ်ဆီကို သံတော်ဦးတင်ထားတယ်ကွယ့်'

ယင်းသို့ ကြားယောင်မိသောအခါ နန်းအိနှင့် သွားရောက်တွေ့ဆုံ၍ ဤကိစ္စကို စုံစမ်းရန် ဆုံးဖြတ် လိုက်လေတော့သည်။

သို့သော်....

သူမသည် သမားတော်ကြီး ချန်းထိုက်အိ နေထိုင်သော အဆောင်ဆီသို့ ရောက်ရှိလာသောအခါ....

ချန်းထိုက်အိကို မတွေ့ရတော့ပါ။

နန်အိက အဆောင်မှူးထံ သွားရောက် မေးမြန်းခဲ့လေသည်။

အဆောင်မှူးက ဤသို့ ပြောလာလေသည်။

'သမားတော်ကြီးက ကျန်းမာရေးချို့တဲ့သာကာကြောင့် သမားတော်ကြီး ရာထူးကပဲ နုတ်ထွက်ပြီး သူ့ရွာကို အပြီး ပြန်သွားပြီကွယ့်'

နန်အိက ထိုစကားကို ကြားလိုက်သောအခါ အလွန် အံ့သြသွားမိလေသည်။

သမားတော်ကြီး ချန်းထိုက်အိ၏ အသက်မှာ ငါးဆယ် ဝန်းကျင်မျှသာရှိပြီး ကျန်းမာရေး အလွန်ကောင်းမွန်ကြောင်း သူမက ကောင်းစွာ သိရှိခဲ့နလေသည်။

ယခု....

အဘယ်ကြောင့် သမားတော်ကြီး ချန်းထိုက်အိက ရာထူးမှ နုတ်ထွက်ကာ ဌာနေသို့ ပြန်သွားခဲ့ပါသနည်း။



ဤကိစ္စမှာ သွေးရိုးသားရိုးကိစ္စတစ်ခု မဟုတ်ကြောင်း နန်အိက ယုံကြည်လေသည်။

သူမသည် ထိုကိစ္စမှာ အလွန်ကြီးမားသော အန္တရာယ်တစ်ခုနှင့် ပတ်သက်နေပြီဟု နားလည်နေ၏။

သို့သော်....

စိတ်သဘောထား အလွန်ပြည့်ဝသောတောင်နန်းစံမိဖုရားအား ပြောပြလျှင် ယုံကြည်မည်မဟုတ်ကြောင်း သိရှိနေလေသည်။

ထို့ကြောင့်....

သူမက လေချင်းကို တိုးတိုးတိတ်တိတ် ပြောပြ၍ သတိကြီးစွာဖြင့် အခြေအနေကို စောင့်ကြည့် အကဲခတ်ရန် ဆုံးဖြတ်တော့အည်။

* * *

ယခုလသည် တောင်နန်းစံမိဖုရား၏ သားသမီးရတနာ မွေးဖွားရန် အချိန် ရောက်ရှိခဲ့ပေပြီ။

နန်းတွင်းသူ နန်းတွင်းသားများနှင့် သားသမီးမွေးဖွား ပေးမည့်လက်သည်အဘွားအိုတို့မှာ တောင်နန်းစံ၏အဆောင် အတွင်း၌ အမြဲမပြတ် စောင့်ကြည့်နေရသည်။

ယင်းအချိန် မြောက်နန်းစံမိဖုရားသည် နေ့မထိထိုင်မထ ဖြစ်လာလေသည်။

အရေးကြီးသောအချိန် ရောက်လာမှ ကိုဟိုင်တစ်ယောက် ပျောက်နေခြင်းကို သူမက သတိပြုမိလိုက်သည်။

သူမသည် အိပ်မပျော်စားမဝင်ဖြစ်ကာ ပရိဒေဝ သောက မီးတို့ လောင်မြိုက်နေလေပြီ။

သူမက ပူပင်သောက ကောက်လောင်နေစဉ် မမျှော်လင့်ပဲ ကိုဟိုင်အား တစ်နေ့သော နံနက်ခင်းတွင် တွေ့မြင်လိုက်ရ သည်။

မြောက်နန်းစံမိဖုရားက ကိုဟိုင်ရောက်ရှိလာခြင်းကို တွေ့ မြင်လိုက်ရသောအခါ စိတ်သက်သာရာ ရရှိသွားသည်။

'ကိုဟိုင် ဘယ်သွားနေတာလဲ သည်မှာ ဘယ်လောက် အရေးကြီးနေတယ်ဆိုတာ မင်း မသိဘူးလား'

ဟု ပြစ်တင်ပြောဆို လိုက်သည်။



ကိုဟိုင်က တောင်းပန်လိုက်၏။

'စိုးရိမ်တော်မမူပါနဲ့ သခင်မကြီး ကျွန်တော်မျိုးက အစစ အဆင်ပြေ ချောမောစေရန် စီစဉ်စရာရှိတာတွေကို စီစဉ်ခဲ့နရ လို့ မလာဖြစ်တာပါ'

မြောက်နန်းစံ မိဖုရားက....

'အသင်စီစဉ်တာတော့ ဟုတ်ပါပြီ၊ တောင်နန်းစံမိဖုရား က မွေးဖွားကာနီးပြီ၊ ငါတို့ဘာလုပ်ကြမလဲ တော်ကြာအား လုံး ဒုက္ခရောက်ကုန်ကြရတော့မယ်'

ကိုဟိုင်က ပြုံးပြလိုက်သည်။

'ကျွန်တော်မျိုး အားလုံးစီစဉ်ခဲ့ပြီးပါပြီ ဘာမှမစိုးရိမ် ပါနဲ့၊ ကနေ့ညမှာ နောက်ဆုံး အစီအစဉ်တစ်ခု လုပ်ပြီးတာနဲ့ အခြေအနေတွေ အကုန်ကောင်းပြီဆိုတာ ပြောဝံ့ပါတယ် သခင်မကြီး'

မြောက်နန်းစံမိဖုရားက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း....သည်ကိစ္စကို မင်းပဲ အစမျိုးခဲ့တာပဲ၊ ဒါကြောင့် အဆုံးထိအောင် မင်းပဲ တာဝန် ယူရလိမ့်မယ်'

ကိုဟိုင်က ဦးညွတ်သည်။

'စိတ်ချပါသခင်မကြီး....ကျွန်တော်မျိုးမကို သွားခွင့်ပြုပါ တော့'

သူက အရှိအသေပြုကာ အဆောင်ထဲမှ လှမ်းထွက်သွားလေတော့သည်။

ကောင်းကင်ပေါ်၌ လခြမ်းကလေးက စတင်ထွက်ပေါ်နေပြီဖြစ်၏။

* * *

နန်းတော်တစ်ခုလုံးမှာ တိတ်ဆိတ်၍ နေ၏။

တောင်နန်းစံ မိဖုရားအဆောင်တွင် မွေးဖွားရန်ကိစ္စအဝဝကို စီစဉ်ပြီးသောအခါ မီးဖွားပေးမည့် လက်သည်အဘွားအိုက မိမိနေထိုင်သည့် အဆောင်သို့ ပြန်ဝင်ခဲ့လေသည်။

သူမသည် တစ်နေ့တာလုံး ပင်ပန်းလာသောကြောင့် အိပ်ရာထဲတွင် ဝင်ရောက်အနားယူရန် လဲလျောင်း လိုက်၏။

သို့သော်သူမက တစ်စုံတစ်ခုသောအသံကြောင့် မျက်လုံးဖွင့်၍ လှမ်းကြည့်လိုက်ရာ အခန်းတွင်းသို့ လူတစ်ယောက် လှစ်ခနဲ ဝင်ရောက်လာခြင်းကို တွေ့မြင်လိုက်ရလေသည်။



အဆောင်ထဲတွင် မီးထွန်းထားခြင်း မရှိပါ။

လခြမ်းကလေး၏ အလင်းရောင်မှာလည်း စိုးတဝါးမျှသာ ရှိနေ၏။

ထို့ကြောင့် ... ထိုလူမျက်နှာမှာ မည်သူမည်ဝါဖြစ်ကြောင်း မတွေ့မြင်လိုက်ရပါ။

သူမက ထိတ်လန့်၍ အော်ရန် ပါးစပ်ဟလိုက်သည်။

ဓားရောင်တစ်ချက် ဝင်းလက်သွား၏။

သူမ၏ရင်ညွန့်တွင် ဓားတစ်လက် လာရောက်ထောက်ထားခြင်း ခံလိုက်ရပြီး အေးစက်စက်အသံကို ခပ်တိုးတိုးသာ ကြားလိုက်ရ၏။

'အသက်မသေချင်ရင် မအော်နဲ့'

မီးဖွားပေးသည့် လက်သည် အမျိုးသမီးက မအော်ဝံ့တော့ပါ။

သူမ၏ရင်ဝမှဓားက ခွာထွက်သွားသည်။

ထို့နောက် သူမ၏လည်ကုပ်ပေါ်သို့ လက်ဝါးစောင်းတစ်ချက် ပြင်းပြင်းထန်ထန် ကျလာလေသည်။

အမျိုးသမီးမှာ မအော်နိုင်တော့ပဲ သတိလစ်သွားလေ၏။

အချိန်မည်မျှ ကြာသွားမှန်းမသိပါ။

သူမက သတိရလာသောအခါ နာကျင်နေသည့် လည်ကုပ် ကို ပွတ်ရင်း မျက်လုံးဖွင့်ကြည့်လိုက်သည်။

ထိုအခါ မိမိ၏အခန်းတွင်း၌မဟုတ်ဘဲ ကျဉ်းမြောင်းသော အခန်းထဲသို့ ရောက်ရှိနေကြောင်းကို တွေ့မြင်လိုက်ရသည်

ယခုမှသူမက မိမိအားလူတစ်ယောက်က ဖမ်းဆီးခေါ် ဆောင်လာကြောင်း နားလည်လိုက် လေသည်။

သူမက ဝန်းကျင်အွား သတိထား ကြည့်လိုက်ရာ....

အခန်းထောင့်တွင် လူတစ်ယောက်ထိုင်နေကြောင်း တွေ့ မြင်လိုက်ရ၏။

သို့သော် မီးရောင်က ယင်းနေရာသို့ မရောက်နိုင်သဖြ မည်သူမည်ဝါဖြစ်ကြောင်း မသိရပါချေ။

သူမက ကြောက်ရွံ့စွာဖြင့်....

'ရှင်....ရှင်က ကျွန်မကိုဘာကြောင့် ဖမ်းဆီးလာရတာလဲ'

ထိုလူ၏အသံက ထွက်ပေါ်လာလေသည်၊

'ကျုပ် ဘယ်သူလဲဆိုတာမမေးနဲ့....ကျုပ်ခိုင်းတာကို လုပ် ပဲစဉ်းစားပါ'



အမျိုးသမီးကဲ ထိတ်လန့်တုန်လှုပ်စွာဖြင့်....

'ကျွန်....ကျွန်မ ဘာလုပ်ပေးရမှာလဲ'

ထိုလူကဲ အေးစက်စက် အသံဖြင့်....

'ငါပြောမယ့် စကားတွေဟာ အလွန် အရေးကြီးတယ်၊ မင်း သေသေချာချာ နားထောင်ပါ'

အမျိုးသမီးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ ပြောပါ'

ထိုလူ၏အသံက ထပ်မံထွက်ပေါ် လာပြန်လေသည်။

'တောင်နန်းစံမိဖုရား မွေးဖွားပြီးတဲ့အခါကျရင် အဲသည့် ကလေးကိုယူပြီး မင်းကနန်းတော်ကို သွားပို့ရမယ် မှတ်မိ လား'

အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ထိုလူက ခေါင်းညိတ်လိုက်သည်၊

'ကောင်းပြီ....မင်းကအဲဒီကလေးကို ရွှေကြုတ်နဲ့ထည့်လာ တဲ့အခါကျရင် တစ်ယောက်တည်းသယ်ခဲ့ပါ၊ တခြားဘယ်သူမှ ပါမလာပါစေနဲ့'

အမျိုးသမီး တွေဝေသွားသည်။

သို့သော် သူမက ကြောက်ရွံ့လွန်းသဖြင့် မငြင်းရဲပါ။

'ဟုတ်....ဟုတ်ကဲ့'

ထိုလူက....

'ကောင်းပြီ....မင်း တစ်ခုတော့ သတိထားဖို့ လိုမယ်'

အမျိုးသမီးက ခေါင်းညိတ် လိုက်သည်။

'ဟုတ်ကဲ့....အမိန့်ရှိပါ'

ထိုလူက စကားဆက်လိုက်သည်။

'ဘာအကြောင်းကြောင်းပဲ ဖြစ်ဖြစ် သည် ရွှေကြုတ် လမ်းခုလတ်မှာ ဖွင့်မကြည့်ရဘူး သေချာမှတ်ထား'

အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....စိတ်ချပါ'

ထိုလူကထပ်မံ ပြောလိုက်လေသည်။

'နန်းတော်ထဲရောက်လို့ ရွှေကြုတ်ကိုဘုရင်ကြီးလက်ထဲအ သပြီးရင် သည်ရွှေကြုတ်ဟာ ငှကောင်နန်းစံမိဖုရားဆီက ယူ လာရောက်ဆက်သတယ်ဆိုတဲ့ အကြောင်းကို ပြောပါ'

အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။



'ကြားပါတယ်'

ထိုလူက ဆက်လက် ညွှန်ကြားလိုက်သည်။

'မင်းသတိထားရမှာက ရွှေကြုပ်ကိုတင်ပြပြီးရင် ဘုရင်က ဘာမေးမေး တောင်နန်းစံမိဖုရားဆီက လာတာလို့ပဲပြောပါ၊ ပြောင်းလဲပြီး မပြောပါနဲ့'

အမျိုးသမီးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့'

ထိုလူက ကြိမ်းဝါးလိုက်လေသည်။

'သည်ကိစ္စမှာ တစ်စုံတစ်ခု လွဲချော်ခဲ့ရင်တော့ မင်းရဲ့ အသက် သေပြီလို့မှတ်'

အမျိုးသမီးက ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

'ဟုတ်....ဟုတ်ကဲ့ပါ'

ထိုလူက....

'ကဲ - မင်း ပြန်နိုင်ပါပြီ'

အမျိုးသမီးက ကမန်းကတန်းသရပ်ကာ အခန်းထဲမှ လှမ်းထွက် လိုက်သည်။

ရုတ်တရက်သူမ၏ လည်ကုပ်သို့ လက်ဝါးစောင်းတစ်ချက် ရောက်ရှိလာပြန်သည်။

သူမက သတိမေ့သွား ခဲ့ရပြန်လေသည်။

သူမက ပြန်လည်သတိရလာသောအခါ မိမိ၏အခန်းထဲရှိ အိပ်ရာပေါ်သို့ ပြန်လည်ရောက်ရှိနေခြင်းကို အံ့သြစွာ တွေ့မြင်လိုက်ရသည်။

သူမသည် မိမိမှာ အိပ်မက်ဆိုးများ မက်နေသလောဟု ခံစားလိုက်ရသည်။

သို့သော် သူမ၏လည်ကုပ်တွင် နာကျင်သော ဝေဒနာကို ခံစားနေရသောကြောင့် အိပ်မက်မဟုတ်ကြောင်း ယုံကြည်လာရလေတော့သည်။

* * *

မှောင်စပြုပြီဖြစ်၏။

တောင်နန်းစံမိဖုရားကား ရင်သွေးငယ်မွေးဖွားရန် အချိန်သို့ ကျရောက်နေလေပြီ။



ကေရာဇ်ဘုရင်သည် အပါးတော်မြဲများနှင့်အတူနန်းတော်ထဲတွင်ထိုင်ရင်း သားယောကျ်ားလေးမွေးပါစေဟုဆုတောင်းနေ၏။

တစ်ခဏအကြာတွင် အောင်နန်းစံမိဖုရား၏ ဝမ်းဗိုက်နာကျင်ပြီဟူသောသတင်းကို ကြားလိုက်ရသည်။

တစ်ဆက်တည်းမှာပင် မြောက်နန်းစံမိဖုရား မွေးဖွားခါနီးပြီဟူသောသတင်းလည်း ရောက်ရှိလာလေသည်။

ကေရာဇ်ဘုရင်ကြီးမှာ ဝမ်းသာမိသော်လည်း စိတ်လှုပ်ရှားစွာဖြင့် သားယောကျ်ားလေးမွေးဖွားရန်ကိုသာ အကြိမ်ကြိမ် ဆုတောင်းနေမိ၏။

နောက်ထပ် တစ်ခဏအကြာတွင် တောင်နန်းစံမိဖုရားက သားဦးရတနာဖွားပြီဟူသောသတင်း ရောက်ရှိလာသည်။

ကေရာဇ်ဘုရင်မှာ အလွန်ဝမ်းသာသွားသည်။

ထိုသတင်းနှင့်အတူပင် မြောက်နန်းစံမိဖုရားက သားဦးရတနာဖွားသောသတင်းကလည်း ရောက်ရှိလာခဲ့ပြန်၏။

ယင်းသတင်းများသည် နန်းတော်တစ်ခုလုံးသို့ ဂယက်ရိုက်သွားခဲ့လေပြီ။

ခြေမြန်တော်များက ယင်းသတင်းများကို ဝန်မင်း၊ မှူးမတ်များထံ သယ်ဆောင်သွားခဲ့သောကြောင့် တစ်ခဏအကြာတွင် ဝန်မင်း၊ မှူးမတ်များအားလုံး နန်းတော်တွင်းသို့ စုရုံးရောက်ရှိလာကြ၏။

သူတို့အားလုံးက ကေရှောင်ဘုရင်အား ကိုယ်တိုင်ကိုယ်ကျ အခစားဝင်ကာ သားဦးရတနာများ မွေးဖွားခြင်းအတွက် ကောင်းချီးသြဘာပေး ဆုမွန်ကောင်းများပါ တောင်းပေးကြလေသည်။

ကေရှောင်ဘုရင်လည်း သူတို့၏ ကောင်းချီး သြဘာပေးခြင်းကို ဝမ်းသာအားရလက်ခံသောအားဖြင့် ချက်ချင်းပင် ညစာစားပွဲဖြင့် ခင်းကျင်းစေ၏။

ထို့နောက် မွေးဖွားသော သားတော်နှစ်ပါးအား မိမိရှေ့မှောက်သို့ ခေါ်ဆောင်စေ၏။

တစ်ခဏအတွင်းမှာပင် ကို့ဟိုင်ဦးဆောင်သောနန်းတွင်း၌ မီးဖွားပေးသောလက်သည်များက ရွှေကြုတ်ကလေးများ ကိုယ်စီဖြင့် ဘုရင့်ရှေ့မှောက်သို့ ခစားဝင်ရောက်လာလေသည်။



ကို့ဟိုင်က ပထမရွှေကြုတ်တစ်ခုကိုယူ၍ ဘုရင်မင်းမြတ်ထံသို့ ဆက်သကာ....

'ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မင်းကြီး၊ ဤရွှေကြုတ်ထဲတွင် မြောက်နန်းစံမိဖုရားက မွေးဖွားသန့်စင်သော သားဦးရတနာ ပါရှိလာပါတယ်.... ရှုစားတော်မူပါဘုရား'

ဘုရင်မင်းမြတ်က ရွှေကြုတ်ကိုဖွင့်ကြည့်လိုက်ရာ ရွှေကြုတ်ထဲတွင် မွေးကင်းစကလေးဖြူဖြူတုတ်တုတ်ကိုတွေ့မြင်ရသဖြင့် နှလုံးစိတ်ဝမ်းအေးသွားမိသည်။

ကို့ဟိုင်က ဒုတိယရွှေကြုတ်ကို ဆက်သလိုက်ပြန်၏။

'ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မင်းကြီး၊ ဤရွှေကြုတ်ထဲတွင် တောင်နန်းစံမိဖုရားမှ မွေးဖွားသန့်စင်သော သားဦးရတနာ ပါရှိလာပါတယ်၊ ရှုစားတော်မူပါဘုရား'

ကေရှောင်ဘုရင်က ဒုတိယရွှေကြုတ်ကို ဖွင့်ကြည့်လိုက်သောအခါ မျက်လုံးပြူးကျယ်သွား၏။

အကြောင်းမှာ ရွှေကြုတ်ထဲတွင် သားဦးရတနာကလေးငယ်ကိုမတွေ့ရဘဲ မွေးကင်းစ ကြောင်သေးလေးတစ်ကောင်ကိုသာ တွေ့မြင်လိုက်ရလေသည်။

တောင်နန်းစံမိဖုရား၏လက်သည် အချိုးသမီးက အသွန်အုံ့ဩသွားလေသည်။

မိမိကိုယ်တိုင် မွေးဖွားသန့်စင်ပေးခဲ့သော ကလေးငယ်သည် အဘယ်ကြောင့် မွေးကင်းစ ကြောင်ကလေးတစ်ကောင် ဖြစ်သွားရပါသနည်း။

သူမက နားမလည်နိုင်တော့ပါ။

ရုတ်တရက် သူမက မိမိဘောင်နန်းစံမိဖုရား၏အဆောင်မှ ထွက်လာစဉ် ဦးခေါင်းမျှားမူးဝေကာ တစ်ချက်မိုက်ခနဲဖြစ်သွားခြင်းကို သတိရမိသည်။

ဤသို့ဆိုပါလျှင် တစ်စုံတစ်ယောက်က မိမိ၏ရွှေကြုတ်နှင့် တခြားရွှေကြုတ်တစ်ခုကို လဲလှယ်ခဲ့ခြင်းပင် ဖြစ်မည်ဟုနားလည်လိုက်လေသည်။

သူမ၏ရင်ထဲ၌ စိုးရိမ်ကြီးနေမိလေသည်။

ထိုအချိန်မှာပင် ကေရာဇ်ဘုရင်ကြီး၏ အသံက ဒေါသကြီးစွာဖြင့် ဤသို့မိန့်တော်မူလိုက်လေသည်။

'ဟော....တောင်နန်းစံမိဖုရားက သည်လိုကျက်သရေကင်းတဲ့ အဟိတ်တိရစ္ဆာန်ကောင်ကို မွေးဖွားရသလားဟင်'



ကေရာဇ်ဘုရင်သည် ရှက်ရွံ့ဒေါသကြီးစွာဖြင့်တစ်ချက်လွှတ်အမိန့်တော်ချမှတ်လိုက်လေသည်။

'ကျက်သရေကင်းမဲ့လှတဲ့ တောင်နန်းစံမိဖုရားကို မိဖုရား၏ ဘုန်းကံမရှိသောကြောင့် အပယ်ဆောင်ထံသို့ နှင်ပြောင်း၍ အကျဉ်းချထားရန် အမိန့်တော်ချမှတ်လိုက်သည်'

* * *

## လိန်ကူး

လိန်ကူးဆိုသော စကားရပ်သည် အပယ်ခံဆောင်ဟု အဓိပ္ပာယ်ရလေသည်။

နန်းတွင်း၌ ရှိရှိသမျှသော နန်းတွင်းသူ အပျိုတော်တို့သည် အသက်အရွယ်ကြီးရင့်လာသောအခါ နန်းတွင်းသူအပျိုတော် အသစ်များ ရောက်ရှိလာသဖြင့် အပယ်ခံဆောင်သို့ ပြောင်းရွှေ့နေထိုင်ကြရလေသည်။

ထို့နည်းတူ....



မိဖုရားတို့သည်လည်း တစ်စုံတစ်ခုသော အပြစ်နှင့် ငြိစွန်းခဲ့ပါလျှင် ဘုရင်က မနှစ်သက်သည့် အချိန်၌ဖြစ်စေ အပယ်ဆောင်သို့ အပို့ခံရတတ်၏။

အပယ်ဆောင်ဆိုသည်မှာ နန်းတော်၏ နောက်ဘက်ချောင်အကျဆုံးသော နေရာတွင် တည်ရှိလေသည်။

ထိုနေရာကို အုတ်တံတိုင်းများဖြင့် ကာရံကာ အပြင်လောကနှင့် လုံးဝခြားထားလိုက်၏။

အပယ်ဆောင်ဟူသည် နှစ်မျိုးနှစ်စား ရှိသည်။

နန်းတွင်းသူ အပျိုတော်များအတွက် အိမ်တန်းရှည်များ တည်ဆောက်ထားလေသည်။

သူမတို့မှာ စုရုံး၍ နေထိုင်ကြလေသည်။

သူမတို့နှင့် ကိုက်ဘက်မျှခန့်အကွာတွင် အနည်းငယ် ကျယ်ဝန်းသော အဆောင်တစ်ခု သီးခြားရှိလေသည်။

ယင်းအဆောင်မှာ မိဖုရားအဆင့်ရှိသော အမျိုးသမီးများမှသာလျှင် နေထိုင်ခွင့်ရသော အဆောင် ဖြစ်လေတော့သည်။

သို့သော်....

ထိုအဆောင်တွင် များသောအားဖြင့် လူမရှိ သော့ခတ်၍ ပိတ်ထားတတ်လေသည်။

ယခုမှာမူ....

တောင်နန်းစံမိဖုရားသည် ထိုအဆောင်သို့ ရောက်ရှိလာ သည်။

သူမနှင့်အတူ နန်းတွင်းသူ လေချင်းနှင့် နန်အိတို့လည်း ပါ ရှိလာလေသည်။

တောင်နန်းစံမိဖုရားသည် အပယ်ဆောင်သို့ ရောက်ရှိလာ ခြင်းကို ဝမ်းနည်းမိသော်လည်း တုန်လှုပ်မှုမရှိလှပါ။

သို့သော်....

သူ၏ ရင်သွေးဖြစ်သော သားတော်လေး၏ မျက်နှာကို မမြင်တွေ့ရဘဲ မိမိနှင့် ကမ္ဘာခြားခဲ့ရခြင်းအတွက် ယူကျုံးမ ဖြစ်ကာ စိတ်ထိခိုက်နေလေသည်။

လေချင်းနှင့် နန်အိတို့သည် မိမိတို့၏ သခင်မကြီးအတွက် ဝမ်းနည်းကြေကွဲခြင်း ခံပြင်းခြင်းစသည့် ဝေဒနာများကို ပြင်းပြင်းထန်ထန် ခံစားနေရ၏။

ယခုကဲ့သို့ လုပ်ကြံခံခြင်းမှာ အတွင်းဝန် ကို့ဟိုင်နှ မြောက်နန်းစံမိဖုရားတို့၏ လက်ချက်ဖြစ်ကြောင်း ကောင်းစွာ နားလည်ကြလေသည်။

သို့သော်....



သူတို့သည် နန်းတော်ထဲတွင် မပြောပလောက်သည့်အဆင့် သာရှိသူများ ဖြစ်သောကြောင့် မည်သူ့ကိုမျှ တိုင်ကြားနိုင် သော အခွင့်အရေးမရှိကြပါ။

မတရားမှုကို ပြုလုပ်နေသော မြောက်နန်းစံ မိဖုရားနှင့် နန်းတွင်းတစ်ခွင်၌ သြဇာအရှိန်အဝါ ကြီးမားလှသော အတွင်းဝန်ဖြစ်နေသဖြင့် မိမိတို့က ရင်ဆိုင်ကြမည်ဆိုပါလျှင် ဘဲဥနှင့် ကျောက်တုံးတို့ ဝင်ရောက်တိုက်သကဲ့သို့ မိမိတို့သာ မရှုမလှခံရမည်ကို နားလည်ကြလေသည်။

သူမတို့ ပြုလုပ်နိုင်သည့်အရာကား....

သူမတို့၏ သခင်မကို နှစ်သိမ့်အားပေးရန်သာ ဖြစ်နေပြီ မဟုတ်ပါလား။

သို့သော်....

နန်အိသည် ဉာဏ်အလွန်ကောင်းပြီး အရည်အချင်းရှိသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

လေချင်းကလည်း မဟာရားမှုကို အလွန် စက်ဆုပ်ရွံရှာသူ ဖြစ်၏။

ထို့ကြောင့်....

သူတို့က ယခင်းမတရားမှုကို မည်သို့ ဖော်ထုတ်ရမည်ကို တိတ်တဆိတ် ဆွေးနွေးတိုင်ပင်ကြလေသည်။

သူမတို့၏ ရည်မှန်းချက်မှာ ပင်လယ်ရေပြင်အောက်မှ အပ်လေးတစ်ချောင်းကို ရှာဖွေနေသည့်အလား မျှော်လင့်ချက် အလွန်နည်းပါးလှပေသည်။

သို့သော်....

သူမတို့သည် အမှန်တရားကို မည်သည့်အခါမှ အချိန်ကြာကြာ ဖုံးဖိမထားနိုင်ဟု ယုံကြည်သူများ ဖြစ်ကြသောကြောင့် သူမတို့သည် မတရားမှုကို ဖော်ထုတ်ရန် စတင် ကြိုးစားနေကြလေတော့သည်။

* * *

ပထမခြေလှမ်း

တစ်နေ့....

နန်းအိသည် တောင်နန်းစံမိဖုရားအတွက် ကလေးမီးဖွားပေးသော အမျိုးသမီးထံသို့ သွားရောက်ခဲ့လေသည်။

အမျိုးသမီးက မမျှော်လင့်ဘဲ နန်းအိအား တွေ့မြင်လိုက်ရသဖြင့် မျက်နှာကွက်ခနဲ ပျက်သွား၏။

နန်းအိက ပြုံးပြလိုက်သည်။

သူမကဲ အခဆောင်ထဲသို့ ဝင်ရောက် ထိုင်ချလိုက်ပြီး....

'ဒေါ်ဒေါ်....နေကောင်းရဲ့လား'

အမျိုးသမီးက ဖျစ်ညှစ်၍ ပြုံးပြလိုက်၏။

'ကောင်း….ကောင်းပါတယ်'

နန်းအိက သူမအား အကဲခတ် ကြည့်လိုက်လေတော့သည်။

'ကျွန်မ ဒီကို ရောက်လာလို့ ဒေါ်ဒေါ် အံ့သြသွားမယ် ထင်တယ်'

အမျိုးသမီးက တုန်တုန်ယင်ယင် အသံဖြင့်….

'ဟုတ်….ဟုတ်ကဲ့ ဒါနဲ့ ဒီက အပယ်ဆောင်က ဘာဖြစ်လို့ ထွက်လာရတာလဲ'

နန်းအိက ပြုံးပြလိုက်လေသည်။

'သခင်မကြီးအတွက် လိုအပ်တဲ့ ဆေးဝါးတွေကို လာ ဆောင်ရင်း လမ်းကြုံတာနဲ့ ဝင်ခဲ့တာပါ'

သူမက စကားဆက်လိုက်၏။

'ဒေါ်ဒေါ်က ကျွန်မလာတာကို မကြိုက်ဘူးလား'

အမျိုးသမီးက ခေါင်းခါရမ်းလိုက်သည်။



'မဟုတ်ရပါဘူးကွယ်'

နန်းအိက သူမ့အား အတန်ကြာ စိုက်ကြည့်လိုက်၏။

အမျိုးသမီးက သူမနှင့်မျက်လုံးချင်း မဆုံဝံ့သောကြောင့် မျက်နှာလွှဲထားလိုက်သည်။

နန်းအိက သူမအား စိုက်ကြည့်ကာ….

'ကောင်နန်းစံမိဖုရားကြီးကို ဒေါ်ဒေါ်ကိုယ်တိုင် မီးဖွားပေးခဲ့တာပဲ၊ သားရတနာဆိုတာလဲ ဒေါ်ဒေါ်သိပါတယ်၊ အဲဒါကို ဘုရင့်ရှေ့မှောက်လဲရောက်ရော ဘာဖြစ်လို့ကြောင်သေလေး ဖြစ်သွားရတာလဲ'

တဲ့တိုး မေးချလိုက်၏။

အမျိုးသမီးက နန်းအိ၏စကားကို ကြားလိုက်ရသောအခါ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော် ဖြစ်သွားရလေသည်။

သူမက အခန်းတံခါးပေါက်ကို လက်ညှိုးထိုးပြကာ….

'ညည်း ဘာတွေလာပြောနေတာလဲ အခုထွက်သွား'

နန်းအိက ထိုင်ရာမှ မထပါ။

'ကျွန်မ မေးတာ မှားသွားလို့ လားဟင်'

အမျိုးသမီးက ခေါင်းတွင်တွင် ခါရမ်းလိုက်သည်။

'မမေးနဲ့....ဘာမှ မမေးနဲ့ .... ငါ သည်ကိစ္စကို ဘာမှ မသိဘူး'

သူမက ယင်းသို့ပြောရင်း စိတ်ကိုမထိန်းနိုင်တော့ပဲ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ငိုကြွေးလေတော့သည်၊

နန်းအိက သက်ပြင်းတစ်ချက် ချလိုက်၏။

'ဒေါ်ဒေါ်ကို တစ်ယောက်ယောက်က ခြိမ်းခြောက်လို့ ကလေးကို ပေးလိုက်ရတယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒေါ်ဒေါ်အနေနဲ့လဲ ငြင်းဆန်လို့ မရတာကြောင့် သည်လိုလုပ်ရတယ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမယ့် အမှန်တရားဆိုတာ တစ်နေ့ ပေါ်ပေါက်လာမယ် ဆိုတာ ရဲရဲကြီး ပြောစံတယ်'

သူမက ထိုင်ရာမှထကာ အဆောင်ငယ်ထဲမှ ထွက်ခွာခဲ့လေသည်။

သူမ၏ နားထဲတွင် အမျိုးသမီး၏ ဝမ်းနည်းပက်လက် ငိုကြွေးနေသော အသံကို ကြားနေရသော်လည်း လှည့်မကြည့်တော့ပါ။

ယင်းအချိန်....



သူမအား စူးရှသောမျက်လုံး အစုံက စိုက်ကြည့်နေခြင်းကို သူမကလုံးဝ သတိမပြုခဲ့ပါချေ။

* * *

နန်းအိက အပယ်ဆောင်သို့ ရောက်သောအခါ လေချင်းအား အကျိုးအကြောင်း ပြောပြလိုက်သည်။

လေချင်းက သူမ၏စကားကို နားထောင်ကာ ဤသို့ မှတ်ချက်ချလိုက်သည်။

'အင်း....ဒီကိစ္စမှာ ဒီမိန်းမကြီးလဲ ပါမှာ သေချာတယ်'

နန်းအိက ခေါင်းညိတ်လိုက်လေသည်၊

'သေချာပါတယ်....

'ဒါပေမယ့် သူက အမှန်တိုင်း သက်သေခံဝံ့မှာ မဟုတ်ဘူး'

တောင်နန်းစံ မိဖုရားက သက်ပြင်းတစ်ချက် ချလိုက်၏။

'အင်းလေ....သူက လက်အောက်ငယ်သားတစ်ယောက်ဆို တော့ အာဏာရှိတဲ့ လူကခိုင်းရင် ဘယ်နေရဲပါ့မလဲ၊ ဒါ ကြောင့် သူ့ကို အနှောင့်အယှက် ပေးမနေကြပါနဲ့တော့'

နန်အိနှင့် လေချင်းတို့က သက်ပြင်းကိုယ်စီ ချလိုက်ကြ လေတော့သည်၊

* * *

## ပျောက်ဆုံးသွားသောသက်သေ

ငါးရက်....

နောက်ထပ် ငါးရက်ခန့်ကြာသောအခါ နန်အိ ဒ အသယ် ဆောင်ထဲမှ ထွက်လာလေသည်။

သူမနှင့် လေချင်းတို့သည် အပယ်ဆောင်သို့ ရောက်ရှိသွာ ခြင်းမှာ အကျဉ်းခံနေရခြင်းမျိုး မဟုတ်ဘဲ မိဖုရားကြီး၏ ဝန်ကြီးဝန်ငယ်ကို စောင့်ရှောက်ပေးရန် ဖြစ်လေသည်။

ထို့ကြောင့် သူမတို့သည် လွတ်လပ်စွာ သွားခွင့်ရှိ၏၊

ယနေ့ သူမက လက်သည်အမျိုးသမီးထံသို့ တစ်ခေါက် ခြေဦးလှည့်ခဲ့လေသည်။

သို့သော် အဆောင်ငယ်၏ တံခါးမှာ သော့ပိတ်ထား ခြင်းကို တွေ့မြင်လိုက်ရသည်။

သူမက ဤအမျိုးသမီး ကိစ္စတစ်ခုခုရှိ၍ ထွက်သွားသည် ဟု ထင်ကာ လှည့်ပြန်ရန် ဟန်ပြင်ခဲ့စဉ်....

နန်းတွင်း၌ သန့်ရှင်းရေးလုပ်သော အမျိုးသမီး တစ် ယောက်နှင့် တိုးမိသွားသည်။

နန်းအိကဲ ပြုံးပြလိုက်သည်။

'အစ်မကြီး လက်သည်အဘွားကြီး ဘယ်ရောက်သွားသလဲ ဟင်'

သန့်ရှင်းရေး အမျိုးသမီးကြီး၏ မျက်နှာကွက်ခနဲ ပျက် သွားသည်၊

သူမက စိတ်မကောင်းဟန်ဖြင့် စကားမပြောဘဲ ခေါင်း ခါယမ်းလိုက်သည်။

နန်းအိက....

'မတွေ့မိရင်လဲ ကိစ္စမရှိပါဘူး၊ ကျွန်မ လိုက်ရှာပေးပါ့ မယ်'



သန့်ရှင်းရေး အမျိုးသမီးက ခေါင်းသွင်သွင် ခါယမ်းပြ လိုက်သည်။

'ညီမလေး....သူ့ကို လိုက်ရှာလို့ မတွေ့နိုင်တော့ပါဘူး ကွယ်'

နန်းအိ မျက်မှောင် ကုတ်သွားသည်။

'ဘာဖြစ်လို့လဲ အစ်မကြီး'

သန့်ရှင်းရေး အမျိုးသမီးက....

'သူ....သူသေသွားပြီကွယ်'

နန်းအိက ထိုစကားကို ကြားလိုက်ရသောအခါ မိမိ၏ နားကိုပင် မယုံကြည်နိုင်လောက်အောင် တုန်လှုပ်သွားလေ သည်။

'သူ....သူဘာဖြစ်လို့ သေသွားတာလဲဟင်'

သန့်ရှင်းရေး အမျိုးသမီးကဲ....

'မသိပါဘူးကွယ် ကိုယ့်ကိုယ်ကို ကြိုးဆွဲချပြီး သေသွား တယ်လို့ ပြောတာပဲ'

သူမက ပြောပြီးသည်နှင့် ဆက်လက်၍ လျှောက်သွားလေ သည်။

'သူ့ကိုယ်သူ ကြိုးဆွဲချပြီး သေသွားတယ်ဆိုပါလား'

နန်းအိကာ တီးတိုးရေရွတ် လိုက်မိသည်။

သူမက ခေါင်းခါယမ်းလိုက်သည်။

'ဒါလုံးဝ မဖြစ်နိုင်ဘူး တစ်စုံတစ်ယောက်က နှုတ်မိဘ် သွားတာပဲ ဖြစ်ရမယ်'

ဟု ရင်ထဲမှ အော်ဟစ်လိုက်လေတော့သည်။

* * *

လပြည့်နေ့ဖြစ်သည်။

နှစ်သစ်ကူး ပွဲတော်၏ လပြည့်နေ့သည် ပျော်ရွှင်ဖွယ် အကောင်းဆုံး နေ့တစ်နေ့ဖြစ်သည်။

တိုင်းပြည်တစ်ဝှမ်း ပျော်ရွှင်မှုများ လျှံနေသည်။

အပယ်ဆောင်ထဲ၌ပင် ဗျောက်အိုးသံများ ဆူညံစွာထွက် ပေါ်နေလေသည်။



နှစ်သစ်ကူးပွဲတော် ကျရောက်လာတိုင်းတွင် အပယ်ဆောင် တွင် နေထိုင်သော အမျိုးသမီးများလည်း ပျော်ရွှင်ကြရ၏။

အကြောင်းမှာ

ထိုပွဲတော်နေ့တွင် အကောင်းဆုံး အစားအစာများကို အားရပါးရ စားနိုင်သည့်အပြင် လွတ်လပ်စွာ သွားလာခွင့် မရသည်မှအပ အဆောင်ထဲ၌ စိတ်တိုင်းကျနှစ်သစ်ကူးပွဲတော် ကို ကျင်းပခွင့်ရခဲ့ကြသည်။

သို့သော် ဝေါင်နန်းစ မိဖုရားကြီးမှာမူ ယခုကဲ့သို့ ပွဲတော်နေ့မျိုးတွင် ပို၍ စိတ်ထိခိုက်ကာ ဝမ်းနည်းနေမိလေ သည်။

မိမိသည် အပယ်ဆောင်ထဲသို့ ရောက်ရှိ လာခြင်းမှာ ခြောက်လခန့် ရှိခဲ့လေပြီ။

သားတော်လေးပင် ခြောက်လသားအရွယ်သို့ ရောက်ရှိ နေပြီ မဟုတ်ပါလော။

သားတော်လေး၏ အခြေအနေမှာ မည်သို့ရှိပါသနည်း။

မည်ကဲ့သို့ ရှုပ်သွင်ရှိပါသနည်း။

သူမက ယင်းသို့ တွေးရင်း ဝမ်းနည်း၍ မဆုံးနိုင်ခဲ့တော့ပါချေ။

နန်အိနှင့် လေချင်းတို့သည် ယော်ရှယ်သူများ ဖြစ်ကြ၏။

သူမ်တို့သည် နှစ်သစ်ကူးပွဲတော်ကို လွတ်လပ်စွာ ပျော်ရွှင်ခွင့် ရှိနေသော်လည်း မပျော်နိုင်ကြပဲ တောင်နန်းစံမိဖုရားအား ကြည့်ကာ စိတ်မချမ်းသာကြပါချေ။

နန်အိ၏ စိတ်ထဲတွင် ထိုမတရားမှုကို လက်မခံသျှာ့နိုင်သေးပါချေ။

သူမအဖို့ မျှော်လင့်ချက်တစ်ခု ရှိနေသေးသည် မဟုတ်ပါလော။

တစ်ချိန်တုန်းက မြောက်နန်းစံ မိဖုရား၏ အဆောင်တွင်းမှ အပျိုရံချင်းငို ပြောခဲ့သော စကားများကို ပြန်လည်သတိရလာခဲ့လေသည်။

ထိုစကားအရ လောကပေါ်တွင် မြောက်နန်းစံ မိဖုရား၏ ယုတ်မာမှုကို သိရှိထားသူမှာ ချင်းငိုတစ်ယောက် ကျန်ရှိနေသေးသည် မဟုတ်ပါလော။



သူမက ချင်းငိုနှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်လေတော့သည်။

လင်းဝါဂေဟ
အမှတ် ၁၅/၁၃၈၊ [illegible]
ဆောင် [illegible]
ရန်၊ ၂၁၃၅၅

* *

နန်အိသည် ချင်းငိုနှင့် အလွန်ရင်းနှီးလေသည်။

ထို့ကြောင့် ချင်းငိုကို မတရားမှုကို အလွန်ရွံမုန်းသော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း ကောင်းစွာ သိရှိလေသည်။

ထို့ကြောင့် နန်အိက ချင်းငိုနှင့် တွေ့ဆုံရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

* * *

နံနက်ခင်းဖြစ်သည်။

နှင်းမြူများသည် ပန်းဥယျာဉ်တစ်ခုလုံးအား အုပ်ဆိုင်းထားလေသည်၊

ချင်းငိုသည် ပန်းခြင်းတောင်းကို ဆွဲကာ ဥယျာဉ်ထဲ၌ ဆောင်းခရေပန်းများကို အကိုင်းလိုက်ဖြတ်၍ ခူးနေသည်။

ဆောင်းခရေပန်းများသည် အလွန်အေးလှသောဆောင်းရာသီဥတုကို ခံနိုင်ရည်စွမ်းအရှိဆုံးသောပန်းတစ်မျိုး ဖြစ်သည်။

ဆောင်းရာသီတွင် ဆောင်းခရေပန်းမှလွဲ၍ မည်သည့်ပန်းမျှ ဖူးပွင့်နိုင်စွမ်းမရှိသည့်အပြင် အရိုးပြိုင်းပြိုင်းသာ ကျန်ရစ်နေတတ်သည်မဟုတ်ပါလော။

ချင်းငိုသည် မိမိုနန်းတွင်းဘူဘာမှ ဆောင်းခရေပန်းကဲ့သို့ ရက်စက်ကြမ်းကြုတ်လှသောအအေးဒဏ်ကို တောင့်ခံနေသည့်ရေရှန်းဘဝနှင့် တူလှသည်ဟု သံဝေဂ ရရှိနေမိသည်။

'ချင်းငို'

အလွန်တိုးညှင်းသော ခေါ်သံတစ်ခုက ရုတ်တရက်ထွက်ပေါ်လာလေသည်။

ချင်းငိုက အသံလာရာသို့ လှည့်ကြည့်လိုက်၏။



နန်အိက သူ့အနီးသို့လျှောက်လာနေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ချင်းငိုက ဝမ်းသာဝမ်းနည်း ဖြစ်သွား၏။

'ဟယ်....နန်အိပါလား၊ နင့်ကိုတွေ့ရတာ ဝမ်းသာလိုက်တာဟယ်'

နန်အိက ပြုံးပြလိုက်သည်၊

'ညည်းကို ငါတွေ့ချင်လို့ လိုက်ရှာနေတာဟ၊ အခုမှပဲ တွေ့ရတော့တယ်'

ချင်းငိုက မျက်မှောင်ကြုတ်လိုက်၏၊

'ဟုတ်လား....ဘာကိစ္စရှိလို့လဲ'

နန်အိက သူမအားစိုက်ကြည့်လိုက်သည်။

'တောင်နန်းစံမိဖုရားကြီးရဲ့အကြောင်းကို နင် သိပြီးရောပေါ့ နော်'

ချင်းငိုက သက်ပြင်းတစ်ချက် ချလိုက်၏။

'အင်း.... သိပြီးပါပြီ၊ ငါ အတော်လေး စိတ်ထိခိုက်ခဲ့ရပါတယ်ဟာ'

နန်အိက သူမအား ကြည့်လိုက်သည်။

'တောင်နန်းစံမိဖုရားဟာ ကြောင်ကာလေး မွေးတယ်ဆိုတာ နင်ယုံသလား'

ချင်းငိုက ခေါင်းခါရမ်းလိုက်၏။

'မယုံဘူး'

နန်းအိက သူမအား အကဲခတ်ကြည့်လိုက်သည်။

'ဘာဖြစ်လို့မယုံတာလဲ'

ချင်းငို၏မျက်နှာပေါ်တွင် ခံပြင်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

'သည်ကိစ္စဟာ ကို့ဟိုင်ရဲ့လက်ချက်ပဲဖြစ်ရမယ်လို့ ငါထင်နေတယ်'

နန်းအိက မျက်မှောင်ကုတ်လိုက်သည်။

'နင်က ဘာဖြစ်လို့ သည်လိုထင်ရတာလဲဟင်'

ချင်းငိုက နှုတ်ခမ်းမဲ့လိုက်၏။

'ငါတို့သခင်မကြီးက ပတ္တမြားရွှေကြုတ်နှုတ်ငုံဘယ်ဆိုဘာတကယ်မှမဟုတ်ဘဲ၊ အခုတော့ ဘာကြောင့် သားတော်လေးရလာတာလဲ၊ ဒါဟာ ကို့ဟိုင်ရဲ့အကြံအစည်ကဲလွဲပြီး ဘာရှိဦးမှာလဲ'



နန်းအိက သက်ပြင်းတစ်ချက်ချလိုက်သည်။

'အင်း....သည်လိုလုပ်တာဲ မတရားပါဘူးဟာ'

ချင်းငိုက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်....လုံးဝမတရားဘူး၊ ငါကသာ သိုင်းပညာတတ်မြောက်ရင် အဲသည် လူယုတ်မာကို့ဟိုင်ကို သတ်မိမှာ အမှန်ပဲ'

နန်းအိက သူမအား ချီးကျူးလိုက်လေသည်။

'နင့်ရဲ့မြင့်မြတ်ပြီး တရားမျှတမှုရှိတဲ့စိတ်ကို ငါလေးစားပါတယ်ဟာ'

သူမက စကားဆက်လိုက်၏။

'အခု ငါက သည်မတရားမှုကိုထုတ်ဖော်ဖို့ ကြိုးစားနေတယ်ဟ၊ တစ်နေ့ ငါမှာ အကူအညီလိုလာရင် နင်ကူညီပေးမှာလား'

ချင်းငိုက မျက်မှောင်ကုပ်လိုက်လေသည်။

'ငါက ဘယ်လို ကူညီရမှာလဲ'

နန်းအိက သူမအား အားကိုးတကြီးကြည့်လိုက်၏။

'မြောက်နန်းစံမိဖုရားဟာတကယ်တော့ပတ္တမြားရွှေကြုတ်နှုတ်ငုံတယ်ဆိုတာ မမှန်ဘူးဆိုတဲ့အကြောင်း ကိုပေါ်

ချင်းငိုက ခေါင်းအသွင်သွင်ခါရမ်းလိုက်သည်။

'မဖြစ်နိုင်ဘူးထင်တယ်'

နန်းအိက မျက်မှောင်ကုတ်လိုက်၏။

'ဘာဖြစ်လို့လဲ'

ချင်းငိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

'လူယုတ်မာကို ဟိုင်ကိုတော့ ငါ အသေမုန်းတယ်၊ ဒါပေ ခယ်. သခင်မကြီးအပေါ်မှာတော့ ငါ သစ္စာမဖောက်ချင်ပါ ဘူး'

နန်းအိက ဆက်မပြောချင်တော့ပါ၊

ချင်းငိုသည် သစ္စာရှိသော မိန်းကလေးတစ်ယောက်ဖြစ် သည်။

သူက သခင်မကြီးအပေါ် သစ္စာ မဖောက်နိုင်ကြောင်း နန်းအိက နားလည်လိုက်၏၊

နန်းအိ ချင်းငိုအားနှုတ်ဆက်ကာ ပန်းဥယျာဉ်ထဲမှ ထွက် လာခဲ့လေသည်။

သို့သော် သူမက စိတ်ပျက်သွားခြင်း မရှိပါ။

ချင်းငိုပြောပြခဲ့သည့်စကားများသည် လုပ်ကြံသည့်ကိစ္စ အားများစွာ အထောက်အကူပြုနိုင်သည် မဟုတ်ပါလော။



တစ်နေ့ အခြေအနေပေးခဲ့ပါလျှင် ချင်းငိုက မလွဲမရှောင် သာ အမှန်အတိုင်းထုတ်ဖော်လိမ့်မည်ဟု သူမက ကောင်းစွာ ယုံကြည်လေသည်။

မည်သို့ဆိုစေ သူမက ယင်းကိစ္စကို ဆက်လက် ကြိုးစား ရန်မှာ ချင်းငိုဟူသောမိန်းကလေးသည် မျှော်လင့်ချက်ရောင် ခြည်တစ်ခုပင် ဖြစ်နေခဲ့ပြီ မဟုတ်ပါလော။

သို့သော်....

* * *

နှင်းဝေသော နံနက်ခင်းတစ်ခုပင် ဖြစ်၏။

နန်းအိသည် ပန်းဥယျာဉ်ရှိရာသို့ ဦးတည်လျှောက်သွား နေလေသည်။

သူမသည် အပယ်ဆောင်ရှိရာ ဘုရားခန်းအတွက် ဆောင်း ခရေပန်းကိုင်းများကို သွားရောက်ချိုးယူရန်ဖြစ်၏၊

ထို့ပြင် ချင်းငိုကိုလည်း ထပ်မံတွေ့ဆုံလိုသေးသည်မဟုတ် ပါလား၊

နန်းအိကာ ပန်းဥယျာဉ်သို့မရောက်မီ ရှေ့တွင် နန်းတွင်းသူ နန်းတွင်းသားများ ရှုတ်ရှုတ်သဲသဲဖြစ်နေခြင်းကို တွေ့မြင်လိုက်ရသလသည်။

သူမက စူးစမ်းလိုသောစိတ်များ ဖြစ်ပေါ် လာသဖြင့် ထိုနေရာသို့ ပြေးလွှားသွားလေသည်။

သူမသည် လူအုပ်ကြားထဲသို့ တိုးဝင်၍ကြည့်လိုက်သော အခါ သူမ၏ဦးခေါင်းတစ်ခုလုံး မိုးကြိုးပစ်ချသကဲ့သို့ ခံစားလိုက်ရ၏။

သတိလစ်လဲကျမတတ်ပင် ဖြစ်သွားရလေသည်။

သူမက မိမိမျက်လုံးကိုပင် မယုံကြည်နိုင်လောက်အောင် ခံစားခဲ့ရလေသည်။

သူမ၏ရှေ့တွင် မကျဉ်းမကျယ်လှသော ကြာပန်းရေကန် တစ်ကန် ရှိသည်၊

ကြာပန်းရေကန်အနီးတွင်ချင်းငိုကမလှုပ်မယှက်လဲလျောင်း နေခြင်းကို တွေ့မြင်လိုက်၏။

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ရေများစိုရွှဲနေလေသည်၊

သူမ လဲလျောင်းသောအနီးတွင် ကြာပန်းများပြန့်ကျဲ နေခြင်းကို တွေ့မြင်လိုက်ရ၏။



ထိုနေရာတွင် မြောက်နန်းစံမိဖုရား နန်းတွင်းသူဟုန်တိ လည်း ရောက်ရှိနေလေသည်။

နန်းအိကာ ဟုန်တိအနီးသို့ချဉ်းကပ်သွားကာ အသံတိုးတိုး ဖြင့်မေးလိုက်သည်။

'ဟုန်တိ— ဘယ်လိုဖြစ်ကုန် ကြရတာလဲဟယ်'

ဟုန်တိ၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲသျှက်....

'မသိပါဘူးကွယ်....သူက ခါတိုင်းလိုပဲ စောစောထပြီး ပန်းတွေခူးတယ်လေ၊ အခု ကြာပန်းပွင့်တဲ့အချိန် ကုန်နေပါ ပြီ၊ ဟိုမှာကြည့်ပါလား ကြာပန်းက နည်းနည်းပဲ ရှိတော့ တယ်၊ ကြည့်ရတာ ကြာပန်းခူးရင်း ရေထဲကျသွားပုံပဲ'

နန်းအိ၏ ငင်ထဲ၌ ဘဝင်မကျပါချေ။

'ဒါနဲ့ သူ့ကို ဘယ်သူက တွေ့ခဲ့တာလဲ'

ဟုန်တိက ဤသို့ ရှင်းပြလိုက်သည်။

'ကင်းလှည့်နေတဲ့ ရဲမက်တစ်ယောက်က သူ့ကိုရေထဲမှာ တွေ့လို့ ဆယ်ယူလိုက်တယ်လို့ သိရပါတယ်'

နန်းအိက စကားမပြောတော့ပါ။

သူ၏မျက်လုံးအစုံက ဝိညာဉ်ကင်းမဲ့နေသော ချင်းငို၏ အလောင်းကိုကြည့်လျက် မျက်ရည်များ ဝဲနေသည်။

'ချင်းဝိုး...နင် ရေနစ်သေတာ မဟုတ်ဘူးဆိုတာ ငါယုံကြည်တယ်၊ နင့်ကိုသတ်တဲ့ တရားခံဟာ ဘယ်သူဘယ်ဝါဆိုတာလဲ ငါသိပါတယ်၊ တစ်နေ့ အဲဒီ လူယုတ်မာကို ဖော်ထုတ်ပေးမယ်လို့ ကတိပေးပါတယ်'

သူမက ရင်ထဲမှ တီးတိုးရေရွတ်ကာ ခေါင်းငိုက်စိုက်ချလျက် အပယ်ဆောင်ဆီသို့ လှည့်ပြန်ခဲ့လေတော့သည်။

* * *

ဤနေရာသည် တောင်နန်းစံမိဖုရား၏ အဆောင် ဖြစ်ပေသည်။

သို့သော် ယခုမှာမူ မြောက်နန်းစံမိဖုရား နေထိုင်သော အဆောင်ဖြစ်နေလေပြီ။

ယခုအချိန်မှာ ကောရာဇ်ဘုရင်က တစ်လတစ်ကြိမ် ဝန်မင်းမှူးမတ်တို့နှင့် တွေ့ဆုံ၍ တိုင်းရေးပြည်ရေး ကိစ္စအဝဝတို့ကို တိုင်ပင်ဆွေးနွေး နေလေသည်။



ယင်းကဲ့သို့ တစ်လတစ်ကြိမ် ပုံမှန် ဆွေးနွေးသည့်အခါ နေ့တစ်ဝက်ခန့်အချိန် ကုန်တတ်၏။

ထိုအချိန်မှာပင် ကိုဟိုင်က တောင်နန်းစံ အဆောင်သို့ ရောက်ရှိလာလေသည်။

သူသည် မြောက်နန်းစံမိဖုရားအား ဂါရဝပြုပြီးနောက် ဤသို့ လျှောက်ထားလေသည်။

'မိဖုရားကြီး ကျွန်တော်မျိုးကို အဘယ်ကိစ္စနှင့် ခေါ်ရပါသလဲ'

မြောက်နန်းစံမိဖုရားက သူ့အား ကြည့်လိုက်သည်။

'ထိုင်ပါဦးလေ နည်းနည်းလေး တိုင်ပင်စရာ ရှိနေလို့ပါ'

ကိုဟိုင်က နေရာယူ၍ ထိုင်ချလိုက်သည်။

သူသည် မြောက်နန်းစံမိဖုရား ပြောလာမည့် စကားကို ငြိမ်သက်စွာ နားစွင့်နေ၏။

မြောက်နန်းစံမိဖုရားက စကားမပြောဘဲ အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကိုဟိုင် အသင်အခုတလောလျှောက်လုပ်နေတဲ့ ကိစ္စတွေအတွက် သခင်မကြီးဟာ စိတ်မချမ်းမသာ ဖြစ်နေရပါတယ်၊

တာကြောင့် သည်လို ဖြစ်ရတယ်ဆိုတာ သခင်မ ကြီးတော့ နားမလည်တော့ပါဘူး'

ကို့ဟိုင်က လက်အုပ်ချီလိုက်သည်။

'မှန်လှပါ....ကျွန်တော်မျိုးလုပ်တဲ့ ကိစ္စတွေဟာ မလုပ်မဖြစ်လို့ လုပ်ရတာပါ'

မြောက်နန်းစံမိဖုရားက မျက်မှောင်ကုတ်လိုက်သည်။

'ဘာကြောင့်လဲဆိုတာ ရှင်းပြပါ'

ကို့ဟိုင်က ဤသို့ လျှောက်တင်သည်။

'သည်ကိစ္စနဲ့ပတ်သက်ပြီး အတွင်းသိတဲ့လူဆိုလို့ မွေးဖွားပေးတဲ့ အမျိုးသမီးရယ်၊ နန်းတွင်းသူ ချင်းငိုရယ်ပဲရှိပါတယ်၊ သည်သတင်း ပေါက်ကြားဖို့ဟာလဲ သည်နှစ်ယောက်ပဲ ရှိတာ သူတို့ကို မျက်ခြေမပြတ် လူလွှတ်ပြီး စောင့်ကြည့်ခိုင်းထားပါတယ်'

သူက ခဏနားပြီးမှ စကားဆက်လိုက်သည်။

'အဲဒီလိုစောင့်ကြည့်နေတုန်း သည်အမျိုးသမီးနှစ်ယောက်ဟာ နန်းတွင်းသူ နန်အိနှင့် ဆက်သွယ်နေတာသိရလို့ သတင်းမပေါက်ကြားရလေအောင် သုတ်သင်လိုက်ရတာပါပဲ'

သူက စကားဆက်လိုက်၏၊



'အခုဆိုရင် သခင်မကြီးလဲ စိတ်အေးချမ်းသာ နေလို့ရပါပြီ'

မြောက်နန်းစံမိဖုရားက သက်ပြင်းတစ်ချက် ချလိုက်၏။

'ကို့ဟိုင်....သခင်မကြီးဟာ အခုလို အကြံအစည်အောင်မြင်ခဲ့တာကို စိတ်ပျော်ရွှင်မယ် ထင်နေသလား'

သူမက ခေါင်းခါရမ်း လိုက်သည်။

'မပျော်ရွှင်ပါဘူး သည်ကိစ္စကိုလုပ်မိတာ အမှားကြီးမှားတယ်လို့ ခံယူမိပါတယ်၊ အပေါ်ယံအားဖြင့် သခင်မရဲ့အရှိန်အဝါဟာ ကြီးမားလာတယ်လို့ ထင်မှတ်ရပေမယ့်၊ ညအိပ်ရာဝင်တိုင်း ထမင်းလုံးတခွေခြောက်သလို တစ်နေ့မှ စိတ်အေးချမ်းသာမှု မရခဲ့ပါဘူးကွယ်၊ ဒါကြောင့် နောင်တအကြီးအကျယ် ရနေမိတယ်၊ ဒါပေမယ့် နောင်တဆိုတာ ပြုပြင်လို့မရတာကြောင့် သခင်မကြီးလဲ မတတ်နိုင်ပါဘူး၊ ဒါကြောင့်လဲ သည်အပြစ်တွေကို ပြန်လည်ဆေးကြောတဲ့အနေနဲ့ သားတော်လေးကို ပို့ပြီးဂရုတစိုက် ကျွေးမွေးပြုစု စောင့်ရှောက်နေရတယ်လေ'

ကို့ဟိုင်က စကားမပြောဘဲ ဆိတ်ဆိတ် နေလိုက်သည်။

တစ်ခဏကြာသောအခါမှ ဤသို့လျှောက်တင်လိုက်သည်၊

'သခင်မကြီးရဲ့စိတ်ထား မှန်မြတ်တာကို ချီးကျူးလေးစားပါတယ်၊ ဒါပေမယ့် ကျွန်တော်မျိုးတို့ရဲ့ကိစ္စကို ကျူးပင်

ခုတ် ကျူငုတ်မကျန် ရှင်းမပစ်ဘူးဆိုရင် တစ်နေ့ ဒုက္ခလှလှ ကြီး တွေ့ရမယ်ဆိုတာတော့ သတိမပြတ် စေချင်ပါဘူး'

မြောက်နန်းစံမိဖုရားက ခေါင်းခါယမ်း လိုက်သည်။

'ကိုဟိုင်...အသင်တာမှု ဆက်မလုပ်နဲ့တော့နော်၊ သခင် မကြီး လုံးဝလက်မခံဘူး၊ အခုအသင့်ကို ခေါ်ရတာကလဲ တောင်နန်းစံ မိဖုရားတို့ကိုဆက်ပြီး ဒုက္ခမပေးဖို့ပါ စေနဲ့လို့ သတိပေးချင်လို့ ပါပဲ'

* * *

တောင်နန်းစံမိဖုရားသည် ချင်းငိုအသက်ဆုံးရှုံးသွားပြီဟု သတင်းကြားရသောအခါ အလွန်ပင် စိတ်ထိခိုက် သွားရလေသည်။

'နန်းအိချယ် ချင်းငိုဟာတကယ်ပဲ ရေနစ်သေဆုံး သွားတာ လား—

'ဒါမှမဟုတ် ကိုဟိုင်တို့လူစုကပဲ သူ့ကို နှုတ်ပိတ်သွားတာ လားတင်'



နန်းအိက ခေါင်းတစ်ချက် ဆတ်လိုက်သည်။

'အများအမြင်မှာတော့ ချင်းငိုဟာ မရှိတဲ့ပန်းကို ခူးပြီး ခြေချော်ကျသွားတာလို့ မြင်ကြတာပဲ၊ ဒါပေမယ့် ကျွန်တော် မျိုးမကော လုံးဝ မယုံကြည်ပါဘူး'

တောင်နန်းစံမိဖုရားကဲ နားမလည်နိုင် ပါချေ၊

'ဘာဖြစ်လို့လဲ'

နန်းအိက ဤသို့ ရှင်းပြလိုက်သည်။

'သည်လိုပါ သခင်မကြီး၊ အခုဆောင်းရာသီ ဝင်ရောက် လာပြီပဲ၊ ကြာပန်းတွေဟာ အကြွင်းအကျန်ပဲရှိတယ်၊ နောက် ထပ် အသစ်မပွင့်ပါဘူး၊ ချင်းငိုဟာလဲ သည်လောက်မိုက်မဲ ပြီး မရှိတဲ့ကြာပန်းကို ခူး မယ်တဲ့လား'

လေချင်းက ကြားဖြတ်လိုက်၏၊

'ဟုတ်တယ်သခင်မကြီး ဒါဟာ လုံးဝ ယုတ္တိမရှိဘူး'

တောင်နန်းစံမိဖုရားက စိတ်မကောင်းစွာဖြင့် ခေါင်းခါ ရမ်းလိုက်သည်။

'သူ့င်ကာ ဒီလောက်တောင်မှ ရက်ရက်စက်စက် ယုတ်မာ နဲ့ကြပြီပဲ တော်လောက်ပါပြီ ဘာဖြစ်လို့ ဒီလို လူသတ်ချင်ရ တာလဲ'

နန်းအိက....

'သခင်မကြီးက စိတ်နှလုံးကောင်းတဲ့ လူဆိုတော့ ဒီလို ယူဆပေးမယ့်လို့ သူတို့ကတော့ ဒီလို ယူဆကြမှာ မဟုတ်ဘူး'

လေချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် သခင်မကြီး ကျူပင်ခုတ် ကျူငုတ်မကျန် ဆိုတဲ့မှုကို သူတို့ နှလုံးပိုက်ထားပုံပဲ'

တောင်နန်းစံမိဖုရားကဲ ရင်ထိတ်သွားမိလေသည်။

'ဒီလူတွေဟာ ဒီလောက်တောင်မှပဲ ရက်စက်နေကြပါလား'

နန်းအိက ခေါင်းတစ်ချက်ညိတ်လိုက်၏။

'အမှန်တိုင်းလျှောက်ထားရမယ်ဆိုရင် သခင်မကြီးအတွက် အန္တရာယ်မသေးဘူးလို့ ထင်မိပါတယ်'

တောင်နန်းစံမိဖုရား၏ မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

'သူတို့ရဲ့အကြံအောင်မြင်နေပြီပဲ သခင်မကြီးကို လာပြီး အန္တရာယ်ပေးဦးမှာလား'

နန်းအိက ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်.... တစ်နေ့မဟုတ် တစ်နေ့ သခင်မကြီးကို အန္တရာယ် ပေးလာမယ်ဆိုတာ မြေကြီးလက်ခတ် မလွဲပါဘူး'

တောင်နန်းစံမိဖုရားကဲ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ငါတို့ဟာ သူတို့ လက်ခုပ်ထဲက ရေပါ သူတို့က မကျေနပ်ရင် လာသတ်ချင် သတ်စမ်းပါစေ ကံ့ဘုရားပေါ့'

နန်းအိက အံကို တင်းတင်းကြိတ်လိုက်၏။

'သခင်မကြီး လူယုတ်မာရဲ့ လုပ်ရပ်ကို ဘာဖြစ်လို့ လည်စင်းပြီးခံချင်ရတာလဲ၊ ကျွန်တော်မျိုးမတို့ ရှိပါသေးတယ်၊ သခင်မကြီးကို မွဲဘစ်ပေါက် မစွန်းရအောင် ကာကွယ်ပေးမယ့်အပြင် ဒီအမှုမပေါ်ပေါက်အောင်လဲ အစွမ်းရှိသလောက် တိုက်ပွဲဝင်မယ်လို့ ဆုံးဖြတ်ထားပါတယ်'

တောင်နန်းစံမိဖုရားက စကားမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

သူမ၏ မျက်ဝန်းအဲစုံတွင် မျက်ရည်များ ရစ်ဝဲလာပြန့်လေသည်။

လေချင်းက သူမအား နှစ်သိမ့်လိုက်ရ၏။

'သခင်မကြီး စိတ်ကိုထိန်းပါ၊ အခုလို နေ့စဉ် ရက်ဆက် သွေးနှသားနု အချိန်မှာ မျက်ရည်ကျနေမယ်ဆိုရင် တစ်နေ့ နေ့မှာ ကျေးအရှုံကို ထိခိုက်လာနိုင်ပါတယ်'

ဟု နှစ်သိမ့်ပြောဆိုလိုက်လေတော့သည်။

*   *   *

ကောင်းကင်တစ်ခုလုံးမှာ နှင်းမြူများ ပိတ်ဖုံးလျက် ရှိ ပေသည်၊

ယခုချိန်သည်....

ညဥ့်နက်လှခြင်း မရှိသေးပါ။

သို့သော်....

နန်းတော်တစ်ခုလုံးတွင် တစ်ခါတစ်ရံ အုန်းမောင်းခေါ် သံ ထွက်ပေါ်လာခြင်းမှလွဲ၍ ပကတိတိတ်ဆိတ် နေလေတော့ သည်။



နန်းတော်ကြီးတစ်ခုလုံးမှာ အိပ်မောကျနေသည့် အလား။

ထိုအချိန်....

လူရိပ်တစ်ခုသည် အပယ်ဆောင်အား ကာရံထားသော အုတ်နံရံပေါ်မှ ခုန်ပျံကျော်လွှား၍ ထွက်လာနေခြင်းကို တွေ့ မြင်နေရလေသည်။

ထိုလူရိပ်သည် အုတ်နံရံပေါ်မှ ကျော်လွှားထွက်လာပြီး သည်နှင့် အမှောင်ထုသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့ သည်။

အမှန်တွင်....

သူ၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ဆွတ်ဆွတ်ဖြူသော အဝတ် အစားများ ဝတ်ဆင်ထားသော ကြောင့် နှင်းမြူများနှင့် ရော ယှက်ကာ မမြင်တွေ့ရခြင်း ဖြစ်၏။

သူသည် မြင့်မားလှသော အုတ်နံရံအား အလွယ်တကူ ကျော်လွှားနိုင်ခြင်းကို ကြည့်ရှုဖြင့် သိုင်းပညာ ထိပ်တန်း အဆင့်သို့ ရောက်ရှိနေမည်ဟု ခန့်မှန်း သိရှိလိုက်လေတော့ သည်။

နန်းတော်ကြီး တစ်ခုလုံးမှာ တိတ်ဆိတ် နေသော်လည်း နန်းတော်၏ လုံခြုံရေးကို စောင့်ကြပ်နေသည့် ကင်းလှည့် သမားများနှင့် ကင်းပုန်းသမားများက ရှိနေသေးလေတော့ သည်။

သို့သော်....

အပယ်ဆောင်ထဲမှ ထွက်လာသော အဖြူရောင်လူရိပ်သည် ထိုအစောင့်အကြပ်များကို လမ်းခရီးကျမ်းကျင်စွာ လှည့်ပတ်ရှောင်ရှားကာ သွားနေ၏။

ထိုလူသည် အတန်ကြာပြေးပြီးလွှားပြီးနောက် အဆောင်တစ်ခုအနီးသို့ ရောက်ရှိလာသောအခါ အဆောင်၏ခေါင်မိုးပေါ်သို့ လွှားခနဲ ခုန်တက်၍ ဝပ်ချလိုက်လေသည်။

ခေါင်မိုးပေါ်တွင် နှင်းဖွဲများ ဖုံးလွှမ်းနေသောကြောင့် ထိုလူ၏ ခန္ဓာကိုယ်ပေါ်မှ အဖြူရောင်ဝတ်စုံနှင့် ပူးပေါင်းသွားကာ အစောင့်များက မမြင်တွေ့မိလိုက်ကြပါချေ။

ထိုလူသည် အုပ်ကြွပ်ပြားတစ်ချပ်ကို သတိကြီးစွာဖြင့် ဖယ်ရှားလိုက်လေသည်။

ယင်းနောက်....

ထိုအပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက် လေတော့သည်။

ထိုအခါ....

ရှေးဦးစွာ ညှော်ခန်းဘတ်ခုကို စတင်တွေ့မြင်လိုက်ကြရလေသည်။



ညှော်ခန်း၏ အလယ်တွင် ကြီးမားသော စားပွဲကြီးတစ်လုံး ရှိသည်။

စားပွဲပေါ်တွင် ဖယောင်းတိုင်ကြီး တစ်တိုင်ကို ထွန်းညှိထားသောကြောင့် လူတစ်ယောက် ထိုင်နေခြင်းကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ အတွင်းဝန်မင်း ကိုဟိုင်ပင် ဖြစ်သည်။

သူ့ရှေ့တွင် မီးခိုးရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော လူဆယ်ယောက်ခန့် ရပ်နေခြင်းကို တွေ့မြင်နေရ၏။

သူတို့၏ လက်ထဲတွင် မီးမညှိရသေးသော မီးတုတ်ကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။

ကိုဟိုင်၏အသံ ထွက်ပေါ်လာလေသည်။

သူ၏ အသံမှာ မတိုးမကျယ် ဖြစ်သည်။

'ငါမှာတာကို မင်းတို့ သေချာမှတ်မိရဲ့လား'

မီးခိုးရောင် ဝတ်ဆင်ထားသော လူများ တစ်ပြိုင်နက် ခေါင်းညိတ်ကြသည်။

'မှတ်မိပါတယ် အတွင်းဝန်မင်း'

ကိုဟိုင်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ…မင်းတို့ သည်ကိစ္စကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရင် ငါပေးထားတဲ့ ကတိအတိုင်း ရွှေအချိန် တစ်ဆယ်စီယူပြီး ကိုယ့်ရွာနေကိုယ်ပြန်ကြပါ'

မီးခိုးရောင် ဝတ်ဆင်ထားသော လူများက ပြိုင်တူ ခေါင်းညိတ် လိုက်ကြသည်။

'ဟုတ်ကဲ့ပါ အတွင်းဝန်မင်း'

ကို့ဟိုင်က သူတို့အားလုံးကို မျက်လုံးတစ်ချက် ဝေ့ကြည့် အာ….

'မင်းတို့ အားလုံး အသင့်ပြင်ထားပါ ကြက်တွန်သံကြား တာနဲ့ တစ်ပြိုင်နက် မင်းတို့ရဲ့ လုပ်ငန်းကိုစကြပါ'

ဟု ပြောလိုက်လေသည်။

မီးခိုးရောင် ဝတ်ဆင်ထားသော လူများက ပြိုင်တူဂါရဝ ပြုကာ အသီးသီး ပြန်လည်ထွက်ခွာ သွားကြလေသည်။

ခေါင်မိုးပေါ်တွင် ချောင်းကြည့်နေသော လူမှာ ခေါင် မိုးပေါ်မှ လျင်မြန်စွာ ခုန်ဆင်းကာ အပယ်ဆောင်ဆီသို့ ပြေးသွားလေသည်။

သူ၏ ပြေးလွှားပုံမှာ လေ၏ အဟုန်ကဲ့သို့ လျင်မြန်လွန်း သဖြင့် ကင်းပုန်းစေနှီးများမှ ဖြတ်ကျော်သွားရသောအခါ



ကင်းပုန်းသမားတို့က လေပွေတစ်ချက် ဝေ့ယမ်းတိုက်ခိုက် သွားသည်ဟုသာ ထင်မိလိုက်ကြရလေသည်။

ထိုလူက အပယ်ဆောင်ဆီသို့ ရောက်ရှိသွားသောအခါ အုတ်နံရံကို ခုန်ပျံကျော်လွှား၍ ဝင်ရောက်သွား၏။

သူကား….လေချင်းပင်ဖြစ်သည်။

လေချင်းနှင့် နန်အိဘိုသည် ကို့ဟိုင်က တစ်နေ့မဟုတ် တစ်နေ့ တောင်နန်းစံ ဘုရင်မအား အန္တရာယ် ပေးမည်ဟု ယုံကြည်ထားကြသည်။

ထို့ကြောင့် လေချင်းက ညအချိန်ရောက်ရှိလာတိုင်း ယခု ကဲ့သို့ ကို့ဟိုင်နေထိုင်သော အဆောင်သို့ သွားရောက်၍ အခြေအနေကို စောင့်ကြည့်နေခြင်း ဖြစ်ပေသည်။

ယနေ့ သူမသည် ခုနစ်ရက်မြောက် ကို့ဟိုင်၏အဆောင် ဆီသို့ ရောက်ရှိသွားခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ယခုကဲ့သို့ ကို့ဟိုင်တို့၏ အကြံပက်စက် မှုကို သိလိုက်ရခြင်း ဖြစ်လေတော့သည်။

* * *

တောင်နန်းစံ မိဖုရားသည် စက်တော်ခေါ်နေပြီဖြစ်လေသည်၊

နန်းအိက လေချင်းအား စောင့်ခိုင်းနေရသဖြင့် မအိပ်နိုင်သေးပါ။

အခန်းတံခါး ဝုန်းခနဲပွင့်သွားကာ အေးစိမ့်သော လေနှင့်အတူ လေချင်းက အလောတကြီး ပြေးဝင်လာခြင်းကို တွေ့မြင်လိုက်ရသည်။

သူမက တံခါးကို ပြန်ပိတ်လိုက်ပြီး မောဟိုက်စွာဖြင့် နန်းအိအား ကြည့်လိုက်သည်။

နန်းအိက လေချင်း ယနေ့ညပြန်လာသည်မှာ ခါတိုင်းညနှင့်မတူဘဲ အလောတကြီး ဖြစ်နေခြင်းကို တွေ့ရသဖြင့် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။

'လေချင်း....အခြေအနေ ထူးပြီသား'

လေချင်းက ခေါင်းညိတ်လိုက်သည်၊

'ထူးနေပြီ....ကြက်တွန်ချိန်မှာ သူတို့က အဆောင်ကို မီးလာရှို့ဖို့ ပြင်နေကြပြီ'

နန်းအိ၏ မျက်နှာပေါ်တွင် ခံပြင်းသော ဟန်မူရာများ ဖြစ်ပေါ်လာလေသည်။



သူမက ထိုင်ရာမှ မထဘဲ တိတ်ဆိတ်နေလေသည်။

လေချင်းက သူမအား အံ့သြစွာ ကြည့်လိုက်သည်။

'နန်းအိ....နင်ဘယ်လိုဖြစ်တာလဲ၊ သခင်မကြီးကို အမြန်ဆုံးနှိုးပြီး ထွက်ပြေးကြစို့လေ'

နန်းအိက မျက်မှောင်ကုတ်၍ စဉ်းစားနေသည်။

ဖယောင်းတိုင်မီးရောင် အောက်တွင် သူမ၏မျက်နှာမှာ အမျိုးမျိုး ဟန်မူရာ ပြောင်းလဲနေလေသည်။

လေချင်းက စိတ်မရှည်တော့ပါ။

'နန်းအိ....နင်ဘာဖြစ်နေတာလဲ အခုနေပြေးရင် လွတ်နိုင်သေးတယ်နော်'

နန်းအိက သူမအား စိုက်ကြည့်လိုက်၏။

'ငါတို့ပြေးတာတော့ ဟုတ်ပါပြီ၊ တကယ်လို့ သူတို့က ငါတို့ ထွက်ပြေးသွားတာကိုသိရင် သူတို့က မလိုက်လာဘူးတဲ့လား'

လေချင်းကဲ တွေဝေသွားလေသည်၊

'ဟာ....ဘယ်နှယ့်ပြောလိုက်ပါလိမ့် လိုက်သတ်မှာ သေချာတာပေါ့၊ ဒါကြောင့် စောစောစီးစီး ပြေးကြပါစို့'

နန်းအိက သက်ပြင်းတစ်ချက် ချလိုက်၏။

'နင်ကတော့ ပြေးရင်လွတ်နိုင်ပါတယ်၊ ဒါပေမယ့် ငါနဲ့ သခင်မကြီးတို့က သိုင်းပညာမတတ်ကြဘူး၊ ဒါကြောင့် ပြေးလို့ လွတ်ပါ့မလား'

လေချင်းက ပါးစပ်ပိတ်ထားလိုက်သည်။

နန်းအိ၏ မျက်နှာတစ်ခုလုံးမှာ တည်ကြည်လေးနက်သွားလေသည်။

'အခု အရေးအကြီးဆုံးကတော့ တောင်နန်းစံအိမ်ဖုသျှားကြီး လွတ်မြောက်အောင် ပြေးနိုင်ဖို့ပဲ၊ ဒါကို သူတို့ မလိုက်နိုင်အောင် ကြံစည်ရမှာပဲ'

လေချင်းက မျက်မှောင်ကြုတ်လိုက်သည်။

'ဒါကို ငါသိပါတယ်၊ ဘယ်လိုလုပ်မယ်ဆိုတာကိုပဲ ပြောစမ်းပါ'

နန်းအိ၏ မျက်နှာတစ်ခုလုံး လေးနက်တည်ကြည်လာလေသည်။

'ငါ့မှာ အကြံတစ်ခုရှိတယ် ဒီအကြံကလွဲပြီး သခင်မကြီးအနေနဲ့ ဘယ်လိုမှ လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး'

လေချင်းကဲ စိတ်လှုပ်ရှား လာမိလေသည်။



'ငါ စိတ်မရှာလိုက်တာဟာ မြန်မြန်ပြောစမ်းပါ'

နန်းအိက ဖြည်းလေးသော လေသံဖြင့်....

'ငါတို့ ထွက်ပြေးသွားရင် သူတို့က ငါတို့ထွက်ပြေးမှန်း မသိဘဲ မီးရှို့တယ်ပဲ ထားပါတော့ ကိုဟိုင်ဟာ အရမ်းကောက်ကျစ်တဲ့လူဟာ သူကိုယ်တိုင်လာစစ်ဆေးမှာ တကယ်လို့ မီးလောင်ကျွမ်းနေတဲ့ အလောင်းကို မတွေ့ရင် သူဘာလုပ်မယ် ထင်သလဲ'

လေချင်းက ချက်ချင်းပင် ဤသို့ ပြောလိုက်သည်။

'ငါတို့ ထွက်ပြေးသွားတယ်ဆိုတာကို သိသွားမယ် ဒါဆိုရင် တောနင်းပြီး ရှာမှာသေချာတာပေါ့'

နန်းအိက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'သိပ်မှန်တာပေါ့၊ သူက မြင်းသည်တော်တွေနဲ့ လိုက်လာရင် နင်တို့ ငါတို့အားလုံး လွတ်မြောက်နိုင်ပါ့မလား'

လေချင်းက ခေါင်းခါယမ်းလိုက်သည်။

'ဘယ်လွတ်နိုင်ပါ့မလဲ'

နန်းအိကဲ စကားဆက်လိုက်၏၊

'ညည်းဘိုင်ငါတို့ဟာ နန်းတော်ထဲရောက်တာ နှစ်အတော်ကြီးကြာခဲ့ပြီမို့ အပြင်လောကနဲ့ အတော်လေးစိမ်းနေကြ

တယ်၊ လမ်းခရီးသိပ်ပြီးမကျွမ်းကျင်နိုင်တော့ဘူး၊ ဒါဆိုရင် ဖမ်းမိသွားမှာ သေချာနေပြီ'

လေချင်းက ပါးစပ်ပိတ်ထားလိုက်သည်။

တစ်ခဏကြာတော့မှ....

'နင့်မှာ အကြံရှိသလား'

နန်အိက လေချင်းအနီးသို့တိုးကပ်ကာ သူမအကြံကိုပြော ပြလိုက်လေသည်။

လေချင်းကနားထောင်ရင်း မျက်လုံးများပြူးကျယ်သွား ကာ နန်အိအားစိုက်ကြည့်ရင်း မျက်ရည်များ စီးကျလာလေ သည်။

'နန်အိရယ်.... တခြားနည်းလမ်း စဉ်းစားပါဦးဟာ'

နန်အိက ခေါင်းခါရမ်းလိုက်၏။

'ငါတို့ရင်ဆိုင်နေရတဲ့ ကိုဟိုင်ဟာ အဲလွန်ကောက်ကျစ် စဉ်းလဲတဲ့မြွေခွေးတစ်ကောင်ပါ၊ သည်နည်းကလွဲပြီး ဘာမှ မရှိတော့ပါဘူး'



လေချင်းက စိတ်ကိုမထိန်းနိုင်တော့ပဲ နန်အိအား တင်း ကျပ်စွာသိုင်းဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့ သည်။

* * *

ယခုအခါ နှင်းမြူ ကျောက်ကင်းမှုများမှာ ရစ်တန့်သွားပြီ ဖြစ်၏။

ကောင်းကင်တစ်ခုလုံးတွင် သာသာယာယာ ရှိလာပြီကို တွေ့မြင်နေရလေသည်။

အချိန်မှာ သန်းခေါင်ယံ ကျော်လွန်ခဲ့လေသည်။

နန်းတော်တစ်ခုလုံးမှာ ပကတိတိတ်ဆိတ်နေ၏။

တစ်ခဏအကြာတွင်အုန်းမောင်းခေါက်သံများထွက်ပေါ် လာသည်။

'ဒေါင်... ဒေါင်....ဒေါင်....ဒေါင်'

အုန်းမောင်းခေါက်သံလေးချက်တိတိ ထွက်ပေါ်လာပြီးနောက် ပြန်လည်တိတ်ဆိတ်သွားလေသည်။

မိုးလင်းလုပြီဖြစ်သည်။

သို့သော် မိုးလင်းလုနီးနီးရှိသောအချိန်တွင် တစ်ညဲတာ၏အမှောင်မည်းဆုံးသောအချိန်လည်း ဖြစ်ပေသည်။

'အောက် အီး အီး အွတ်'

ကြက်တွန်သံများ စတင်ထွက်ပေါ်လာလေသည်။

ကြက်တွန်သံများ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင်....

'မီးဗျို....မီးဗျို'

ယင်းအော်သံသည် စူးရှစွာ ထွက်ပေါ်လာလေသည်။

အိပ်ငိုက်နေကျသော ကင်းသမားတို့သည် ထိုအသံကိုကြားလိုက်ရသည့် အခါ ပြူးတူး ပြဲတဲဖြင့် ထ ကြည့်ကြသည်၊

နန်းတော်၏အနောက်ဘက်မှ မီးညွန့်များတက်လာခြင်းကို တွေ့မြင်လိုက်ရသည်နှင့် မီးသတိပေးသောသံချောင်းများဆူညံစွာ ထွက်ပေါ်လာလေသည်။



တစ်ဆက်တည်းမှာပင် လူများ အော်ဟစ် ပြေးလွှားနေသောအသံများကို ဆူညံစွာ ကြားလိုက်ရ၏၊

နန်းတွင်းဝန်ကိုဟိုင်က မှောင်းမမိတ်သံတို့နှင့်အတူ မီးလောင်ကျွမ်းရာသို့ ပြေးလွှားသွားကြလေသည်။

'ဟော့....မီးက ဘယ်မှာလောင်တာလဲ'

သူသည် ရေပုံးများ ပြေးလွှားသယ်ယူနေကြသောလူများအား အော်ဟစ်မေး ကြခြင်း ဖြစ်၏။

'အပယ်ဆောင်မှာပါ အတွင်းဝန်မင်း'

အတွင်းဝန်မင်းကိုဟိုင် မျက်မှောင်ကုတ်လိုက်သည်၊

'ဟာ....ဒါဆို မြန်မြန်လုပ်စမ်း၊ တောင်နန်းစံမိဖုရားက အဲသည်မှာ ရှိတယ်ကွ'

ဟု ပြောကာ အပယ်ဆောင်ရှိရာသို့ ပြေးလွှားသွားကြသည်။

မီးတောက်မီးလျှံများက အပယ်ဆောင် တစ်ခုလုံးအား ကြမ်းတမ်းရက်စက်စွာ ဝါးမျိုနေပြီဖြစ်သည်။

ကိုဟိုင်က အစောင့်အကြပ်ရဲမက်တစ်ဦးအား လှမ်းမေးလိုက်လေသည်။

'ဟော့...အဆောင်ထဲကမိဖုရား ပြေးထွက်လာတာ တွေ့သလား'

ရဲမက်က ခေါင်းခါရမ်းလိုက်၏။

'မတွေ့မိလိုက်ပါဘူး အတွင်းဝန်မင်းကြီး'

ကိုဟိုင်က စေ့စပ်သေချာသူပီပီ ဤသို့မေးလိုက်၏။

'သေချာရဲ့လား'

ရဲမက်တစ်ယောက်က ဦးညွှတ်လိုက်သည်။

'တောင်နန်းစံမိဖုရားဟာ အဆောင်ထဲမှာ နတ်ရွာစံသွားတယ်'

ဟု အဖြေပေးလိုက်၏။

ကိုဟိုင်က စိတ်မချသေးပါချေ။

'မင်းက သေချာ ပြောနိုင်ရဲ့လား'

ရဲမက်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။

'ကျွန်တော်မျိုး မီးလောင်တာ မြင်ကတည်းက ချက်ချင်းရောက်လာတာပါ၊ အဲသည်ချိန်မှာ အဆောင်ထဲက အသံတွေကြားလိုက်ရပါတယ်၊ ဒါပေမယ့် မီးရှိန်ကောင်းနေပြီမို့ ဘယ်လိုမှမတက်နိုင်တော့ပါဘူး'



ကိုဟိုင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'အင်း....စိတ်မကောင်းစရာပဲကွာ'

ထိုအချိန်....

မီးလောင်စရာ လောင်စာများ ကုန်သွားပြီ ဖြစ်သောကြောင့် မီးငြိမ်းသွားလေတော့သည်၊

လှိုင်စာပေ
အမှတ် ၁၅/၁၃၀၊ … လမ်း
… ရန်ကုန်၊ ၂၀၄၅၅

*  *

မီးများ လုံးဝငြိမ်းသွားခဲ့လေပြီ။

ကိုဟိုင်က ကိုယ်တိုင်ကိုယ်ကျ ပြာပုံထဲသို့ ဝင်ရောက်ကာ ရှာဖွေစစ်ဆေးကြည့်ရှုနေ၏။

သူသည် မီးလောင်ကျွမ်း၍ ရုပ်ပျက် ဆင်းပျက်ဖြင့် သေဆုံးနေသော အလောင်းတစ်လောင်းကို တွေ့လိုက်ရသည်။

သူ၏ စိတ်ထဲ၌ ထင့်ခနဲ ဖြစ်သွားမိသည်၊

အပယ်ဆောင်ထဲတွင် နန်းတွင်းသူနှစ်ယောက်က တောင်နန်းစံမိဖုရားနှင့်အတူ ရှိနေသေးသည် မဟုတ်ပါလော။

ယခု....

ပြာပုံထဲ၌ မီးလောင်ကျွမ်းသော အလောင်းမှာ တစ်လောင်းတည်းသာ ဖြစ်၏။

ဤသို့ဆိုပါလျှင်....

မီးဘေးမှ လူနှစ်ယောက် လွတ်မြောက်သွားခြင်းကို ဖော်ပြနေလေသည်။

မီးလောင်ကျွမ်း၍ သေဆုံးနေသော အလောင်းမှာ မည်သူမည်ဝါ ဖြစ်ပါသနည်း။

ထွက်ပြေးလွတ်မြောက်သွားသော အမျိုးသမီးနှစ်ယောက်မှာ မည်သူမည်ဝါတို့ ဖြစ်နေမည်နည်း။

သူတို့သည် ထိုအမျိုးသမီးအား သေချာစွာ စစ်ဆေးကြည့်နေရလေသည်။

အလောင်း၏ ဘယ်ဘက်လက်တွင် ကျောက်စိမ်းလက်စွပ်တစ်ကွင်းကို စွပ်ထားလေသည်။

ထိုကျောက်စိမ်းလက်စွပ်မှာ တောင်နန်းစံမိဖုရား၏ ပစ္စည်းဖြစ်ကြောင်း ကိုဟိုင်က သိရှိထားလေသည်။



ယင်းဖြင့်....

အလောင်း၏ ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစား တချို့မှာ မီးငြိမ်းသတ်မှုကြောင့် မီးမလောင်ဘဲ ကျန်ရစ်ခဲ့လေတော့သည်။

ကိုဟိုင်က ထိုအဝတ်အစားများမှာ တောင်နန်းစံမိဖုရား၏ အဝတ်အစားများ ဖြစ်ကြောင်း ယုံကြည်လိုက်လေတော့သည်။

ထို့ကြောင့်—

သူက သေဆုံးသူမှာ တောင်နန်းစံမိဖုရားသာ ဖြစ်ရမည်ဟု မှတ်ချက်ချမိလေသည်။

သို့သော်....

သူက ထွက်ပြေးလွတ်မြောက်သွားသော နန်းတွင်းသူနှစ်ယောက်အား ဤအတိုင်း မထားဝံ့ပါ။

ထို့ကြောင့်လည်း....

သူသည် စာရေးတော်ချင်ကို မီးလောင်ကျွမ်းမှု သတင်းကို သံတော်ဦးတင်ပြီးနောက် ကြေးတန်းစား လူသတ်သမားများကို စေလွှတ်ကာ ထွက်ပြေးလွတ်မြောက်သွားသော နန်း

တွင်းသူနှစ်ယောက်ကို သုတ်သင်ရန် အမိန့်ပေးလိုက်လေတော့သည်။

* * *

နှင်းမြူများက ဘဖွဲဖွဲကျဆင်းလာပြန်သည်။

နှင်းမြူများအောက်တွင် လူနှစ်ယောက်က ပြေးလွှားနေကြလေသည်။

သူတို့နှစ်ယောက်စလုံးမှာ အမျိုးသမီးများ ဖြစ်ကြသေသည်။

သူမတို့၏ ဝတ်စားဆင်ယင်ပုံမှာ တောင်သူလယ်သမားသားသမီးများနှင့် တူလှပေသည်။

သူမတို့၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် နှင်းဖွဲများ ဖုန်များဖြင့်ပေကျံနေသော်လည်း အသက်တန်းကျလှသော အသွင်အမှုကိုမူ ဖုံးကွယ်၍ မရပါချေ။



အသက်ငယ်သော အမျိုးသမီးက သွက်လက်စွာ သွားလာနိုင်သည် ဖြစ်သော်လည်း အသက်ကြီးသော အမျိုးသမီးမှာမူ နွေးဖင့်လှ၏။

သူမသည် အသက်ငယ်သော အမျိုးသမီးက တွဲထားသည့်တိုင်အောင် မကြာခဏ ခြေချော်လဲနေလေသည်။

သူမတို့ကား တောင်နန်းစံမိဖုရားနှင့် နန်းတွင်းသူ လေချင်းတို့ပင် ဖြစ်ပေသည်။

သူမတို့သည် မှောင်မိုက်သော ညအချိန်ကို အခွင့်အရေးယူကာ နန်းတော်ထဲမှ ထွက်ပြေးခဲ့ကြခြင်း ဖြစ်ကြလေသတည်း။

သူမတို့ ထွက်ပြေးလာပြီး မကြာခင် နန်းတော်တစ်ခုလုံးမှ မီးရောင်များ ထိန်လာခြင်းကို တွေ့ရလေသည်။

တောင်နန်းစံက ရင်ထိတ်သွား၏။

'လေချင်းရေ.... ဟိုမှာ ကြည့်ပါဦး၊ ရက်ရက်စက်စက် မီးရှို့နေကြပါပေါ့လား'

လေချင်းက ခေါင်းတစ်ချက် ညိတ်လိုက်သည်၊

'ဟုတ်ပါတယ် သခင်မကြီး ကျွန်မတို့က အချိန်မီ ထွက်ပြေးနိုင်ခဲ့လို့ တော်သေးတာပေါ့'

တောင်နန်းစံက ရုတ်တရက် နန့်အိအား သတိရလာလေသည်။

'ဟင်....နန့်အိတစ်ယောက် အခုချိန်ထိ မလိုက်လာသေးပါလား'

လေချင်း၏ရင်ထဲ၌ နင့်ခနဲ ဖြစ်သွားလေသည်။

'သခင်မကြီး...ကျွန်တော်မျိုးမတို့က နန်းတော်က ထွက်ခွာလာတာ မကြာသေးပါဘူး၊ နန်းတော်နဲ့ ဝေးနိုင်သလောက်ဝေးအောင်သွားမှ စိတ်ချရမှာပါ'

တောင်နန်းစံမိဖုရားက ခြေလှမ်းရပ်တန့်ကာ လေချင်းအား စိုက်ကြည့်လိုက်သည်။

'နန့်အိ ဘာဖြစ်လို့ လိုက်မလာသေးတာလဲ ဆိုတာကို မှန်မှန် သံတော်ဦးတင်စမ်းပါ'

လေချင်းက ဆက်လက်၍ ဟန်မဆောင်နိုင်တော့ပါချေ။

သူမက ရှိုက်ကြီးတငင် ငိုကြွေးလိုက်၏။

တောင်နန်းစံမိဖုရားက အခြေအနေကို အနည်းငယ်ရိပ်စားမိလိုက်သည်။

'သူ....သူဘာဖြစ်လို့ လိုက်မလာသေးတာလဲ ဟင်'

လေချင်းက ငိုကြွေးရင်းမှ ခေါင်းခါရမ်းလိုက်သည်။



'သူ....သူဘယ်တော့မှ လိုက်လာနိုင်တော့မှာ မဟုတ်ပါဘူး သခင်မကြီးရယ်'

သူမက စိတ်ကို မထိန်းနိုင်တော့ပဲ လှိုက်လှဲစွာ ငိုကြွေးလိုက်ပြန်လေသည်။

တောင်နန်းစံမိဖုရားက အခြေအနေကို နားလည်လိုက်ချေပြီ....

'အင်း...သခင်မကြီး သိပါပြီကွယ်'

သူမကပြောပြီး နောက်သို့လှည့်၍ လျှောက်သွား၏။

လေချင်းက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

'သခင်မကြီး....သခင်မကြီး'

သူမက တောင်နန်းစံမိဖုရား၏လက်ကို ဆွဲထားလိုက်၏။

တောင်နန်းစံ မိဖုရားက....

'ငါ့ကိုမဆွဲပါနဲ့ — ငါထွက်ပြေးလို့ကော ဘာထူးသာမှာတဲ့လဲ၊ ငါ ဘုရင်နဲ့သွားတွေ့ပြီး ပြဿနာတွေကို ရှင်းပြမယ်'

လေချင်းက သူမ၏လက်ကို မလွှတ်တမ်း ဆွဲထားလိုက်၏။

'သခင်မကြီး....စဉ်းစားဆင်ခြင်တော်မူပါ၊ သခင်မကြီး ပြန်သွားရင် နတ်ရွာစံရုံကလွဲပြီး ဘာမှ အကျိုးရှိလာမှာ မဟုတ်ပါဘူး'

တောင်နန်းစံမိဖုရားက ငိုကြွေးလိုက်သည်။

'သေသွားတာပဲ ကောင်းပါတယ်၊ အခုကြည့်စမ်း ငါ့အတွက်နဲ့ နန်းအိတစ်ယောက်....'

သူမကပြောရင်း ရင်ထဲ၌ဆို့နင့်လာသဖြင့် ဆက်မပြောတော့ပဲ ငိုကြွေးလိုက်၏။

လေချင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'နန်းအိဟာ အညတြ နန်းတွင်းကျေးကျွန်တစ်ယောက်ပါ၊ သူ့ဟာ သူ့အသက်နဲ့ သခင်မကြီးရဲ့အသက်ကို တန်ဖိုးအားပြီး လဲလှယ်ခဲ့တာပါ၊ အခုနေ သခင်မကြီးက ပြန်သွားရင် ကိုဟိုင်ရဲ့ လက်ချက်နဲ့ သေသွားမှာပါ'

တောင်နန်းစံမိဖုရားက သူမ၏စကားကို ဖြတ်လိုက်သည်၊

'တိတ်စမ်း... သခင်မပဲဖြစ်ဖြစ် ကျေးကျွန်ပဲဖြစ်ဖြစ်အသွေးအသားနဲ့ တည်ဆောက်ထားကြတဲ့ ခန္ဓာကိုယ်ဟာ အတူတူပါပဲ၊ ဘယ်ဟာကမှပိုပြီး ထူးခြားမှုမရှိပါဘူး၊ ငါပြန်မယ် ငါ့အသက် သေချင်သေပါစေ'

လေချင်းက ကမန်းကတန်း တောင်းပန်လိုက်ရ၏။

'ဆင်ခြင်တော်မူပါသခင်မကြီး သခင်မကြီး သေဆုံးသွားရင် နန်းအိအတွက် ဘယ်သူက လက်စားချေပေးမှာတဲ့လဲ၊ သည်မတရားမှုတွေကို ဘယ်သူက ဖော်ထုတ်နိုင်မှာ တဲ့လဲ'



သူမ၏စကားသည် အလွန်ခံပြင်းနေသော တောင်နန်းစံမိဖုရား၏ အသိတရားတို့မှာ ဆင်ခြင်တုံတရား ရလာသည်။

သူမက စကားတစ်ခွန်းမှ မပြောတော့ပါချေ။

လေချင်းက သူမအား တောင်းပန်တိုးလျှိုးဟန်ဖြင့် ကြည့်လိုက်လေသည်။

'သည်နေရာဟာ စိတ်မချရဘူး ဒါကြောင့် ပြေးကြပါစို့ သခင်မကြီးရယ်'

တောင်နန်းစံ မိဖုရားသည် အသိကင်းမဲ့သော ကျောက်ဆစ်ရုပ်တစ်ရုပ်ကဲ့သို့ လေချင်းခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့လေတော့သည်။

* * *

## လူသတ်သမား

ဤနေရာသည် လမ်းဆုံလမ်းခွ တစ်ခုဖြစ်၏။

ထိုနေရာတွင် ယာယီဈေးဆိုင်များ စီတန်းနေကြလေ၏၊

သွားလာနေကြသော ခရီးသည်များတို့သည် ယင်းနေရာ၌ တစ်ထောက်နား၍ နံနက်စာစားပြီးမှ ခရီးဆက်လက် ထွက်ခွာလေ့ရှိသည်။

ထို့ကြောင့်ယင်းလမ်းဆုံလမ်းခွတွင် ရထားသုံးများ မြင်း လှည်းများ ကုန်တင်လှည်းများဖြင့် စည်ကားနေလေသည်။



လေချင်းနှင့် တောင်နန်းစံမိဖုရားတို့က ထိုနေရာသို့ရောက်ရှိလာလေသည်။

လေချင်းက တောင်နန်းစံအား ဤသို့ လျှောက်ထားသည်။

'သခင်မကြီး....ကျွန်တော်မျိုးမတို့ အဝတ် အစား တွေ ပြောင်းလဲသွားသလို အခေါ်အဝေါ်လဲ ပြောင်းလဲမှ စိတ်ချမ်းသာရလိမ့်မယ်'

တောင်နန်းစံမိဖုရားက ခေါင်းညိတ် လိုက်သည်။

'ဟုတ်တယ်....ငါ့ကို သခင်မကြီးလို့မခေါ်နဲ့၊ တခြားလူတွေကြားကုန်ရင် ဒုက္ခရောက်ကုန်မယ်'

လေချင်းက....

'ဟုတ်ပါတယ် သခင်မကြီး'

'တယ်ခက်တာကိုး လာပြန်ပြီ သခင်မကြီး'

လေချင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'နှုတ်ကျိုးနေလို့ ပါရှင်....'

သူမက အနည်းငယ် စဉ်းစားလိုက်သည်။

'သခင်မကြီးကို မမလို့ ပြောင်းခေါ်ပါရစေ'

တောင်နန်းစံမိဖုရားက ခေါင်းညိတ်လိုက်လေသည်။

'ကောင်းတယ် ငါကတော့မင်းကို လေချင်းလို့ပဲခေါ်မယ်'

လေချင်းက ခေါင်းညိတ် လိုက်သည်။

'ရပါတယ်သခင်....အဲ....မမ'

သူမက စကားဆက်လိုက်သည်။

'အခုဆိုရင် နေပြည်တော်နဲ့ အတော်လေး အလှမ်းဝေးလာပါပြီ....

'မမလဲမိုက်ဆာ ရောပေါ့'

တောင်နန်းစံမိဖုရားက ခေါင်းညိတ် လိုက်သည်။

'အင်း....သိပ်မဆာလှပါဘူးလေ၊ ဒါပေမယ့် တစ်ခုခုစားထားတာတော့ ကောင်းပါတယ်'

ထို့နောက် သူမတို့နှစ်ယောက်ကဲ ထမင်းဆိုင် တစ်ဆိုင်သို့ လှမ်းဝင်လိုက်သည်။

လေချင်းက ဟင်းလေးပွဲနှင့် ဟင်းချိုတစ်ပွဲကို မှာကြားလိုက်လေသည်။

ဆိုင်လုလင်က ပြန်လှည့်သွားခြင်းမရှိဘဲ ရပ်တန့်နေဆဲပင်ဖြစ်သည်။



လေချင်းက ဆိုင်လုလင်အား မော့ကြည့် လိုက်သည်။

'ကျွန်မတို့ပြောတာကို မကြားဘူးလား'

ဆိုင်လုလင်က ခေါင်းညိတ်လိုက်သည်။

'ကြားပါတယ်'

လေချင်းက ခတ်ဆတ်ဆတ်လေးပြောလိုက်သည်။

'ဒါဆိုရင် မြန်မြန်လုပ်ပါ ကျွန်မတို့မှာ ခရီးဆက်စရာရှိနေသေးတယ်'

ဆိုင်လုလင်က....

'မမလေး မှာတဲ့ဟင်းတွေဟာ မြို့ကြီးပြကြီးမှာပဲ ရနိုင်ပါတယ် ကျွန်တော်တို့လို ဆိုင်လေးတွေမှာ မရောင်းချနိုင်ပါဘူး....'

လေချင်း၏ မျက်နှာ ကွက်ခနဲ ပျက်သွားလေတော့သည်။

'ဒါဆိုရင်လဲ ထမင်းနဲ့ မင်းတို့ဆီမှာ ချက်တဲ့ဟင်းသုံးမျိုး လောက်ချပေးပါ'

ဆိုင်လုလင်လေးက ခေါင်းညိတ်ကာ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

* * *

တောင်နန်းစံမိဖုရားက လေချင်းအား ပြစ်တင် ပြောဆိုလိုက်သည်။

'လေချင်းရယ် လမ်းဘေးဆိုင်မှာ နန်းတော်ကဲ ဟင်းတွေ ရနိုင်ပါ့မလား'

လေချင်းက ခေါင်းငုံ့သွားလေသည်။

'ကျွန်မ နောက်ဆို သတိထားပါ့မယ်'

ထိုအချိန် သူမတို့နှစ်ယောက် ဆိုင်ထဲသို့ စတင်ဝင်ရောက်လာချိန်မှစ၍ ဆိုင်ထောင့်ဘက်ရှိ လူဘစ်ယောက် သူမတို့အား အကဲခတ်ကြည့်ရှုနေကြသည်။

သူတို့၏ ခန္ဓာကိုယ်ပေါ်တွင် ဝတ်ရုံမည်းများကို ခြုံလွှမ်းထားကြလေသည်။



သူတို့၏ မျက်လုံးအစုံက အေးစက်၍ ရက်စက်ကြမ်းကြုတ်လှပေသည်။

သူတို့နှစ်ယောက်က အရက်သောက်ရင်းမှ တောင်နန်းစံမိဖုရားနှင့် လေချင်းတို့အား အကဲခတ်ကြည့်နေရာမှ အချင်းချင်း ခေါင်းတစ်ချက်စီ ညိတ်ပြလိုက်၏။

လေချင်းနှင့် တောင်နန်းစံမိဖုရားတို့က စားသောက်ပြီး ကျသင့်ငွေကို ရှင်းကာ ဆိုင်ထဲမှ ထွက်ခွာခဲ့ကြလေတော့သည်။

ထိုလူနှစ်ယောက်ကလည်း ထမင်းဖိုး ငွေကို ရှင်းပေးကာ ဆိုင်ထဲမှ ထွက်ခွာခဲ့ကြလေတော့သည်။

* * *

လမ်းဆုံလမ်းခွကို ကျော်လွန်၍ လီပေါင်း ငါးလီခန့် လျှောက်လာကြသောအခါ လမ်းသွား လမ်းလာဟူ၍ မရှိသလောက် နည်းပါးလာခြင်းကို လေချင်းက သတိပြုမိလိုက်လေသည်။

သူမက ခြေလှမ်းရပ်တန့်ကာ ဝန်းကျင်အား အကဲခတ် ကြည့်လိုက်လေသည်။

တောင်နန်းစံမိဖုရားက....

'လေချင်း ဘာဖြစ်နေလို့လဲ'

လေချင်းက....

'ကျွန်မတို့ လမ်းမှားသွားပြီ ထင်တယ်'

တောင်နန်းစံ မိဖုရားက....

'ဘယ်လို လမ်းမှားသွားတာလဲ'

လေချင်းက....

'ကျွန်မနဲ့ နန်းအိတို့ ညတုန်းက တိုင်ပင်ထားတဲ့ အတိုင်း ဆိုရင် သခင်မကြီးကို ကျွန်းတို့ အထိ ခေါ်ဆောင်သွားမယ်၊ ဟိုရောက်ရင် ကျွန်းနန်းနယ်ကို သွားမယ်၊ ကျွန်းနန်းနယ်ကို ရောက်ရင် အခုလို မပင်ပန်းတော့ဘူး လှေရှိတယ်၊ ရထားလုံး ရှိတယ်၊ အဲဒီ ကျွန်းနန်းကိုသာ ရောက်ရင် နေပြည်တော်နဲ့ အတော်လေး အလှမ်းဝေးနေပြီမို့ ဟိုမှာ စိတ်ချနေထိုင်နိုင်ပြီ'

တောင်နန်းစံ မိဖုရားက ...

'ဒါဖြင့် အခု ဘာလုပ်ကြမလဲ'

လေချင်းက အနည်းငယ် စဉ်းစားလိုက်သည်။



'အခုဆိုရင်....

'အဲဒီလမ်းဆုံ လမ်းခွကိုရောက်အောင် ပြန်သွားရမယ်၊ ဟိုကိုရောက်ရင် ဘယ်ဘက်လမ်းကို ပြန်ချိုးရမယ်၊ ကျွန်မက ညာဘက်ကို ချိုးမိသလို့ အခုလို လမ်းမှားနေတာဖြစ်ရမယ်'

တောင်နန်းစံ မိဖုရားက ကောင်းကင်ပေါ်သို့ မော့ကြည့် လိုက်သည်။

'နေလုံးကြီးတောင်မှ တစ်ဖက်ကို ရွေ့လျားနေပြီပဲ၊ မိုးမချုပ်မီ လမ်းဆုံ လမ်းခွကို ပြန်သွားမှ ဖြစ်လိမ့်မယ်'

လေချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ထိုအချိန် ရုတ်တရက်ရယ်မောသံ တစ်ခု ထွက်လာခြင်း ကို ကြားလိုက်ရလေသည်။

'ဟား....ဟား....ဟား....

'မင်းတို့ ဘယ်ကိုမှ သွားစရာ မလိုတော့ပါဘူးကွာ'

ယင်းစကားနှင့်အတူ လူနှစ်ယောက်က ဓားကိုယ်စီဖြင့် ဘွားခနဲ ပေါ်လာလေသည်။

တောင်နန်းစံ မိဖုရားသည် ထိုလူနှစ်ယောက်အား တွေ့ မြင်လိုက်သည်နှင့် ထိတ်လန့်တုန်လှုပ် သွားသည်။

လေချင်းက တောင်နန်းစံ မိဖုရားအားတွဲကာ လမ်းဘေးတွင် ထိုင်စေလေသည်။

'ဒီနေရာမှာ အေးအေးဆေးဆေး ထိုင်နေပါ မကြောက်ပါနဲ့'

သူမက ယင်းသို့ပြောပြီး ထိုလူနှစ်ယောက်နှင့် ရင်ဆိုင်လိုက်သည်။

'ရှင်တို့က ဘယ်သူတွေလဲ'

ထိုလူ နှစ်ယောက်အနက် အရပ်ထောင်ထောင် မောင်းမောင်းရှိသော လူက ရယ်မောလိုက်သည်။

'ငါတို့ ဘယ်သူလဲဆိုတာ မသိချင်ပါနဲ့၊ ငါတို့ဟာ မင်းတို့ ဒီနေရာမှာ အေးအေးဆေးဆေး အနားယူဖို့ အကူအညီလာပေးတာပါ'

လေချင်းက မဲ့ပြုံးပြုံးလိုက်သည်။

'ပြောစမ်း....ရှင်တို့ကို ဘယ်သူက ခိုင်းလိုက်တာလဲ'

ခန္ဓာကိုယ် ထွားကျိုင်းသော လူက....

'ငါတို့ကို ငွေကဲ လွှတ်လိုက်တာကွယ် နားလည်ပြီလား'

လေချင်းက....



'ရှင်တို့ ငွေလိုချင်တယ်ဆိုရင် လွယ်ပါတယ်၊ ကျွန်မပေးမယ်၊ ကျွန်မတို့ကို မနှောင့်ယှက်ဘူးဆိုရင် ကျွန်မတို့က ငွေပေးရမှာကို မနှမြောပါဘူး'

ခန္ဓာကိုယ်ထွားကျိုင်းသော လူက ရယ်မောလိုက်သည်။

'မင်းပြောတာကို ငါတို့က ဘာဖြစ်လို့နာခံရမှာလဲ၊ မင်းတို့ကို သတ်လိုက်ရင် မင်းတို့ရဲ့ပစ္စည်းတွေကို ငါတို့ကရမှာပဲ၊ မင်းတို့ရဲ့ ဦးခေါင်းတွေကို ဖြတ်ယူသွားရင် နောက်ထပ်ရွှေတွေ အများကြီး ရဦးမှာပါ'

ကျန်တစ်ယောက်က စိတ်မရှည်ဟန်ဖြင့်....

'အင်္ဂကြီး ဘာဖြစ်လို့ စကားပြောနေဘာလဲ၊ သူတို့ရဲ့ ဦးခေါင်းတွေကို ဖြတ်ပြီး သွားရအောင်'

ခန္ဓာကိုယ်ထွားကျိုင်းသော လူက....

'ဟုတ်တယ် ညီလေး'

သူကပြောရင်း လေချင်း၏ ဦးခေါင်းအား မိုး၍ခုတ်ချလိုက်သည်။

သူ၏ ဓားမှာ လေးလံကြီးမား၍ အရှိန်ပြင်းလှပေသည်။

သို့သော် သူက ယင်းသို့ ခုတ်ချလိုက်သောအခါ သူ့ရှေ့တွင် ရပ်နေသော မိန်းကလေးက ရုတ်တရက် ပျောက်ကွယ်သွားခြင်းကို အံ့ဩဖွယ်ရာ တွေ့မြင်လိုက်ရသည်။

သူက မျက်လုံးပြူး၍ ဟိုဟိုသည်သည် ရှာဖွေကြည့်နေစဉ်မှာပင်....

သူ၏ အဖော်ထံမှ သတိပေးသံ ထွက်ပေါ်လာလေသည်။

'အစ်ကိုကြီး....နောက်မှာ....'

ခန္ဓာကိုယ် ထွားကျိုင်းသော လူက ကမန်းကတန်း ရှေ့သို့ ခုန်ထွက်လိုက်သည်။

သူ၏ ဦးခေါင်းတစ်ခုလုံး ရုတ်တရက် အေးစိမ့်သွားသည်ဟု ခံစားလိုက်ရလေသည်။

သူက ချာခနဲ လှည့်ကြည့်လိုက်ရာ....

လေချင်းက သူနှင့် မလှမ်းမကမ်းတွင် ရပ်လျက်ရှိပြီး သူမ၏ ရှေ့တွင် ဆံကေသာတစ်ထုံး ကျနေခြင်းကို တွေ့မြင်လိုက်ရ၏။

ခန္ဓာကိုယ်ထွားကျိုင်းသော လူက ဦးခေါင်းအား ကမန်းကတန်း စမ်းသပ်ကြည့်လိုက်ရာ မျက်လုံးများ ပြူးကျယ်သွားမိလေသည်။

အကြောင်းမှာ....

သူ၏ ဆံကေသာပေါ်တွင် ဆံထုံးမရှိတော့ပါ။

သူက အနည်းငယ်သာ နောက်ကျ၍ ရှောင်တိမ်းခဲ့မည်ဆိုပါလျှင် မိမိ၏ ခန္ဓာကိုယ်နှင့် ဦးခေါင်းမှာအိုးစား ကွဲသွားမည်သာဖြစ်သည်။



သူက ခေတ္တခဏငိုင် နေရာမှ....

'ယား....'

ရုတ်တရက် မာန်သွင်းအော်ဟစ်ကာ လေချင်းအားပြေးဝင်တိုက်ခိုက်လိုက်သည်။

ကျန်လူဆိုး တစ်ယောက်ကလည်း ညှပ်ပူးညှပ်ပိတ်ဖြင့် လေချင်းအား ဝင်ရောက်တိုက်ခိုက် လာလေသည်။

လေချင်းမှာ တစ်ပေခန့်ရှိသော ဓားနှစ်လက်ကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက် နေရလေတော့သည်။

* * *

လေချင်းသည် နန်းတွင်းသူ တစ်ယောက်ဖြစ်၏။

သူမသည် ဖခင်ဖြစ်သူထံမှ သိုင်းပညာကို ရရှိထားသူဖြစ်ပေသည်။

ဖခင်ဖြစ်သူကလည်း သိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်သည်။

ထို့ကြောင့် သူမအား အသက်ခုနစ်နှစ် အရွယ်မှစ၍ ဓားပညာသင်ကြား ပေးခဲ့လေသည်။

ဖခင်ဖြစ်သူက ကိုယ်ရံတော်မှူး တစ်ယောက် ဖြစ်လာသော အခါ သမီးဖြစ်သူမှာ တောင်နန်းစံ မိဖုရား၏ အပျိုတော် အဖြစ် နန်းတော်တွင် တာဝန်ထမ်းဆောင် ခဲ့ရ၏။

ထိုအခါ သူမအား ဓားငယ်နှစ်လက် သိုင်းပညာကို ဖခင် ဖြစ်သူက ထပ်မံသင်ကြား ပေးခဲ့လေသည်။

ဓားငယ်နှစ်လက် သိုင်းပညာမှာ မိန်းကလေးနှင့် ပို၍ သင့်တော်ပြီး အစွမ်းထက်သည်ဟု ဖခင်ဖြစ်သူက ယုံကြည် လေသည်။

လေချင်းကလည်း သိုင်းပညာ ဝါသနာထုံသည့် မိန်း ကလေးတစ်ယောက် ဖြစ်သည်။

နန်းတွင်းသို့ ရောက်ရှိလာသည့်တိုင်အောင် အားလပ်ချိန် တိုင်းတွင် ဓားငယ်နှစ်လက် သိုင်းပညာကို လေ့ကျင့်ခဲ့လေ သည်။

ထို့ကြောင့်လည်း ယခုကဲ့သို့ သေရေးရှင်ရေးနှင့် ကြုံတွေ့ လာသောအခါ သူမတတ်ထားသော ဓားနှစ်လက်သိုင်းပညာ မှာ အစွမ်းပြနိုင်ခဲ့ခြင်းဖြစ်၏။

သူမ၏ တိုက်ခိုက်သော လူနှစ်ယောက်မှာ တော်ရုံတန်ရုံ သိုင်းသမားများ မဟုတ်ကြပါချေ။



ကြေးတန်းစား လက်ရွေး ဓားသမားများဖြစ်ကြ၏။

သူတို့၏တိုက်ခိုက်မှုမှာ ကြည့်၍မလှပါ။

သို့သော် သူတို့တိုက်ခိုက်လိုက်သော သိုင်းကွက်မှာ ကြောက် ခမန်းလိလိ ဖြစ်လာလေသည်။

သို့ရာတွင် သူတို့သည် လေချင်းအား မိန်းမသားဟူ၍ အထင်သေးခဲ့မိခြင်းမှာ မဟာအမှားတစ်ခုကိုပြုခဲ့သလို ဖြစ်ခဲ့ ရလေသည်။

ရန်သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် အနည်းငယ်မျှ အမှား ခံ၍ မရပါချေ။

တစ်ချက်မှားလိုက်သည်နှင့် မည်သို့မျှ အဖတ်ဆယ်၍ ရနိုင် မည် မဟုတ်ပါ။

ယခုလည်း ထိုလူသတ်သမား နှစ်ယောက်သည် ရန်သူကို အလွန်အထင်သေးခဲ့သဖြင့် မရှုမလှ ခံလိုက်ရလေသည်။

လေချင်းသည် ရန်သူနှစ်ယောက်အား အလဲတိုက်ခိုက်နိုင် ခဲ့လေသည်။

သူမက မြေပေါ်တွင် အသက်ကင်းမဲ့နေပြီဖြစ်သော လူ နှစ်ယောက်၏အလောင်းကို တစ်ချက်ကြည့်လိုက်ပြီးနောက် တောင်နန်းစံမိဖုရားထံသို့ သွားရောက် တွေ့ဆုံလိုက်လေသည်။

တောင်နန်းစံမိဖုရားမှာ ကြောက်ရွံ့လွန်းသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး သိမ့်သိမ့်တုန်နေရ၏။

လေချင်းက နှစ်သိမ့်အားပေးလိုက်သည်။

'မကြောက်ပါနဲ့ သခင်မကြီး၊ သူတို့က ကျွန်မတို့ကိုဒုက္ခပေးနိုင်တော့မှာ မဟုတ်ပါဘူး'

တောင်နန်းစံမိဖုရားက နှင်းမြေပေါ်တွင် လဲကျသေဆုံးနေသော လူနှစ်ယောက်အား တစ်ချက် လှမ်းကြည့်ကာ...

'ညည်းက သူတို့ကို သတ်လိုက်ပြီလား....

လေချင်းက မိမိ၏ဓားငယ်နှစ်လက်ကို ဝှက်လိုက်သည်။

'ဟုတ်ပါတယ်....သူတို့ကို ကျွန်မက မသတ်ဘူးဆိုရင် သူတို့က ကျွန်မတို့ကို ဒုက္ခပေးကြလိမ့်မယ်'

ထို့နောက် သူမက တောင်နန်းစံဘုရင်မကြီးလက်ကို ဆွဲကာ ထိုနေရာမှ ပြေးထွက်ခဲ့လေတော့သည်။

* * *



အန္တရာယ်သည် အရိပ်ပမာ လိုက်ပါလာတတ်လေသည်။

လေချင်းက တောင်နန်းစံမိဖုရားနှင့်အတူ ကျွန်းတို့နယ်သို့ ဦးတည်ထွက်ခဲ့၏။

သူမက ကို့ဟိုင်မှာ အလွယ်တကူ လက်လျှော့နိုင်မည် မဟုတ်ကြောင်း နားလည်ထားသည်။

ထို့ကြောင့် အန္တရာယ်များ မိမိတို့ထံသို့ ထပ်မံရောက်ရှိလာဦးမည်ဟု ကြိုတင်ခန့်မှန်းထားလေသည်။

သူမက လမ်းခရီးတွင် သတိကြီးစွာ ထားရင်းမှ တောင်နန်းစံ မိဖုရားအား ဤသို့ အလေးအနက် မှာကြားခဲ့လေသည်။

'မမ....ကို့ဟိုင်တို့ လူစုဟာ လက်လျှော့ဦးမှာ မဟုတ်ဘူး၊ သူတို့လူ အသတ်ခံရတာနဲ့ တစ်ပြိုင်နက် လိုက်လာမှာသေချာတယ်၊ ဒါကြောင့် ကျွန်မပြောမယ့် စကားကို မမက သေသေချာချာ မှတ်သားထားဖို့ တောင်းပန်ပါတယ်'

လေချင်း၏ မျက်နှာက တစ်ကြိမ်တစ်ခါမျှ ယခုကဲ့သို့ လေးနက်တည်ကြည်ခြင်း မရှိခဲ့ပါ။

ထို့ကြောင့် တောင်နန်းစံ မိဖုရားက လေချင်းပြောမည့် စကားများမှာ အလွန်အရေးကြီးနေပြီဟု ယုံကြည်လေသည်။

သူမက တိတ်ဆိတ်စွာ နားစွင့်နေသည်။

လေချင်းက စကားဆက်လိုက်သည်။

'မမ....အခု ကျွန်မတို့ ကျန်းတို့နယ်ကို ရောက်အောင် သွားရလိမ့်မယ်၊ တကယ်လို့ လူသတ်သမားတွေ ထပ်ရောက်လာမယ်ဆိုရင် ကျွန်မက ဟန့်တား ထားပါ့မယ်၊ မမက ကျန်းတို့လှေဆိပ်ကို အရောက်ပြေးသွားပြီး လှေကိုစင်းလုံးငှားပါ'

သူမက စကားဆက်လိုက်သည်။

'ပြီးရင်....ကျန်းနန်းနယ်ကို ရောက်အောင်သွားပါ၊ ကျန်းနန်းနယ်ကို ရောက်တာနဲ့ မြို့ရိုးမြောက်ဘက်တံခါးကထွက်ပြီး အဲဒီလမ်းအတိုင်း တည့်တည့်သွားရင် အရင်ဆုံး ရှမ်းရှမ်းရွာကလေးကို ရောက်သွားမယ်၊ အဲဒီကိုရောက်ရင် လီကျားဆိုတဲ့အိမ်အမည်ကို မေးပါ၊ အဲဒီအိမ်မှာ ကျွန်မရဲ့ အဒေါ်တစ်ယောက်တည်း နေထိုင်ပါတယ်၊ ကျွန်မက လွှတ်လိုက်တယ်လို့ပြောရင် သူမက မမကို ဝမ်းသာအားရနဲ့ နေထိုင်ခွင့်ပေးပါလိမ့်မယ်'

သူမက တောင်နန်းစံ မိဖုရားကြီးအား စိုးရိမ်ဟန်ဖြင့် ကြည့်လိုက်သည်။

'မမ....ကျွန်မပြောတာ မှတ်မိရဲ့လားဟင်'

တောင်နန်းစံမိဖုရားက ခေါင်းညိတ်လိုက်သည်။



'မှတ်မိပါတယ်'

သူမက လေချင်းအား အကဲခတ်ကြည့်ကာ....

'ဒါနဲ့....ညည်းကော'

လေချင်းက ပြုံးပြလိုက်သည်။

'ကျွန်တော်မျိုးမလဲ လိုက်လာခဲ့ပါ့မယ်၊ အခုလဲ မမနဲ့ ခွဲခွာသေးတာမှ မဟုတ်ဘဲ အကယ်၍ လူချင်းကွဲသွားရင်သာ သခင်မကြီးက မသွားမလာတတ်မှာ စိုးလို့ ကြိုတင်ပြောထားတာပါရှင်'

တောင်နန်းစံ မိဖုရားက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီလေ....

'ဒါနဲ့ ငါတို့မှာ အန္တရာယ်ထပ်တွေ့ နိုင်သလား'

လေချင်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

'မပြောတတ်ပါဘူး မမရယ်၊ ကိုယ့်ဟိုင်ကို ကျွန်မလုံးဝ စိတ်မချရဲပါဘူး၊ သူက ကျူပင်ခုတ်ရင် ကျူငုတ်ပါမကျန်အောင် ရှင်းပစ်မယ့် လူစားမျိုးပါ'

တောင်နန်းစံ မိဖုရားက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း….ဒါနဲ့ ညည်းကို ငါတစ်ခုမေးရဦးမယ်၊ တကယ်လို့ ညည်းနဲ့မမတို့ လူစုကွဲသွားခဲ့ရင် မမက ညည်းပြောတဲ့နေရာကို ရောက်အောင်သွားမှာပါ ညည်းလဲ ရောက်အောင်လာစေချင်တယ်'

လေချင်း၏ ရင်ထဲ၌ နင့်ခနဲ ခံစားလိုက်ရသည်၊

သူမ၏ မျက်နှာ တစ်ခုလုံးမှာလည်း ညှိုးနွမ်းသွားလေသည်။

သူမက အခြေအနေကို ကြိုတင်ခန့်မှန်း ထားခဲ့ပြီးဖြစ်သည် မဟုတ်ပါလော။

ကိုဟိုင်ဆိုသော လူသည် လူသတ်သမားများအား တစ်သုတ်ပြီးတစ်သုတ် စေလွှတ်၍ လုပ်ကြံခိုင်းမည်မှာ မြေကြီးလက်ခတ် မလွဲပါချေ။

သူမက တောင်နန်းစံ မိဖုရားကြီး၏ အသက်ချမ်းသာရစေရန်မှာ မိမိ၏ ခွန်အားကို အစွမ်းကုန် အသုံးချမှသာဖြစ်လိမ့်မည်ဟု ယုံကြည်သည်။

တောင်နန်းစံ မိဖုရားမှာ အပြင်လောက အတွေ့အကြုံလုံးဝမရှိသော်လည်း လက်ရှိသူမ ရင်ဆိုင်နေရသော အခြေအနေကို ကောင်းစွာ ယုံကြည်လေသည်၊

သူမ၏ ရင်ထဲ၌ အလွန်လေးလံလာသည်။



သူမက လက်ရှိအခြေအနေမျိုးတွင် မိမိ၏အသက်ကို စိုးစိမျှငဲ့ကွက်မှု မပြုပါ၊

သူမ၏ ရင်သွေးငယ် သားတော်လေး ဘေးမသီ ရန်မခစေရန်သာ ကျိတ်၍ဆုတောင်း နေရလေသည်။

သူမသည် လေချင်း ခေါ်ဆောင်ရာသို့ ကြိုးစား၍လိုက်ပါခဲ့ရလေတော့သည်။

* * *

နှင်းများ တဖွဲဖွဲ ကျလာလေသည်၊

တောင်နန်းစံ မိဖုရားနှင့် လေချင်းတို့သည် မရပ်မနားဘဲခက်ခဲစွာဖြင့် ရှေ့သို့ ဆက်လက်လျှောက်လှမ်း သွားလေသည်။

လေချင်းက ရန်သူရောက်မလာမီ တောင်နန်းစံ မိဖုရားအား ကျန်းတို့နယ်သို့ ရောက်ပါစေဟု ရင်ထဲ၌ ကျိတ်၍ဆုတောင်းနေရသည်။

သို့သော် ခေါင်မိုးအပေါက်ဖြစ်လျှင် မိုးစွေတတ်သည်ဟူသော စကားပုံရှိခဲ့လေသည်။

သူမကို့သည် ခရီးအမြန် နှင်လိုသော်လည်း နှင်းဖွဲများ သိပ်သည်းစွာ ကျလာနေသဖြင့် ခရီးနှေးကွေးနှေး ကြန့်ကြာခဲ့ရလေသည်။

အကယ်၍ သူမတစ်ယောက်တည်း ဆိုပါလျှင် ကျန်းတုံနယ်သို့ ကောင်းစွာ ရောက်နိုင်မည်ဖြစ်သည်။

သို့သော် အလွန်နုနယ်သော တောင်နန်းစံ မိဖုရားအား တွဲခေါ်နေရသဖြင့် ခရီးတွင်ကျယ်လှခြင်း မရှိပါ။

ထိုအချိန်မှာပင်...

အချက်ပေးသံများမှာ ရှေ့ဆင့် နောက်ဆင့် ထွက်ပေါ်လာလေသည်၊

လေချင်း၏ မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူမက နောက်သို့လှည့်ကြည့်ရင်း တောင်နန်းစံ မိဖုရားအား အမြန်ဆုံးသွားရန် လျှောက်ထားလိုက်ရ၏။

'သခင်မကြီး...ရန်သူလာနေပြီထင်တယ် အမြန်ဆုံးသွားပါ၊ သခင်မကြီး ဒီရန်သူတွေကို ကျွန်မ တားထားပေးပါမယ်'

တောင်နန်းစံ မိဖုရား၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးဆင်းကျလာလေသည်။

သူမက အခြေအနေကို ကောင်းစွာ အကဲခတ်ကြည့်မိပြီးဖြစ်၍၊



သူမက တစ်စုံတစ်ခုပြောရန် ပါးစပ်ဟလိုက်သည်။

သို့သော် အသံကား ထွက်မလာပါချေ။

လေချင်းက....

'သခင်မကြီး....အချိန်မရှိတော့ဘူး မြေးနိုင်သမျှ မြေးအောင်ပြေးဖို့ တောင်းပန်ပါတယ်'

တောင်နန်းစံ မိဖုရားက အံကိုတင်းတင်း ကြိတ်လိုက်၏။

သူမက ချာခနဲလှည့်ကာ ရှေ့သို့ဦးတည်၍ ပြေးလွှားသွားရလေတော့သည်။

*

လှစာပေ
အမှတ် ၁၅/၁၃၈ ဗိုလ်...
တောင် ၄ မြို့
ဖုန်း ၂၁၄၄၄

## နှင်းတောထဲက တိုက်ပွဲ

မြင်ကွင်းတစ်ခုလုံးမှာ ငွေရောင်သမ်းနေ၏။

လေချင်း၏ စူးရှသော မျက်လုံးအစုံက အဝေးသို့ မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

သူမသည် မားမားမတ်မတ်ရပ်၍ မလှုပ်မယှက် ရပ်ကြည့်နေခြင်း ဖြစ်၏။

'ဦ....'

'ဦ....'

'ဦ....'



အပြန်အလှန် အချက်ပေးနေကြသော အသံများသည် ခန်းကျင်တစ်ခုလုံးသို့ ဟိန်းထွက်သွားလေသည်။

လေချင်းက ထိုအသံကို မကြားလိုက်ရသည့်အလား ရပ်မြဲရပ်လျက်....

သူမ၏ မျက်လုံးအစုံက ရှေ့သို့ စူးစိုက်၍ ကြည့်နေလေသည်။

တစ်ခဏအကြာတွင်....

သူမ၏ မြင်ကွင်းထဲသို့ အမည်းစက်လေးနှစ်ခုကဝင်ရောက်လာလေသည်။

အမည်းစက်လေးနှစ်ခုကဲ လျင်မြန်စွာ ရွေ့လျားသွားပြီး နောက်ထပ် အမည်းစက်ကလေးနှစ်ခုက ထပ်မံ ထွက်ပေါ်လာပြန်၏။

လေချင်းက ကြည့်ရင်း အမည်းစက်ကလေး ရှစ်ခု ဖြစ်လာလေသည်။

တစ်ခဏအတွင်းမှာပင်....

အမည်းစက်ကလေးများမှာ တဖြည်းဖြည်း ကြီးထွားလာလေသည်။

ထိုအခါ....

ယင်းအမည်းစက်ကလေးများမှာ လူများဖြစ်နေခြင်းကို တွေ့မြင်လိုက်ရ၏။

ထိုလူများ၏ ခန္ဓာကိုယ်ပေါ်တွင် အမည်းရောင် ကိုယ်ကျပ်အင်္ကျီများကို ဝတ်ဆင်ထားလေသည်။

သူတို့၏ အင်္ကျီရင်ဘတ်တွင် ကြယ်သီးများ ခပ်စိပ်စိပ်ဂေလေး တပ်ထားခြင်းကို တွေ့မြင်ရ၏။

သူတို့၏ ကျောကုန်းပေါ်တွင် အလွန်ရှည်လျားသော ဓားကိုယ်စီ ချိတ်ဆွဲထားကြလေသည်။

လေချင်း၏ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။

ထိုလူများသည် တရုတ်လူမျိုးများ မဟုတ်ကြဘဲ နီပွန်နင်ဂျာများ ဖြစ်ကြောင်း သိရှိလိုက်သည်။

ပထမတွင်....

ကို့ဟိုင်က ပြည်မကြီးအတွင်းရှိ ကြေးတန်းစားများအား ခိုင်းစေခြင်းမပြုဘဲ နီပွန်နင်ဂျာတို့အား အဘယ့်ကြောင့် လုပ်ကြံခိုင်းခြင်းကို စဉ်းစားမရခဲ့ပါ။

သို့သော်....

နန်းတွင်းသူများအား သတ်ရန်မှာ ပြည်မက ကြေးတန်းစားလူသတ်သမားကို ခိုင်းပါက သတင်းပေါက်ကြားသွားမည်ကို စိုးရိမ်၍ ဖြစ်ရမည်ဟု ခန့်မှန်းမိလေသည်။

သူမက စဉ်းစားနေစဉ်....

ရှေ့ဆုံးမှ ပြေးဝင်လာသော နင်ဂျာ သူမအား တိုက်ခိုက်ရန် ပြင်လိုက်၏။



လေချင်းက အနည်းငယ်မျှမမှုပါ။

သူမသည် ရန်သူကို အထင်သေးခြင်း မရှိပါ၊

လက်ထဲတွင် ဓားတိုနှစ်လက်ကို အသင့်ဆုပ်ကိုင်ထားလိုက်သည်။

'ယီ....'

နင်ဂျာက စူးရှသော လေသံဖြင့် အော်ဟစ်ရင်း ဓားကို ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

'ချမ်း....'

လေချင်းက တိုက်ခိုက်လာသော ဓားကို ခံပေးလိုက်ပြီး ပြန်လည်တိုက်ခိုက်လိုက်၏။

တစ်ဆက်တည်းမှာပင်....

သူမက သိုင်းကွက်သုံးကွက်တိတိကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်၊

သူမ၏ တိုက်ကွက်မှာ လျင်မြန်ပြီး ထိရောက်လှပေတော့သည်။

သူမက ရှောင်တိမ်းရင်း တိုက်ခိုက်လိုက်သဖြင့် နင်ဂျာ၏ ခန္ဓာကိုယ်ပေါ်မှ အင်္ကျီမှာ တစ်ထွာခန့် ပြဲသွားလေးတော့သည်

တိုက်ခိုက်လာသော နင်ဂျာက ထိတ်ခနဲ ဖြစ်သွားကာ နောက်သို့ ကမန်းကတန်း ဆုတ်လိုက်၏။

သူက လေချင်း၏ သိုင်းပညာအဆင့်ကို ကြည့်ကာ အံ့ဩနေမိလေသည်။

လေချင်းက အေးစက်စက် မျက်လုံးအစုံဖြင့် တဖြည်းဖြည်း ရောက်ရှိလာနေသော နင်ဂျာများအား စိုက်ကြည့်နေသည်။

ထိုအချိန်....

အင်္ကျီဆုတ်ဖြဲသွားသော နင်ဂျာက ဘဝင်မကျသဖြင့် လေချင်းထံသို့ ထပ်မံဝင်ရောက် တိုက်ခိုက်လိုက် ပြန်သေးတော့သည်။

'ချွမ်း....'

'ချွမ်း....'

'အွတ်....'

ဓားရောင်များ ဝင်းလက်သွားသည်။

နင်ဂျာက သူ၏ ဓားရှည်ကို လက်နှစ်ဖက်ဖြင့် မြှောက်၍ ခေါင်းပေါ်မှ မိုးခုတ်ရန် ဟန်ပြင်ထား၏။



သို့သော်....

သူကဲ ခုတ်ချနိုင်စွမ်း မရှိတော့ပါ။

လေချင်းက သူ့ရှေ့တွင် ဒူးတစ်ဖက်ထောက်လျက် ဓားငယ်တစ်လက်အား နင်ဂျာ၏ ဝမ်းဗိုက်ထဲသို့ ထိုးသွင်းထားမိပြီး ဖြစ်လေသည်။

လေချင်းက ဓားကို ဆွဲထုတ်ကာ နောက်သို့ လျင်မြန်စွာ ဆုတ်သွားလေသည်။

နင်ဂျာ မြောက်ကိုင်ထားသော ဓားက နှင်းမြေပေါ်သို့ လွတ်ကျသွားလေသည်။

သူ၏ ခန္ဓာကိုယ်ကဲ ရှေ့သို့ မှောက်လျက် လဲကျသွားလေတော့သည်။

* * *

အဖြစ်အပျက်သည် လျင်မြန်လွန်းလှသဖြင့် နင်ဂျာများမှာ ရုတ်တရက် ကြက်သေ သေကာ ရပ်တန့်နေကြလေတော့သည်။

ဝန်းကျင် တစ်ခုလုံးမှာ တိတ်ဆိတ် သွားလေတော့သည်။

သို့သော်....

ထိုတိတ်ဆိတ်ခြင်းမှာ တစ်ခဏကြာမျှသာ ဖြစ်ပေတော့သည်။

ရုတ်တရက် ဆူညံသော အသံများ တစ်ပြိုင်နက် ထွက်ပေါ်လာလေသည်။

'ယံား....'

'ယိစ်....'

'ယား....'

နင်ဂျာတို့၏ ဒေါသတကြီး အော်ဟစ် မာန်သွင်းသံများမှာ စူးရှကျယ်လောင်စွာ ထွက်ပေါ်လာလေသည်၊

'ချမ်း....'

'ချမ်း....'

'ချပ်....'

ခား,ခားချင်းဆီ၍ ထွက်ပေါ်လာသော အသံများမှာ အဆက်မပြတ် ထွက်ပေါ်လာသည်၊



'မှီ....'

'အား....'

အားမာန်အပြည့်ဖြင့် ဓား ယမ်းတိုက်ခိုက်သော ခားများ၏ လေတိုးသံများနှင့် အော်ဟစ်သံများမှာ ရောယှက်၍ ထွက်ပေါ်လာလေသည်။

နင်ဂျာခုနစ်ယောက်တို့သည် လေချင်းအား ဒေါသတကြီးဖြစ် ပြင်းပြင်းထန်ထန် ဝိုင်းရံတိုက်ခိုက်ကြသည်။

သူတို့သည် နုနယ်သေးသွယ်သော မိန်းကလေး တစ်ယောက်က မိမိတို့၏ အဖွဲ့သားတစ်ယောက်ကို သတ်ဖြတ်လိုက်ခြင်းအတွက် လုံးဝဘဝင်မကျ ကျပါချေ။

ထို့ကြောင့်....

လေချင်းအား အသေသတ်ရန် ကြိုးစားနေကြလေတော့သည်။

သို့သော်....

သူတို့၏ မဆင်မခြင် တိုက်ခိုက်မှုကြောင့် နင်ဂျာနှစ်ယောက်မှာ ဒဏ်ရာရရှိသွားခဲ့ကြလေပြီ။

ကျန်ရှိသော နင်ဂျာ ငါးယောက်က ပို၍ ဒေါသထွက်လာကြ၏။

ပို၍လည်း ခံပြင်းလာကြလေသည်။

ထို့ကြောင့်.... အားကုန် တိုက်ခိုက်လိုက်ကြ လေတော့သည်။

ဤတစ်ကြိမ် သူတို့က သူမအပေါ် အထင်မသေးစံ့တော့ပါ။

သတိကြီးစွာဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ထို့ကြောင့်....

ငါးယောက်နှင့် တစ်ယောက် တိုက်ခိုက်နေကြ လေတော့သည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးခဲ့လေပြီ။

ပဲတ်ဝန်းကျင်တစ်ခုလုံးတွင် အမှောင်ထုက စတင်တိုးဝင်လာနေကြပြီဖြစ်သည်။



တိုက်ပွဲက ပြင်းထန်နေဆဲ။

နင်ဂျာငါးယောက်၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာများ အသီးသီးရရှိထားလေပြီ။

ထို့အတူ လေချင်း၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာများ ရရှိထားလေပြီ။

သူမက အံ့ကိုတင်းတင်းကြိတ်ကာ တောင့်ခံထား၏။

သူမ၏ ဦးနှောက်ထဲတွင် တစ်ခုတည်းသောရည်ရွယ်ချက်က ကြီးစိုးလျက်....

ယင်းအချက်မှာ မိမိလဲကျမသွားမီ ထိုနင်ဂျာငါးယောက်အား တောင်နန်းစံ မိဖုရားဆီသို့လိုက်၍ ဒုက္ခမပေးနိုင်ရန် ဓာန့်တားထားရန်သာဖြစ်သည်။

နင်ဂျာငါးယောက်တို့မှာလည်း ဒဏ်ရာများစွာရရှိထားလျက်က လေချင်းက လဲကျမသွားခြင်းကိုကြည့်ကာ စိတ်ထဲ၌ တုန်လှုပ်လာမိလေသည်။

ထို့ကြောင့် သူတို့၏ပူးပေါင်းတိုက်ခိုက်မှုမှာလည်း အား
အင်ယုတ်လျော့လာလေသည်။

လေချင်းက ရရှိလာသောအခွင့်အရေးကို လက်လွှတ်မခံ
ပါချေ။

သူမက နင်ဂျာတို့၏ဟာကွက်ကို တွေ့ရှိလိုက်သည်နှင့်စတင်
အသုံးချလိုက်ရာ....

'အား'

နင်ဂျာတစ်ယောက်က စူးရှစွာအော်ဟစ်ရင်း လဲကျသွား
လေသည်။

ကျန်ရှိသော နင်ဂျာလေးယောက်တို့မှာ တိုက်ခိုက်ရန်ပင်
ဆန္ဒမရှိတော့ပါချေ။

သူတို့က နောက်သို့ဆုတ်ခွာပြေးရန် ခြေလှမ်းပြင်လိုက်
သည်။

လေချင်းက ထိုအခွင့်အရေးကို အသုံးပြုလိုက်၏။



သူမ၏ခန္ဓာကိုယ်က လေထဲသို့ မြောက်တက်သွားကာ
ဇောက်ထိုးမိုးမျှော်အနေအထားဖြင့် နင်ဂျာတစ်ယောက်ထံခုန်
အုပ်ချလိုက်လေသည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် —

'အား'

နင်ဂျာမှာ စူးရှစွာအော်ဟစ်ရင်း ရင်ဝကို လက်တစ်ဖက်
ဖြင့် ပိုက်ရင်း လဲကျသွား၏။

အနီးရှိနင်ဂျာက ဓားဖြင့်စိုက်၍ ခုတ်ချလိုက်သည်။

လေချင်းက ယင်းနင်ဂျာ၏ရင်ခွင်ထဲသို့ တိုးဝင်သွား
လေသည်။

ထိုနင်ဂျာ၏ဓားမှာ အလွန်ရှည်လျားသဖြင့် သူမအား
မခုတ်မိဘဲ လူချင်းသာအပူးခံလိုက်ရ၏။

လေချင်း၏ ဓားတိုလေးတစ်လက်ကမူ ထိုလူ၏ ချိုင်း
အောက်သို့ စိုက်ဝင်သွားလေသည်။

ကျန်ရှိသော နင်ဂျာနှစ်ယောက်က ချာခနဲ လှည့်ကာ
ထွက်ပြေးသွားလေသည်။

ခေါ်းငယ်နှင်လက်က သူမ၏လက်ထဲမှ ရှုတ်တရက်အရှိန်ပြင်းစွာဖြင့် ပစ်လွှင့်သွားကာ ထိုနင်ဂျာနှစ်ယောက်၏လက်ထဲသို့ စိုက်ဝင်သွားလေသည်။

နင်ဂျာနှစ်ယောက်မှာ မည်သို့မျှ ရှောင်တိမ်း၍ မရဘဲ မှောက်လျက်လဲကျကုန်၏။

လေချင်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

ယခုမှ သူမ၏ရင်ထဲတွင် ပြင်းထန်သောဝေဒနာကိုခံစားလာရလေသည်။

သူမက အမောဖြေနေစဉ် ပထမဆုံးဒဏ်ရာရရှိထားသော နင်ဂျာနှစ်ယောက်က ရှုတ်တရက် သူမအား တစ်ပြိုင်နက်ဝင်ရောက် တိုက်ခိုက်လေသည်။

သူမ မည်သို့မျှ မတတ်နိုင်တော့ပါ။

မြေပြင်ပေါ်သို့ လဲကျကာ သေဆုံးသွားရလေသည်။

ထိုနင်ဂျာနှစ်ယောက်က အားရပါးရ ရယ်မောလိုက်ကြလေသည်။

'ဟား ဟား ဟား'



သို့သော် သူတို့၏ရယ်မောသံများမှာ တဖြည်းဖြည်းတိုးတိမ်သွားကာ နှင်းမြေပေါ်သို့ တဖြည်းဖြည်း လဲကျသွားကုန်ကြသည်။

ဝန်းကျင်တစ်ခုလုံးမှာ အမှောင်ထုများသည် ပို၍ပို၍ လွှမ်းမိုးလာလေတော့သည်။

* * *

## ဗေဒါလမ်း

နှင်းဖွဲ့များသည် တဖွဲဖွဲကျလျက်...

မြင်ကွင်းတစ်ခုလုံးမှာ လူသူတစ်စုံတစ်ယောက်မျှ မရှိပါ။

သေးသွယ်သော လူတစ်ယောက်တည်းသာလျှင် နှင်းများ တဖွဲဖွဲရွာနေသည့်ကြားမှ ယိမ်းယိုင်သောခြေလှမ်းဖြင့် ရှေ့သို့ ခက်ခက်ခဲခဲ လျှောက်လှမ်းနေခြင်းကို တွေ့ရမည်ဖြစ်၏။

ထိုလူမှာ တောင်နန်းစံမိဖုရားပင် ဖြစ်သည်။



တောင်နန်းစံမိဖုရားက ရှေ့သို့ လျှောက်သွားနေသော်လည်း နောက်သို့ မကြာခဏ လှည့်ကြည့်နေရ၏။

အတန်ငယ်ဝေးဝေးသို့ရောက်ရှိလာသောအခါ သူမ၏မျက်နှာပေါ်တွင် မျှော်လင့်ချက်ကင်းမဲ့သော အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

သူမ၏မျက်လုံးအစုံတွင် မျက်ရည်များဝဲလျက်...

သူမသည် ဝန်းကျင်သို့ မျက်လုံး ဝေ့ကြည့်လိုက်သည်။

မျက်စိတစ်ဆုံးတွင် အိမ်ခြေ လုံးဝမတွေ့ရပါ။

သူမက စိုးရိမ်ကြောက်ရွံ့လာလေသည်။

မိုးမှောင်လာလျှင် သူမက မည်သည့်နေရာသို့သွားရောက် တည်းခိုရပါမည်နည်း။

သူမက ဆက်၍လျှောက်သွားရင်းအမှောင်ထုက ဖုံးလွှမ်းလာပြီဖြစ်သည်။

သူမက ပို၍ ထိတ်လန့်အံ့သြလာလေသည်။

ထိုအချိန် နှင်းများရပ်တန့်သွားသဖြင့် သူမအဖို့အနည်းငယ်သက်သာရာရခဲ့၏။

သူမကအားတင်း၍ ထပ်မံလျှောက်သွားရာ မကြာမီ မနီးမဝေးတွင် မီးရောင်များတွေ့ရှိလိုက်ရလေသည်။

သူမက အလွန်ဝမ်းသာသွားမိသည်။

မီးရောင်ရှိလျှင် လူနေအိမ်ရှိရမည် မဟုတ်ပါလော။

သူမသည် မီးရောင်ထွက်ပေါ်လာရာသို့ လျှောက်သွားလေသည်။

ထိုမီးရောင်သည် အိမ်တစ်လုံးပြတင်းပေါက်မှ ဖြာထွက်လာခြင်းဖြစ်သည်။

သူမက အိမ်ကလေးဆီသို့ လျှောက်သွားလေသည်။

'ဒေါက်…ဒေါက်…ဒေါက်'

သူမ၏ လက်ချောင်းလေးများက အိမ်တံခါးရွက်အား ညင်သာစွာ ခေါက်လိုက်လေသည်။

'ကျွိ…'

ဟူသောအသံနှင့်အတူ တံခါးပွင့်သွားပြီး အသက်ခြောက်ဆယ်ကျော်ခန့်လူတစ်ယောက် ပေါ်လာသည်။

သူကတောင်နန်းစံမိဖုရားအား အကဲခတ်ကြည့်လိုက်ပြီး—



'ဘယ်သူနဲ့ တွေ့ချင်လို့လဲ'

တောင်နန်းစံမိဖုရားက ညိုးနွမ်းသော မျက်နှာထားဖြင့်…

'ကျွန်မက ကျွန်းတို့နယ်ကိုသွားမယ့်ခရီးသည်ပါ၊ လမ်းခရီးမှာ မှောင်မည်းလာလို့ သည်မှာ တစ်ညတာတည်းခိုပါရစေရှင်'

ထိုအချိန် အခန်းထဲမှ အသက်လေးဆယ်ကျော်ရှိ အမျိုးသမီးကြီးတစ်ယောက်က ထွက်လာကာ တောင်နန်းစံမိဖုရားအား အကဲခတ်ကြည့်လိုက်သည်။

သူမကမိန်းမသားချင်း စာနာသနားသဖြင့် တောင်နန်းစံမိဖုရားအား တည်းခိုခွင့်ပြုလိုက်သည်။

ထို့ပြင် ထမင်းဟင်းချားလည်း ကျွေးမွေးလေသည်။

ထမင်းဟင်းများ စားသောက်ပြီးသောအခါ…

အိမ်ရှင်လူကြီးက တောင်နန်းစံ မိဖုရားအား အကဲခတ်ကြည့်ကာ…

'ဒါနဲ့…ခင်ဗျားက ကျွန်းတို့နယ်ကို ဘာကိစ္စနဲ့ သွားမှာလဲ'

တောင်နန်းစံ မိဖုရားက

'ကျွန်မက ကျွန်းနန်းနယ်ကို သွားမှာပါ၊ အဲဒီကိုသွားဖို့ ခရီးဟာ ကျွန်းတို့နယ်ကနေ လှေစီးမှ ခရီးတွင်မယ် မဟုတ်လား'

ထိုလူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်....ဒါဖြင့် ကျုပ်လဲ မနက်ဖြန်ကျရင် ကျန်းတုံ့နယ်ကို သွားမှာမို့ ကျုပ်လှည်းနဲ့ လိုက်ခဲ့ပေါ့'

တောင်နန်းစံ မိဖုရားက ဝမ်းသာသွားလေသည်။

'ကျေးဇူးတင်လိုက်တာရှင်'

ထိုည....

သူမသည် ယင်းအိမ်ကလေးထဲ၌ နွေးနွေးထွေးထွေးဖြင့် တစ်ညတာတည်းခို ခဲ့ရလေတော့သည်။

* * *

## ကျန်းတုံ့ဆိပ်ကမ်းမြို့

ကျန်းတုံ့ဆိပ်ကမ်းမြို့သည် ကျန်းနန်းနယ်သို့ သွားရာတွင်လည်းကောင်း၊ ကျန်းပေနယ်သို့ သွားရန်တွင်လည်းကောင်း မဖြစ်မနေ ဖြတ်ကျော်ရမည့် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်၏။

ထို့ကြောင့် မြို့ကလေးက သေးငယ်သော်လည်း အလွန်အလွန် စည်ကားလှပေသည်။

ဆိပ်ကမ်းတစ်ဝိုက်တွင်လည်း အထက်ဆန်ရမည့် လှေများနှင့် အောက်သို့စုန်ဆင်းရန် လှေများမှာစီတန်း၍ ဆိုက်ကပ်နေကြသည်။

အဘိုးအိုသည် တောင်နန်းစံမိဖုရားအား သပ်ရပ်ခိုင်ခံ့သော လှေကြီးတစ်စင်းပေါ်သို့ တင်ပေးလိုက်သည်။

'ငါ့တူမကြီး....ဒီလှေကြီးဟာ အဖိုးနှုန်းများတာကလွဲပြီး လူကန့်သတ်တင်တာမို့ စီးနင်းတဲ့အခါ သက်သာပါတယ်၊ ဒါကြောင့် ငါ့တူမကြီး သည်လှေနဲ့သာ လိုက်သွားပါ'

တောင်နန်းစံ မိဖုရားက ထိုလူအား ဆွေရင်းမျိုးခြာ တစ်ယောက်ကဲ့သို့ ရင်ထဲ၌ နွေးနွေးထွေးထွေး ခင်မင်ရင်းနှီး လာမိလေသည်။

'ဒါနဲ့ အဘရဲ့နာမည်လေး သိပါရစေရှင်'

ထိုလူက ပြုံးပြလိုက်သည်။

'ဒါနဲ့ အဘရဲ့ နာမည်က ဝမ်ဟုတ်ပါ။ ကျွန်တုံ့နယ်က ရှိသမျှဆိုင်တွေကို မေးကြည့်ပါ၊ ကျုပ်နာမည် မေးတာနဲ့ အားလုံးသိကြပါတယ်။ ငါ့တူမကြီး လမ်းကြုံကြိုက်ခဲ့ရင်လဲ အဘတို့အိမ်မှာ ဝင်ရောက်တည်းခိုနိုင်ပါတယ်'

ဟု လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုက်သည်။

တောင်နန်းစံ မိဖုရားက ကျေးဇူးတင်စကားကို အကြိမ်ကြိမ် ပြောလိုက်သည်။



ထိုအချိန်....

လှေကြီးမှာ စတင်ထွက်ခွာခဲ့လေပြီ။

ဝမ်ဟုတ်က လှေကြီးအဝေးသို့ ရောက်သည်အထိ ဆိပ်ကမ်းတွင် ရပ်ကာကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

တောင်နန်းစံ မိဖုရားက ဝမ်ဟုတ်အား ကြည့်ကာ လက်ဝှေ့ယမ်းပြပြီး ဤသို့ မှတ်ချက်ချလိုက်သည်၊

'ဩော်....ဆင်းရဲသား လူတန်းစားရဲ့ စိတ်ထားတွေဟာ အတော်လေး ဖြူစင်ကြပါလား၊ နန်းတော်ထဲက လောကစည်းစိမ်ကို ခံစားနေရတဲ့ လူတွေကျတော့ ဘာကြောင့် လောဘကို အသောမသတ်နိုင်ကြတာပါလိမ့်'

သူမက ယင်းသို့ စဉ်းစားရင်း လှေကြီးပေါ်တွင် လိုက်ပါလာလေသည်။

လှေကြီးသည် ရေစုန်အား စုန်ဆင်းနေသဖြင့် အချိန်အတန် လျင်မြန်စွာ ရွေ့လျားနေလေသည်။

လှေကြီးပေါ်မှ ကမ်းနဖူးတစ်ဖက် တစ်ချက်ကို တွေ့မြင်နေရသည်မှာ စိမ်းလန်းစိုပြည်၍ ကြည်နူးဖွယ်ရာ ကောင်းလှပေသည်။

သို့သော် တောင်နန်းစံမိဖုရားကြီးက ထိုရှုမျှော်ခင်းများကို မခံစားနိုင်ပါ။

သူမ၏ မျက်လုံးအစုံထဲတွင် မိမိအတွက် သစ္စာရှိစွာဖြင့် အနစ်နာခံသွားခဲ့သော နန်းအိန္ဒြိုင် လေချင်းတို့၏ မျက်နှာများကိုသာ မြင်ယောင်နေမိလေတော့သည်။

* * *

## ကျန်းနန်းနယ်

ဤအချိန် ဤရာသီသည် မြောက်ပိုင်းနယ်တွင် နှင်းများခဲကာ ခိုက်ခိုက်တုန်အောင် အေးချမ်းနေသည်။

မြင်မြင်သမျှ မြင်ကွင်းများမှာလည်း ငွေရောင်သမ်းနေသော နှင်းများမှအပ တခြားအရောင်အဆင်းကို မြင်တွေ့နိုင်မည် မဟုတ်ပါချေ။

သစ်ပင်များမှာလည်း နှင်းများဖုံးအုပ်ထားသဖြင့် နှင်းဖွဲ့ပင်များဟုပင် ထင်မှားရလေသည်။

တောင်နန်းစံမိဖုရားသည် ကျွန်းနန်းနယ်သို့ ရောက်ရှိလာ သောအခါတွင်မူ မြင်ကွင်းတစ်ခုလုံး ပြောင်းလဲသွားခြင်းကို တွေ့မြင်လိုက်ရသည်။

ပြာလဲ့လဲ့ ကောင်းကင် ကြည်လင်သော ချောင်းရေ စိမ်းလန်းစိုပြည်သော သစ်ပင်သီးပင် များတို့သည် ရှုမငြီး လောက်အောင် လှပနေကြလေသည်။

ကမ်းစပ်တစ်လျှောက်တွင် အလေ့ကျပွားပွင့်နေကြသော ရောင်စုံပန်းများသည် ဒေသကြီးတစ်ခုလုံးအား အလှဆင် ထားသည်။

တောင်နန်းစံမိဖုရားသည် ထိုရှုမျှော်ခင်းများအား ငေး မောကြည့်နေစဉ် လှေထိုးသားများ၏ အော်သံက ထွက် ပေါ်လာလေသည်။

'ကျွန်းနန်းနယ်ကို ရောက်ပါပြီခင်ဗျာ၊ ခရီးသည်တို့က ကိုယ့်ရဲ့ အထုပ်အပိုးတွေကို ယူပြီး လှေပေါ်က ဆင်းနိုင်ပါ ပြီ'

ယခုမှ တောင်နန်းစံမိဖုရားက ပြန်လည်သတိ ဝင်လာ လေသည်။

သူမက ခရီးသည်များနှင့် ရောနှောကာ မိမိ၏ အထုပ် လေးကိုဆွဲကာ ကမ်းပေါ်သို့ တက်ခဲ့သည်။



ကမ်းပေါ်သို့ ရောက်သောအခါ သူမက ဟိုဟိုသည်သည် ကို ကြောင်အမ်းအမ်းဖြင့် လှည့်ပတ်ကြည့်နေ လေသည်။

သူမက လေချင်းအား ရုတ်တရက် သတိရလာလေသည်။

'လေချင်းလဲ လိုက်မလာသေးပါလား'

သူမက ယင်းသို့ စဉ်းစားကာ ရင်ထဲ၌ စိုးထိတ်လာမိလေ သည်။

လေချင်းကား ရန်သူနှင့်တွေ့ဆုံ တိုက်ခိုက်ရာတွင် ဆိုးဝါး သော ကံကြမ္မာနှင့် ရင်ဆိုင်လိုက်ရပြီလော။

တောင်နန်းစံမိဖုရားက တွေဝေစဉ်းစားနေသည်။

လူရွယ်တစ်ယောက်က သူမရှေ့တွင် လာရောက် ရပ်တန့် လိုက်သည်။

'အစ်မလေး....မြင်းလှည်း ငှားချင်လို့လားဟင်'

တောင်နန်းစံမိဖုရားက အတွေးစကို ရပ်တန့်ကာ အလိုက် သင့် ခေါင်းညိတ်လိုက်ရသည်။

'အေးကွယ်... အစ်မလေးက ရှန်းရှန်းရွာကို သွားမလို့ ပါ'

'အဲဒီရွာကို မင်းသိရဲ့လား'

လူရွှယ်က ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ကဲ့ သိပါတယ်'

တောင်နန်းစံမိဖုရားက ဝမ်းသာသွားမိသည်။

'ဒါဆိုရင် အစ်မလေးကို အဲဒီ ရှန်းရှန်းရှာကို ပို့ပေးပါ့ကွယ်'

လူရွှယ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....ပို့ပေးပါမယ်....'

'ဒါနဲ့ အထုပ်အပိုးတွေ ပါသေးလား'

တောင်နန်းစံမိဖုရားက ခေါင်းခါယမ်းကာ လက်ထဲမှ အထုပ်လေးအား မြှောက်ပြလိုက်သည်။

'မပါ ပါဘူးကွယ်၊ အစ်မလေးမှာ ဒီလက်ဆွဲအိတ်ကလေးပဲ ပါ ပါတယ်'

လူရွှယ်က ပြုံးပြလိုက်သည်၊

'ဒါဆိုရင် မြင်းလှည်းကိုတော့ ဈေးပိုပေးပါ၊ ကျွန်တော် လမ်းမှာ ဘယ်ခရီးသည်မှ မတင်တော့ဘဲ အစ်မလေး တစ်ယောက်တည်းကို ရှန်းရှန်းရှာ ရောက်အောင် လိုက်ပို့ပေးပါမယ်'



တောင်နန်းစံ မိဖုရားက ခေါင်းညိတ်လိုက် လေတော့သည်။

'ပေးပါ့မယ်၊ ဒါနဲ့ မင်းရဲ့ မြင်းလှည်းက ဘယ်မှာလဲ'

လူရွှယ်က...

သစ်ပင်တစ်ပင်အောက်တွင် ရပ်တန့်ထားသော မြင်းလှည်း တစ်စီးကို တွေ့မြင်လိုက်ရ၏။

တောင်နန်းစံမိဖုရားက လူရွှယ်နှင့်အတူ မြင်းလှည်းပေါ် သို့ တက်ကာ ရှန်းရှန်းရှာကလေးဆီသို့ လိုက်ပါခဲ့လေတော့ သည်။

* * *

ရှန်းရှန်းရှာ....

ရှန်းရှန်းရှာကလေးရှိ အိမ်ကလေးများ၏ တည်ဆောက် ထားပုံမှာ ရှုံခဲတုံးများသာ ဖြစ်၏။

ယင်းကဲ့သို့သော အိမ်ကလေးများကို တည်ဆောက်ရာတွင် အကုန်အကျ လုံးဝမရှိပါ။

လုပ်အားနှင့် ရွံ့ခဲများကို အသုံးပြု၍ တည်ဆောက်ထားခြင်းမျှသာ ဖြစ်၏။

တောင်နန်းစံမိဖုရားက ရွာဝင်လမ်းကလေးအတိုင်းအထုပ်ကလေးကို ဆွဲကာ လျှောက်ခဲ့လေသည်။

ရွာထဲသို့ လှမ်းဝင်လိုက်သည်နှင့် ရွာထဲရှိ လူကြီး လူရွယ်များတို့သည် သူမအား လူတူးလူဆန်းသဖွယ် ဝိုင်းအုံ၍ ကြည့်ကြလေသည်။

သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော သာမန်အဝတ်အစားမှာ ကြေမွညစ်ပေနေသည့်တိုင်အောင် ရှန်းရှန်းရွာသူရွာသားများ ဝတ်ဆင်ထားသော အဝတ်အစားနှင့်နှိုင်းယှဉ်ပါလျှင် များစွာ တန်ဖိုးကြီးနေသေးသည် မဟုတ်ပါလော။

တောင်နန်းစံမိဖုရားသည် အသက်ငါးဆယ်ကျော်ခန့် ရှိသော အဘိုးအိုတစ်ယောက်ထံသို့ ချဉ်းကပ်သွား၏။

'အဘ လေချင်းရဲ့ အိမ်ဘယ်မှာလဲဆိုတာ ကျေးဇူးပြုပြီး ပြောပြပါရှင်'

အဘိုးအိုက မျက်မှောင်ကုတ်လိုက်သည်။

'လေချင်းဆိုတာ ဒီရွာမှာ မရှိပါဘူး'



တောင်နန်းစံမိဖုရားက ရင်ထိတ်သွားမိ၏။

'လေချင်း ဒီရွာမှာ မရှိဘူးဆိုတာ ကျွန်မ သိပါတယ်၊ လေချင်းရဲ့ အိမ်ကို မေးတာပါ'

အဘိုးအိုက အတန်ကြာအောင် စဉ်းစားပြီးမှ....

'အဲဒီ လေချင်းဆိုတာ ဘယ်အရွယ်ရှိသလဲ'

တောင်နန်းစံမိဖုရားက....

'တစ်ဆယ့်ငါးနှစ်လောက်ပဲရှိပါဦးမယ်၊ သူ့အဖေ မကွယ်လွန်ခင်က နန်းတော်ထဲမှာ တာဝန် ထမ်းဆောင်ခဲ့ဖူးပါတယ်'

အဘိုးအိုက ခေါင်းတညိတ်ညိတ်ဖြင့်—

'ဪ....'

'သိပြီ....'

'သိပြီ....'

သူက လမ်းနံဘေးရှိ ရွှံ့အိမ်ကလေး တစ်အိမ်ကို လက်ညှိုးညွှန်ပြကာ....

'ဟိုအိမ်ပဲကွယ့်'

တောင်နန်းစံမိဖုရားက ကျေးဇူးတင်စကား ပြောကာ ထိုအိမ်ကလေးဆီသို့ လျှောက်သွားလေသည်။

သူမ၏ နောက်မှ ကလေးများ ဝိုင်းအုံ၍ လိုက်ပါလာကြသည်။

တောင်နန်းစံမိဖုရားက အိမ်ထဲသို့ ခေါင်းငုံ့၍ ဝင်လိုက်စဉ်....

အမျိုးသမီး တစ်ယောက်က ကလေးငယ်ကို ပိုက်၍နို့တိုက်ကျွေးနေခြင်းကို တွေ့မြင်လိုက်ရ၏။

သူမ၏ အသက်မှာ သုံးဆယ်ခန့်သာ ရှိပေဦးတော့မည်။

အိမ်ထဲမှ အိုးခွက်ပန်းကန်များနှင့် အမျိုးသမီး၏ ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများအား အကဲခတ်ကြည့်လိုက်ရုံနှင့် အလွန်ဆင်းရဲ နွမ်းပါးလှကြောင်း သိရှိနိုင်ပေလေတော့သည်။

သူမက တောင်နန်းစံမိဖုရားအား အကဲခတ်၍ ကြည့်နေလေသည်။

တောင်နန်းစံမိဖုရားကဲ ပြုံးပြလိုက်၏။

'ဒီအိမ်ဟာ လေချင်းရဲ့ အိမ်လားရှင်'

အမျိုးသမီးက မျက်မှောင်ကုတ်လိုက်သည်။

'ဘယ်က လေချင်းလဲ'

ထိုအချိန် လမ်းတွင် တွေ့ဆုံခဲ့သော အဘိုးအိုက အိမ်ထဲသို့ ဝင်လာကာ အကျိုးအကြောင်း ပြောပြလေသည်။

ယခုမှ အမျိုးသမီးက အားတုံ့အားနာဖြင့်....

'ဪ....ဟုတ်ကဲ့၊ ကျွန်မနဲ့ လေချင်းတို့ အဆက်အသွယ်ပြတ်သွားတာ နှစ်ပေါင်း အတော်ကြာနေပြီဆိုတော့ ရုတ်တရက် မမှတ်မိတာ စိတ်မရှိပါနဲ့ရှင်'



ဟု တောင်းပန်လိုက်ပြီး နေရာထိုင်ခင်းများ ပေးလေသည်။

တောင်နန်းစံမိဖုရားက လေချင်းက ဤနေရာသို့ လွှတ်လိုက်ကြောင်း ပြောပြလိုက်ရာ....

အမျိုးသမီးက ဝမ်းသာအားရ လက်ခံလေသည်။

တောင်နန်းစံမိဖုရားက ထိုအိမ်တွင် နေထိုင်ကာ လေချင်းရောက်လာမည့်ရက်ကို စောင့်မျှော်၍ နေရှာလေတော့သည်။

* * *

တစ်လ....

တောင်နန်းစံမိဖုရားက ရှုန်းရှုန်း ရွာကလေးဆီသို့ရောက်လာခဲ့သည်မှာ အချိန်တစ်လခန့် ရှိခဲ့လေပြီ။

သို့သော် လေချင်းကဲ ရောက်မလာသေးပါ။

သူမက 'လေချင်း' အတွက် စိုးရိမ်လာမိလေသည်။

အကယ်၍ လေချင်းကရောက်မလာခဲ့ပါလျှင် သူမကမည်သို့ ဆက်လုပ်ရပါမည်နည်း။

ဤ အိမ်ကလေးတွင် နေထိုင်သော အမျိုးသမီးမှာ လေချင်းမိခင်၏ ဆွေမျိုးတစ်ယောက် ဖြစ်ပေသည်။

လေချင်းတို့သားအဖ နေပြည်တော်သို့ ပြောင်းရွှေ့သွားပြီးနောက် ပန်းဝါတို့အား ဤအိမ်ကို အပ်နှံ ထားခဲ့ခြင်း ဖြစ်၏။

ပန်းဝါမှာ အိ်ထောင်သက် အတန်ကြာခဲ့သော်လည်း သားသမီးမထွန်းကားဘဲ ယခုနှစ်မှ ဤကလေး ထွန်းကားခဲ့ခြင်းဖြစ်သည်။

သို့သော် ကံဆိုးသည်မှာ သားငယ် နှစ်လသားအရွယ်တွင် ခင်ပွန်းဖြစ်သူက ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။

ထို့ကြောင့် ပန်းဝါနှင့် သုံးလသားအရွယ် သားငယ်တို့သာ ဤအိမ်ကလေးထဲတွင် ကျန်ရစ်ခဲ့ရလေသည်။

သူမကဲ မမျှော်လင့်ဘဲ တောင်နန်းစံမိဖုရားက မိမိတို့ထံ ရောက်ရှိလာသဖြင့် အဖော်တစ်ယောက်ရပြီဟု စဉ်းစားမိကာ ဝမ်းသာနေခဲ့မိ၏။

တောင်နန်းစံမိဖုရားက ကုန်ကျစရိတ်များကို ထုတ်ပေးခဲ့လေသည်။

လမှ နှစ်သို့ ကူးပြောင်းလာသောအခါ တောင်နန်းစံမိဖုရားက လေချင်းတစ်ယောက် ပြန်လာနိုင်တော့မည်မဟုတ်ကြောင်း နားလည်ရလေပြီ။

ဤသို့ဖြင့် နောက်ထပ်သုံးနှစ် အချိန် ကြာသောအခါ ပန်းဝါမှာ ရုတ်တရက် ကွယ်လွန်သွားခဲ့လေသည်။



တောင်နန်းစံမိဖုရားက ပန်းဝါ၏သားငယ်အား မိမိသားအရင်းသဖွယ် ပိုက်ထွေးပြုစုခဲ့သည်။

သူမသည် မိမိ၏ သားတော်လေး ပြန်လည် ရရှိသည့်အလား စိတ်သက်သာရာရရှိခဲ့လေသည်။

ကလေးငယ် ငါးနှစ်သား အရွယ်သို့ ရောက်သောအခါ တောင်နန်းစံမိဖုရားတွင်ပါရှိလာသည့် ငွေစများမှာတဖြည်းဖြည်းလျော့ပါးကာ ကုန်ဆုံးလုနီးပါး ဖြစ်လာ၏။

ထို့ကြောင့် သူမက ကျန်ရှိသောငွေစကလေးဖြင့် မြေကွက်တစ်ကွက်ဝယ်ကာ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးလေသည်။

ရွာသူရွာသားများကလည်း သူမအား အကူအညီပေးခဲ့လေသည်။

ကလေးငယ် ခုနစ်နှစ်သားအရွယ်သို့ ရောက်ရှိလာသောအခါ တောင်နန်းစံမိဖုရားတွင် ရွှေဆံထိုးတစ်ချောင်းမှလွဲ၍ တခြားမည်သည့်ပစ္စည်းမျှမရှိတော့ပါ။

ရွှေဆံထိုးသည် အလွန်တရာတန်ဖိုးကြီးလှသော်လည်း သူမက မရောင်းခဲ့ပါ၊

အကြောင်းမှာ ထိုရွှေဆံထိုးအား တွေ့မြင်လိုက်သည်နှင့် ရာထူးရာခံရှိသူများတို့မှာ နန်းတွင်းအဆောင်အယောင်တစ်ခုဖြစ်ကြောင်း နားလည်ကြမည်မဟုတ်ပါလော။

ထို့ကြောင့် တောင်နန်းစံမိဖုရားက ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကာ ကိုယ်တိုင်ကိုယ်ကျပင် မြို့ထဲသို့သွားရောက် ရောင်းခဲ့၏။

ပူပြင်းလှသော ရာသီဥတုဒဏ်နှင့် ပင်ပန်းလှသောစိုက်ပျိုးရေးအလုပ်များကို လုပ်ကိုင်ရသောကြောင့် ကလေးတစ်ဆယ့်နှစ်သားတွင် မျက်လုံးများ စတင်ရီဝေမှုန်ဝါးလာခဲ့လေသည်။

ချမ်းလျှံသည် အလွန်လိမ္မာသောကလေး ဖြစ်၏။

မိခင်ဖြစ်သူက မစွမ်းဆောင်နိုင်သောအခါ သူကိုယ်တိုင်မိခင်ကိုယ်စား လုပ်ကိုင်ရှာဖွေလေသည်။

ရွာသူရွာသားများကလည်း ဝိုင်းဝန်းကူညီပံ့ပိုးကြသဖြင့်ဆင်းရဲနွမ်းပါးသည့်တိုင်အောင် ထမင်းနပ်မှန် ခဲ့လေတော့သည်။

ခေတ္တနားပါဦးမည်။

သုန်းကြွယ်

# သုန်းကြွယ်

## အိမ်ရှေ့စံနှင့် ကြောင်ပေါက်လေး

ပြည်သူ့တရားရှင် ပေါင်ချင်းထန်း

( ဒုတိယပိုင်း -- ဇာတ်သိမ်း)